မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၃၅၉)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာအား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော် အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်ဟွာ အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၉၇၅ တွဲကို ယူရိုငွေ ၆၀ ဒသမ ၉၆၈ သန်းဖြင့်ရောင်းချ

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာ ကျောက်စိမ်းဝင်း အတွင်း၌ ဆက်လက်ကျင်းပသည်။ **(ဓါတ်ပုံ)**

ယနေ့ပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက စိတ်ကြိုက်ကြည့်ရှုလေ့လာ၍ ဈေးနှုန်းတင်သွင်းလွှာများ ရေးသားတင်သွင်းထားသည့် အတွဲအမှတ် ၃၉၁၂ မှ ၅၂၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်စိမ်းအတွဲ ၉၇၅ တွဲကို ယူရိုငွေ ၆၀ ဒသမ ၉၆၈ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဆက်လက်ရောင်းချသွားမည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာ

စာမျက်နှာ ၃ ကော်လံ ၆ ❏

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်တွင်းသတင်း | *စာ » ၈*

ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဟော်မုဇ်ရေလက်ကြား ငြိမ်းချမ်းရေး အဆိုပြုချက် အီရန် တင်သွင်းမည်

နိုင်ငံတကာသတင်း | *စာ » ၁၄*

ပညာရေးစနစ်ပြောင်းဖို့ အရေးတွင်

ပြည်သူ့အစိုးရအပြောင်းအလဲဖြစ်သည်နှင့် ပညာရေးအသုံးစရိတ်ဘတ်ဂျက်ကို သိသိသာသာ တိုးမြှင့်လိုက်သည်ကို သတိထားမိပါသည်။ ဒီမိုကရေစီ အုတ်မြစ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပညာရေး၏ အခန်းကဏ္ဍအရေးကြီးမှုကို နားလည်သည့် သဘောဟု မြင်ပါသည်။

ပညာရေးစနစ်ပြောင်းလဲရေး၊ တိုးတက်မြှင့်တင်ရေးဆိုသည်က ရုတ်ခြည်းဆိုသလို ခုပြင် ခုပြောင်း၊ ခုမြင် ခုကောင်း လုပ်လို့မရနိုင်ဆိုသည်ကို နားလည်ကြသော်ငြား ပြည်သူတို့မှာ အပြောင်းအလဲ၏ တိုးတက်မှုကို မြင်ချင်ကြပြီ။

ပညာသင်ကြားရေး၏ အခြေခံစနစ်များပြောင်းလဲဖို့ရာ သင်ရိုးညွှန်းတမ်းများ သင်ရိုးများမှအစ စာသင်ချိန် အချိန်အဆ၊ သင်ကြားသည့်နည်းစနစ်၊ ကျောင်းသားကို ချဉ်းကပ်လေ့လာပုံ အစရှိသည့် အထွေထွေသော ပြောင်းလဲမှုများက လိုသည်ပဲဖြစ်သည်။ ကျောင်းသင်ခန်းစာ သင်ရိုးညွှန်းတမ်းများ ပြောင်းလဲရုံမျှမက။

ထိုနည်းတူစွာ ပညာရေးစနစ်ကို မြှင့်တင်နိုင်မည့် အထောက်အကူပြုမည့် ဝန်းကျင်အာဝါသနှင့် အခြေခံအဆောက်အအုံများကိုပါ တစ်တွဲတည်း ထူထောင်ရပါမည်။

သည်လို အခြေခံအဆောက်အအုံများထဲတွင် ဆရာ၊ ဆရာမများက အရေးအကြီးဆုံး ရှေ့တန်းတပ်ဦးက တပ်မှူးများဟု ဆိုရပါမည်။ အထူးသဖြင့် အခြေခံပညာတန်းက ဆရာ၊ ဆရာမများကို အထူးဂရုစိုက်ကာ အားပေးရပါမည်။ ဆရာ၊ ဆရာမကောင်းများ များစွာပေါ်ထွန်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်မည်ဟု ယူဆပါသည်။

ပညာရေးတွင် အထူးချွန်ဆုံးသူများကို ဆရာကောင်းများအဖြစ် ပျိုးထောင်ကြဖို့ စဉ်းစားသင့်သည်။ နိုင်ငံတကာ အတွေ့အကြုံများရအောင် စီစဉ်ပေးသင့်သည်။ အခြေခံကောင်းကာ ထူးချွန်ထက်မြက်သည့် ဆရာ ဆရာမများကသာ အနာဂတ်လူတော်များကို မွေးထုတ်ပေးနိုင်ပါမည်။ စိတ်စေတနာမှန်ကန်ကာ အမှန်တရားကို မြတ်နိုးသည့်၊ မဟုတ်မမှန်တာကို မလိုလားသည့် ဆရာ ဆရာမများကသာ အနာဂတ်ကို မှန်မှန်ကန်ကန်တည်ဆောက်မည့် လူချွန် လူမွန်များကို မွေးထုတ်နိုင်ပါမည်။

ယဉ်ကျေးဖွယ်ရာကာ လူမျိုးဘာသာမခွဲခြား၊ ကျားမ မခွဲခြား၊ ဆင်းရဲချမ်းသာ မခွဲခြား၊ တန်းတူညီမျှမှုကို အလေးထားသည့် ဆရာ ဆရာမများကသာ မုန်းတီးမှုများကင်းဝေးသည့်၊ မေတ္တာတရားတို့ ထုံမွှမ်းသည့် ငြိမ်းချမ်းသောလောကကို ဖန်တီးမည့် ယဉ်ကျေးသူများကို မွေးထုတ်နိုင်ပါမည်။

ကလေးသူငယ်များ၊ လူငယ်လူရွယ်များဆိုသည်က ပင်ကိုက ဖြူစင်ရိုးသားမှုရှိပြီးသား။ အမှန်တရားကို မြတ်နိုးကြသူများ။ ကိုယ်ကျိုးမဖက် အများအတွက် ဆောင်ရွက်လိုသူများ။

ထို့ပြင်တဝ လတ်ဆတ်သူများ၊ လန်းဆန်းသူများဖြစ်သည့်အတွက် ရုပ်ပိုင်းစိတ်ပိုင်း ထက်မြက်သွက်လက်နေကြသူများလည်း ဖြစ်၏။ သင်ကြားလေ့လာဖို့ အဆင်သင့်ဖြစ်နေကြသူများ။ ခြုံငုံဆိုရလျှင် ကလေးသူငယ်တို့၊ လူငယ်လူရွယ်တို့ဆိုသည်က တော်ဖို့ အဆင်သင့်၊ ကောင်းဖို့ အဆင်သင့်၊ လေ့လာဖို့ အဆင်သင့်၊ လွတ်လွတ်လပ်လပ် တွေးတောကြံဆဖို့ အဆင်သင့်၊ စူးစမ်းဖို့ အသစ်ရှာဖွေ ဖန်တီးဖို့ အဆင်သင့်။

ပျိုးထောင်ပေးရန်၊ ရေလောင်းပေးရန်၊ နမူနာကောင်းများ ပြသကြရန်သာ လို၏။ အနာဂတ်ကို အမှန်တကယ်ကောင်းစေလိုသည်ဆိုလျှင် ကောင်းသည့်မြေမှာ ယနေ့ ရင်းနှီးမြှုပ်နှံကြဖို့လိုမည်။

ဘယ်လို အနာဂတ်ခေါင်းဆောင်များကို လိုချင်လဲ။ သည်သို့ဆိုလျှင် ဒီနေ့ဘယ်လို ပြုစုပျိုးထောင်နေသလဲဟု စူးစမ်းကြရမည်။ ။

တရားမအထူးအယူခံမှု (၅)မှုကို စီရင်ချက်ချ ၊ တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၅)မှုကို ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ ၁၅ ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာခုပရိယတ္တိစာသင်တိုက်ကျောင်းဝင်း ရွှေညဝါပညာဗိမာန်၌ ကျင်းပရာ ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဝိမလက ဘွဲ့ရသံဃာတော်တစ်ပါးအား ဘွဲ့လက်မှတ်ဆက်ကပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ လုပ်ငန်းဆိုင်ရာအစည်းအဝေးကျင်းပ

သီပေါ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမင်းလွင်က မဲဆန္ဒရှင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ သီပေါမြို့နယ်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူနိုင်မှု လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သီပေါမြို့နယ်တွင်ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် အသက်(၁၈)နှစ်အထက် ၁၄၀၀၀၀ ကျပ်၊ (၁၈)နှစ်အောက် ၅၂၀၀၀ ကျပ်ရှိပြီး စုစုပေါင်းတစ်သိန်း ကိုးသောင်းကျော်ရှိရာ မဲရုံပေါင်း ၁၀၇ ရုံဖွင့်လှစ်နိုင်ရန် သတ်မှတ်လျာထားကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များကလည်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စွာကောက်ယူနိုင်ရေး အပြန်အလှန်ဆွေးနွေးကြသည်။

စိုင်း(သီပေါ)

ယူနီကုဒ်စနစ် ဘယ်တော့ပြောင်းမှာလဲ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍ နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း (ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံအမျိုးသား စံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ၏စံအဖြစ် သတ်မှတ်ထားရှိသည့်၊ ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ်ကို တစ်နိုင်ငံလုံး စတင်ပြောင်းလဲ သုံးစွဲသွားမည် ဖြစ်ပါသဖြင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင် ပြောင်းလဲသုံးစွဲနိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ယူနီကုဒ်စနစ် စတင်ပြောင်းလဲ သုံးစွဲကြပါစို့

- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် e-Government စနစ်၊ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- e-Government စနစ်၊ စနစ်တကျ တိုးတက်လာရေးအတွက် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုအကြား ကောင်းမွန်သော ဆက်သွယ်ရေး၊ ရေးသားပြောဆိုသောစနစ် တူညီရေး လိုအပ်ပါသည်။
- တူညီသော စနစ်ဖြစ်စေရန် နိုင်ငံတကာစံနှုန်း၊ မြန်မာစာ ရေးထုံးများနှင့် ကိုက်ညီသော ယူနီကုဒ်စနစ်သုံး မြန်မာစာစနစ် သို့ စတင်ပြောင်းလဲသုံးစွဲကြပါစို့။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင် စသည့်ပွဲတော်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ဂန့်ဂေါမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၂၃

ဂန့်ဂေါမြို့နယ် ရွာသာကျေးရွာ၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာဘုန်းကြီးကျောင်းနှင့် လူနေအိမ် ၁၆ လုံးအမိုးလန်ပျက်စီးခဲ့ရာ အဆိုပါလေဘေးသင့်ပြည်သူများအတွက် ယနေ့ နံနက်က ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်ဘုန်းကြီးကျောင်းတစ်ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဖိုးငွေကျပ် ၅၀၀၀၀၊ အမိုးလန်အိမ်ခြေ ၁၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၆၀၀၀၀ ၊ လူဦးရေ ၅၅ ဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာဖိုးငွေကျပ် ၁၁၅၅၀၀ တို့ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စက်တင်ဘာ ၂၃ ရက်က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂၃

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ချောက်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မြင်းခြံမြို့နှင့် လပွတ္တာမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနေသည်။

မိုး/ဇလ

ရွေးကောက်ပွဲများတွင် အသုံးပြုနိုင်မည့် Electrical Identification System သရုပ်ပြခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ဂျပန်နိုင်ငံ Mitsubishi Research Institute (MRI) မှ ရွေးကောက်ပွဲများတွင် အသုံးပြုနိုင်မည့် Electrical Identification System သရုပ်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ MRI ၏ General Manager of Digital Innovation Division , Mr. Tomoki Takahashi နှင့် အဖွဲ့၊ ကော်မရှင်မှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် Mr. Tomoki Takahashi နှင့်အဖွဲ့က Electrical Identification System နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။ ထို့နောက် မဲဆန္ဒရှင်များမဲရုံသို့ ဆန္ဒမဲပေးရန် ရောက်ရှိလာသည့်အချိန်တွင် Electrical Identification System ကို အသုံးပြု၍ မဲစာရင်းနှင့် မဲဆန္ဒရှင်အချက်အလက်များ တိုက်ဆိုင်စိစစ်ခြင်း၊ မဲပေးခွင့်ပြုခြင်းစသည့်လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြသပြီး ကော်မရှင်မှတာဝန်ရှိသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြား၍ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် တာဝန်ရှိသူများ ဂျပန်နိုင်ငံ **Mitsubishi Research Institute (MRI)**မှ ရွေးကောက်ပွဲများတွင် အသုံးပြုနိုင်မည့် **Electrical Identification System** သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ဆော်ဒီအာရေဗျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး Mr.Sahal Moustafa Ahmed Ergesous နှင့်ဇနီးတို့က ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး Mr. Sahal Moustafa Ahmed Ergesous နှင့် ဇနီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ သတင်းစဉ်

❑ *ရွှေဖုံးမှ*

(Bidding Form) များကို တင်ဒါပုံးများ အတွင်း ထည့်သွင်းကြသည်။

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဖြစ်သည့် စက်တင်ဘာ ၂၄ ရက်တွင် ၅၂၁၂ မှ ၆၅၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ နှင့် ဒသမနေ့ဖြစ်သည့် စက်တင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၅၁၂ မှ ၇၈၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

သတင်း-မျိုးသူဟိန်း၊ ဓာတ်ပုံ-အေးသန်း

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

(၂၄)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ ဒေသအဆင့်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

(၂၄) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နယ်စပ် နယ်ဘက်အာဏာပိုင်များ၏ ဒေသအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Aureum Palace Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ လုံခြုံရေးဆိုင်ရာ ကိစ္စ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကိစ္စ၊ နယ်နိမိတ်စီမံခန့်ခွဲရေးကိစ္စ၊ နှစ်နိုင်ငံ၏ အကျဉ်းသားများဆိုင်ရာကိစ္စ၊ သဘာဝတောရိုင်း တိရစ္ဆာန်များ မှောင်ခိုကူးသန်းရောင်းဝယ်မှုနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာဆိုင်ရာကိစ္စနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဒေသအဆင့် အစည်းအဝေး မှတ်တမ်းအား နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စက်တင်ဘာ ၂၄ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသည် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လက်မှတ်ရေးထိုးခဲ့သော မြန်မာ-အိန္ဒိယနယ်စပ်နယ်ဘက် အာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ ဒေသအဆင့် အစည်းအဝေးများကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် တစ်လှည့်စီကျင်းပခဲ့ရာ ယခု (၂၄)ကြိမ်မြောက် ဒေသအဆင့်အစည်းအဝေးကို နေပြည်တော်၌ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး၊ အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပူးတွဲအတွင်းဝန် Mr. Shri Satyendra Garg နှင့် တာဝန်ရှိသူများက ဆွေးနွေးကြသည်။

သတင်းစဉ်

(၂၄)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ ဒေသအဆင့်အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၃၈ / ၂၀၁၉) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၈/ ၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၈ / ၂၀၁၉) ကျင်းပစဉ်။
သတင်းစဉ်

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၃

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီက ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ဦးစီးမှူးရုံး၏ "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား"ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Mount Pleasant Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင် ဦးအောင်မြင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရင်းနှီးမြှုပ်နှံမှု၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ အခွန်ဆိုင်ရာဥပဒေ၊ အလုပ်သမားရေးရာဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်အချက်များအပေါ် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

စီပင်စိုက်ပျိုးရေးသုတေသနခြံ၌ ဈေးကွက်ဝင် အရည်အသွေးကောင်း မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၃

စိုက်ပျိုးရေးသုတေသနဦးစီးဌာန လက်အောက်ခံဖြစ်သော ရမည်းသင်းမြို့နယ်ရှိ စီပင်စိုက်ပျိုးရေးသုတေသနခြံ၌ တောင်သူများ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ကျွမ်းကျင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်၍ ဈေးကွက်ဝင် အရည်အသွေးကောင်း မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ကာ လူမှုစီးပွားတိုးတက်စေရန် ရည်ရွယ်ပြုလုပ်သည့် စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်သည့် လက်တွေ့သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီပင်စိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံနှင့် သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးပညာပေးဝန်ထမ်းများ၊ Tropical Biotechnology Ltd. မှ အိန္ဒိယပညာရှင်နှင့် တာဝန်ရှိသူများ၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်များမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပုဂ္ဂလိကနှင့် အစိုးရ အကျိုးတူပူးပေါင်း၍ သုတေသနဆောင်ရွက်မှုအဖြစ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့် Tropical Biotechnology Ltd. (TBL) တို့ပူးပေါင်းကာ ယခုကဲ့သို့ တောင်သူပညာပေး စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း လက်တွေ့သင်တန်းပေးခြင်းဖြစ်ကြောင်း၊ DAR နှင့် TBL တို့ ပူးပေါင်း၍ စီမံကိန်းကာလ ငါးနှစ်အတွင်း သီးနှံ မျိုးကောင်း၊ မျိုးသန့် မျိုးသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ရရှိလာသည့် မျိုးကောင်း၊ မျိုးသန့် မျိုးသစ်များအား တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင် မျိုးစေ့ထုတ်လုပ်ခြင်းများနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းများ ပါဝင်မည်ဖြစ်ကြောင်း၊ DAR အနေဖြင့် တောင်သူများနှင့်ပူးပေါင်းကာ ဒေသ၊ ရေ၊ မြေ၊ ရာသီနှင့် နည်းပညာကိုအခြေခံသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် သုတေသနလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ရန် တိုက်တွန်းပါကြောင်းနှင့် တောင်သူများအနေဖြင့် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့ထုတ်ရောင်းချနိုင်ခြင်းဖြင့် မြေတစ်ကေအတွက် ပြန်လည်ရရှိမည့် အကျိုးအမြတ်ပိုများ၍ လူမှုစီးပွားပိုမိုတိုးတက်လာမည်ဖြစ်ခြင်းကြောင့် ယခု စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း လက်တွေ့သင်တန်းမှ နည်းပညာများအားလေ့လာရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါ စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း လက်တွေ့သင်တန်းတွင် အိန္ဒိယစပ်မျိုးနေကြာ မိဘလိုင်းများ စိုက်ပျိုးခြင်း (အမလိုင်းနှင့် အဖိုလိုင်း သီးခြားစိုက်ပျိုးခြင်း) အား TBL မှ အိန္ဒိယပညာရှင်က လက်တွေ့သင်ကြားပြသမည်ဖြစ်ပြီး အပင်ပြုစုခြင်း၊ လူဖြင့်ဝတ်မှုန်ကူးခြင်း၊ F1 သားဆက် အထွက်နှုန်း အများဆုံးရရှိရန်အတွက် ဆောင်ရွက်ရမည့် နည်းပညာများအပါအဝင် ရိတ်သိမ်းခြင်း၊ မျိုးစေ့ဆေးစီရင်ခြင်းများအား စပ်မျိုးနေကြာသီးနှံသက်တမ်းတစ်လျှောက် လုပ်ဆောင်ရမည့်အဆင့်အလိုက် စနစ်တကျ လက်တွေ့ပြသသင်ကြားမည်ဖြစ်ပြီး သင်တန်းပထမနေ့၌ လက်တွေ့အဖြစ် အိန္ဒိယစပ်မျိုးနေကြာ အမလိုင်းများအား သင်တန်းတက်ရောက်လာသည့် ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်တို့မှ တောင်သူများကိုယ်တိုင် ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

သိမ့်သိမ့်မိုး

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးထိုးနှံခြင်းအစီအစဉ်များအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အသိပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၃

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးထိုးနှံခြင်းအစီအစဉ်များအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အသိပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

လာမည့်အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ နိုင်ငံအတွင်းရှိ မြို့နယ် ၉၆ မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်တွင် ကျန်ရှိသော ၂၃၄ မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစည်သူအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် အစုလိုက်အပိုဆောင်းလုပ်ငန်းများတွင် အသင်းဝင်များ ပါဝင်ကူညီကြရန်ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးနှင့် ဒေါက်တာအေးမြချမ်းသာ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဒေါ်ဖြူစင်ဝေတို့က အစုလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ တက်ရောက်လာသော မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိဆွေးနွေးလိုသည်များကို မေးမြန်းပြောကြားခဲ့ရာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တာဝန်ရှိသူများက ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း နေပြည်တော်၌ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Operation Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal **ဟိုတယ်၌ ကျင်းပသည်။**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Operation Course) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar နှင့် စစ်သံမှူး Col. Ketan Arun Mohite၊ အိန္ဒိယတပ်မတော် Centre for United Nations Peace-keeping (CUNPK) မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသား အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ Centre for United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ (CUNPK) မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းမှာ (၇) ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အရာရှိ ၉၆ ဦး၊ စစ်သည် ၈၄ ဦးတက်ရောက်ခဲ့ပြီး ယခုသင်တန်း၌ အရာရှိ ၃၀ တက်ရောက်ကြမည်ဖြစ်သည်။ သင်တန်း၌ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး အောက်တိုဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ကျောက်မဲ၌ ဆေးပဒေသာပင်စိုက်ထူရန် ငွေလှူဒါန်း

သီပေါ စက်တင်ဘာ ၂၃

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အဖြစ် ဆေးပဒေသာပင်စိုက်ထူနိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ဌာနပေါင်းစုံ အငြိမ်းစားဝန်ထမ်းများအသင်းသို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်က ဒေါ်လှလှမြင့်(စာရင်းရုံး လက်/ညွှန်-ငြိမ်း)က အလှူငွေကျပ် တစ်သောင်း၊ ဒေါ်အေးအေးမြင့် (အထက်တန်းပြဆရာမ-ငြိမ်း) က ငွေကျပ် တစ်သောင်း၊ ဒေါ်သိန်းသိန်းနွဲ့ (မြို့နယ် သ/မ ဦးစီးမှူး-ငြိမ်း)က ငွေကျပ် တစ်သောင်းတို့ကို ကျောက်မဲမြို့နယ် ဌာနပေါင်းစုံအငြိမ်းစား ဝန်ထမ်းများအသင်း အတွင်းရေးမှူး ဦးကျော်ဌေးထံ လာရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ သက်ကြီးရွယ်အိုများ ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းရာတွင် ကုသိုလ်ပါဝင်လိုပါက ဦးကျော်ဌေး (အတွင်းရေးမှူး) ဌာနပေါင်းစုံ အငြိမ်းစားဝန်ထမ်းများအသင်း၊ ကျောက်မဲမြို့ဖုန်း ၀၉-၇၉၃၄၄၁၃၆၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်းသာလှိုင်**

မန္တလေးဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဘိုကလေးမြို့နယ်အတွင်း ကွင်းဆင်းလေ့လာ

ဘိုကလေး စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်သို့ စက်တင်ဘာ ၂၃ ရက်မှစတင်၍ မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် MBBS အပိုင်း(က)သင်တန်း ကျောင်းသား ကျောင်းသူများ ကာကွယ်ရေးနှင့် လူမှုရေးဘာသာရပ် သင်ရိုးညွှန်းတမ်းအရ ကွင်းဆင်းလေ့လာမှုများ စတင်ခဲ့သည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် ဘာသာရပ်သင်ရိုးညွှန်းတမ်း လိုအပ်ချက်အရ ကျေးလက်ကွင်းဆင်းခြင်းအား စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ဘိုကလေးမြို့နယ်အတွင်း ပြည်သူ့ဆေးရုံလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ဈေးစစ်ဆေးမှု၊ စားသုံးမှုစစ်ဆေးခြင်း လုပ်ငန်းများနှင့် ကမကလူတိုက်နယ်ဆေးရုံလုပ်ငန်း၊ စက်ဆန်းကျေးလက်ကျန်းမာရေးဌာနလုပ်ငန်း၊ ပေချောင်းကြီးကျေးလက်ကျန်းမာရေးဌာနခွဲလုပ်ငန်းများအား ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။ **မိုးစက်(ဘိုကလေး)**

ရန်ကုန်မြို့နေ ပြည်သူများအတွက် စီးပွားရေးဆိုင်ရာ ရေဖိုရမ်ကျင်းပ

ရန်ကုန် စက်တာဘာ ၂၃

မေခဆောင်ဖောင်ဒေးရှင်းမှကြီးမှူး၍ Water Economic Forum အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂နာရီက လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် မေခဆောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က ဖိုရမ်ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စီးပွားရေးပညာရှင် ဒေါက်တာသိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သွဲ့နိုင်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်တို့က ရေ၏တန်ဖိုးနှင့် ရန်ကုန်မြို့နေပြည်သူများအတွက် ရေပေးဝေနေသည့် စနစ်များနှင့် အနာဂတ်ရေရရှိရေးအတွက် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းပြောကြားသည်။

ဖိုရမ်တွင် ရှင်းလင်းဆွေးနွေးချက်အရ ကမ္ဘာမြေတွင် ရေထု ၇၀ ရာခိုင်နှုန်းနှင့် မြေထု ၃၀ ရာခိုင်နှုန်းတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ရေထု၏အများစုမှာ ရေငန်များဖြစ်ပြီး ရေချိုရေသန့်မှာ ၃ ရာခိုင်နှုန်းသာရှိသည်။ ဝင်ရိုးစွန်းဒေသနှင့် မြေအောက်ရှိ ရေသန့်များကို ၁ ရာခိုင်နှုန်းသာ ထုတ်ယူသုံးစွဲနိုင်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ ၁၀ ဘီလီယံသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားရာ တစ်ဘီလီယံမှာ သောက်သုံးရေအတွက် အခက်အခဲတွေ့နိုင်သည်ဟု သိရှိရသည်။ နိုင်ငံတကာတွင်ရရှိသည့် ရေခွန်ရေခမှာ ထုတ်လုပ်မှုစရိတ်နှင့် မကာမိကြောင်း၊ ရေချိုရေသန့်ရရှိရေးအတွက် အများပြည်သူ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း သိရှိရသည်။

၁၈၄၂ ခုနှစ်တွင် ရန်ကုန်လူဦးရေ၏ သောင်းဂဏန်းကို ရေစတင်ပေးဝေခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် ကန်တော်ကြီး၊ ၁၈၈၄ ခုနှစ်တွင် အင်းလျားကန်တို့ကို တူးဖော်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် လှော်ကားရေလှောင်ကန်၊ ၁၉၄၀ ပြည့်နှစ်တွင် ဂျိုးဖြူကန်၊ ၁၉၈၉ ခုနှစ်တွင် ဖူးကြီးရေပေးဝေရေးလုပ်ငန်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၅ နှင့် ၂၀၁၄ ခုနှစ်တို့တွင် ငမိုးရိပ်ရေလှောင်ကန်မှ ရေပေးဝေနိုင်ခဲ့သည်။ ရန်ကုန်မြို့နေပြည်သူများအတွက် တစ်နေ့လျှင် ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိရာ ၉၀ ရာခိုင်နှုန်းမှာ ရေလှောင်ကန်များမှဖြစ်ပြီး ၁၀ ရာခိုင်နှုန်းမှာ အဝီစိတွင်းများမှ ဖြစ်ကာ တစ်နေ့လျှင် ၁၃ နာရီ ရေပေးဝေလျက်ရှိသည်။

ရေဖိုးရေခပေးဆောင်ရာတွင် မန္တလေးမြို့တွင် တစ်ယူနစ် ငွေကျပ် ၂၀၀၊ နေပြည်တော်တွင် ငွေကျပ် ၁၁၀ ရှိပြီး ရန်ကုန်မြို့တွင် တစ်ယူနစ် ၈၈ ကျပ်သာရှိသည်။ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ ရေဖိုးရေခပေးဆောင်ရမှုမှာ အနည်းဆုံးဖြစ်ကြောင်း သိရှိရသည်။

ရေဆုံးရှုံးမှုမရှိစေရေးအတွက် ရေယိုစိမ့်မှုမရှိစေရေး၊ မော်တော်ယာဉ်ရေဆေးခြင်း၊ ရေပန်းအောက်၌ ရေချိုးခြင်းတို့သည် ရေဆုံးရှုံးမှုဖြစ်သည်။ ဒူဘိုင်းနိုင်ငံတွင် အဟောသိကံရေ သုံးစွဲခြင်းတို့အတွက် ဒဏ်ငွေပေးဆောင်စေရာ ၂၀၁၂ ခုနှစ်တွင် ၄၉၁ မှုရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၃၇၈ မှုအထိ ကျဆင်းသွားသည်။

ရန်ကုန်မြို့နေပြည်သူများ ရေသုံးစွဲမှု ဖူလုံစွာရရှိစေရေးအတွက် ကုက္ကိုဝနှင့် တိုးမြစ်တို့တွင် ရေထုတ်ယူရရှိနိုင်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ ဖိုရမ်တွင် Eco Echo Journal မှ အယ်ဒီတာချုပ် ဦးဇော်သန်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဦးဆောင်ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **အောင်သူရ**

ပေါင်းတည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်သူလက်ဝယ်အရောက်ပေးအပ်

ပေါင်းတည် စက်တင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မှတ်တိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ စက်တင်ဘာ ၁၈ ရက်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးခိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်၍ သတ်မှတ်ချက်နှင့်ပြည့်စုံသူ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့်သူ မှတ်တိုင်ကျေးရွာအုပ်စုမှ ၄၉ ဦးနှင့် ကျောက်တံခါးကျေးရွာအုပ်စုမှ ၂၅၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လိုက်တော်မူသင့်ပါရဲ့

သိုက်စိုးထွန်း(နတ်ရွာ)

ခေတ်ကြီးက ရှေ့ကိုပြေးနေတယ်။ အရှိန်အဟုန်ကောင်းကောင်းနဲ့ကိုပြေးနေတယ်။ အခြေအနေ အချိန်အခါနဲ့လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ထားဖို့က ကိုယ့်တာဝန်ဖြစ်လာပြီ။ ပြေးနေတဲ့ခေတ်အခါကို မီအောင်လိုက်ဖို့က ကိုယ့်တာဝန်ဖြစ်လာပြီ။ ခေတ်ဆိုတာကလည်း တစ်ခြားတော့မဟုတ်ဘူး။ လူတွေပဲ။ ခေတ်ကိုလူတွေကဖန်တီးနေတာ။ ဟိုတုန်းကခေတ်တွေဆိုတာကိုလည်း လူတွေကပဲ ဖန်တီးခဲ့ကြသလို ဒီနေ့ခေတ်ကိုလည်း လူတွေကပဲ ဖန်တီးနေကြတာပါ။

လိုက်လျောညီထွေ၊ ဟန်ချက်ညီညီရှင်သန်နိုင်ဖို့

ကိုယ်ကျင်လည်ရာခေတ်မှာ လိုက်လျောညီထွေဖြစ်အောင်နေနိုင်ဖို့၊ ဟန်ချက်ညီညီ ရှင်သန်နိုင်ဖို့ဆိုရင် မျက်မှောက်ခေတ်နဲ့ အံ့ဝင်ခွင်ကျဖြစ်တဲ့ အသိဉာဏ်၊ ကျွမ်းကျင်မှု၊ ဗဟုသုတ၊ အတွေ့အကြုံတွေ၊ အတွေးအခေါ်တွေ လိုအပ်နေမှာပါ။ ကိုယ်နေထိုင်တာ ကျောက်ခေတ်မှာဆိုရင် ကျောက်တုံးကျောက်ခဲကနေ အသွားဖြစ်လာအောင်၊ အချွန်ဖြစ်လာအောင်၊ အလုံးဖြစ်လာအောင်၊ အရှည်ဖြစ်လာအောင် ဘယ်လိုပြုပြင်ဖန်တီးယူရမလဲဆိုတဲ့ အတတ်ပညာကို လေ့လာသင်ယူထားမှ ဖြစ်မှာပါ။ ဒီလိုမှမဟုတ်ရင် တစ်ဖက်ကပစ်လိုက်တဲ့ ကျောက်လက်နက်အောက်မှာ အသက်ပျောက်သွားနိုင်ပါတယ်။ အနည်းဆုံးတော့ ကိုယ်နေထိုင်မယ့် ကျောက်ဂူကို ဘယ်လိုထွင်းထုပုံဖော်ရမလဲဆိုတာလောက်ကိုတော့ သင်ယူထားမှ ဖြစ်မှာပါ။ သံခေတ်၊ ကြေးခေတ်တွေမှာ နေထိုင်နေသူဆိုရင်လည်း သံတွေ၊ ကြေးတွေကနေ ကိုယ်လိုချင်တဲ့ ပစ္စည်းကိရိယာတန်ဆာပလာတွေဖြစ်လာအောင် ဘယ်လိုပြုပြင်စီရင်ရတယ်ဆိုတဲ့ အတတ်ပညာတွေ တတ်မြောက်ထားဖို့ လိုပါတယ်။ ဒါမှမဟုတ်ရင်လည်း သံတွေ၊ ကြေးတွေနဲ့ ပြုလုပ်ထားတဲ့ လက်နက်ကိရိယာတွေကို ဘယ်လိုကိုင်စွဲအသုံးပြုရတယ်ဆိုတာလောက်ကိုတော့ လေ့လာသင်ယူထားဖို့ လိုပါတယ်။

ကိုယ်က ပျင်းနေတယ်။ ခေတ်ကို ဆန်မတက်ဘူး။ အစုန်ခရီးမှာပဲ မျှောလိုက်နေမိတတ်တယ်။ မျှောတာတောင်မှ အလိုက်သင့် အလျားသင့်မျှောတာမျိုး မဟုတ်ဘဲ စုန်းစုန်းမြုပ်ရင်း မျှောရတဲ့ဘဝလို ဖြစ်နေတတ်ပါတယ်။ မျက်စိကို ဖွင့်မထားဘူး။ နားကို စွင့်မထားဘူး။ ကြိုးစားလိုက်မယ်။ သင်ယူလိုက်မယ်ဆိုတဲ့ အတွေးမျိုးမဝင်ဘူး။ ဘဝကို သက်သာသလိုလေးပဲ ဖြတ်သန်းနေထိုင်မိတတ်ပြန်တယ်။

ငူငူငိုင်ငိုင်နဲ့ နေမိရင်းနဲ့ တစ်ချိန်ချိန်မှာ သတိဝင်ပြီး အလန့်တကြားနဲ့ မျက်စိမျက်နှာပွတ်သပ်ပြီး၊ ပြူးပြဲကြည့်လိုက်မိတော့မှ ခေတ်စနစ်နဲ့ ကိုယ်နဲ့ အပြတ်အသတ်ကြီး ကွာဟနေတာတွေ့သွားပြီး မီရာကမ်းကို လှမ်းဆွဲပြီး၊ အမီလိုက်မှ တော်မယ်ဟဲ့ဆိုပြီး အားတင်းရပြန်တယ်။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေက ခေတ်အခါအလိုက် ကြိုးစားကြ၊ သင်ယူကြလို့ သူ့ကဏ္ဍနဲ့သူ ထိပ်တန်းကို ရောက်နေကြပါပေါ့လားဆိုတာကို တွေ့လိုက်၊ မြင်လိုက်ရမှ ကိုယ်လည်းပဲ ထိုင်နေလို့တော့မဖြစ် တော့ပါလားဆိုတဲ့ အသိက ဝင်လာတယ်။ မနေ့ကနဲ့ ဒီကနေ့ မတူဘူး။ ဒီကနေ့နဲ့ မနက်ဖြန်လည်း တူမှာမဟုတ်ဘူး။ ထာဝရ တိုးတက်ပြောင်းလဲနေတယ်။

အပြောင်းအလဲတွေကို လူတွေကပဲ ဖန်တီးလိုက်ကြတာပါ။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ၊ ကိုယ်နေထိုင်တဲ့ ဒီလောကကြီးထဲကလူတွေကပဲ အပြောင်းအလဲတွေကို ဖန်တီးလိုက်ကြတာပါ။ နည်းပညာတွေတစ်ဟုန်ထိုး တိုးတက်မြင့်မားသွားတယ်ဆိုတာလည်း လူတွေကပဲ တီထွင်ဖန်တီးလိုက်ကြတာ။ ခေတ်တွေ၊ စနစ်တွေဆိုတာလည်း လူတွေကပဲ ဖန်တီးလိုက်ကြတာပါ။ ဒီလိုပြောင်းလဲတိုးတက်နေတာတွေနဲ့ကိုယ်က မျက်ခြည်ပြတ်ပြီး ကျန်နေရစ်ခဲ့မယ်ဆိုရင် ကိုယ့်အတွက် သိပ်အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။

ပတ်ဝန်းကျင်နဲ့အတူ ကိုယ်လည်းတိုးတက်အောင်ကြိုးစား

ကိုယ့်ပတ်ဝန်းကျင်က ပြောင်းလဲနေပြီဆိုရင် ကိုယ်လည်း လိုက်ပါပြောင်းလဲနိုင်မှ ဖြစ်တော့မှာပါ။ ကိုယ့်ပတ်ဝန်းကျင်က တိုးတက်နေပြီဆိုရင် ကိုယ်လည်း တိုးတက်အောင်ကြိုးစားနိုင်မှဖြစ်မှာပါ။ ဒီလိုဆို ဘာတွေလိုက်ပြီး ပြောင်းဖို့လိုမလဲ။ ဘာတွေသင်ယူလေ့လာဖို့လိုမလဲ။ ဒါတွေက တကယ့်ကို အရေးကြီးတဲ့အချက်တွေဖြစ်ပါတယ်။ တိုးတက်ပြောင်းလဲနေတဲ့ ပတ်ဝန်းကျင်ထဲမှာ နေထိုင်ရသူတစ်ယောက်အတွက် ဘာမှလိုက်မပြောင်းလဲဘူးဆိုရင် အအကြီးဖြစ်ပြီး ကျန်ခဲ့မှာကတော့ ငြင်းစရာမရှိပါဘူး။ ဒါပေမယ့် ဒီနေရာမှာလည်း ရွေးချယ်မှုမှန်ကန်ဖို့တော့ လိုလာပါတယ်။

တချို့က အခုအိုင်တီခေတ်ဟော့ဆိုတော့ သတင်းအချက်အလက်နည်းပညာကဏ္ဍနဲ့ ပတ်သက်ပြီး သင်တန်းတွေ တက်လိုက်ပြန်ပြီ။ နောက်တစ်ခါကျတော့ မဟုတ်ပြန်ဘူးဟေ့၊ အခုဟာက အင်္ဂလိပ်စာတတ်မှ ဖြစ်တော့မှာတဲ့ဆိုပြန်တော့ အင်္ဂလိပ်စာသင်တန်းကို တက်လိုက်ပြန်ရော။ မဟုတ်သေးဘူး၊ စာရင်းကိုင်ပညာတတ်ထားမှတဲ့ဆိုတော့ စာရင်းကိုင်သင်တန်းကိုလည်း ပြေးလိုက်ပြန်ရော။ မဟုတ်သေးဘူး။ တရုတ်စာတဲ့ဆို တရုတ်လိုက် ပြန်ရော၊ ဂျပန်တဲ့ဆို ဂျပန်လိုက်ပြန်ရော။ ခရီးသွားကဏ္ဍမှာလုပ်ကိုင်မှ အဆင်ပြေမယ်တဲ့ဆိုပြန်တော့ ဧည့်လမ်းညွှန်သင်တန်းလေး ပြေးတက်လိုက်ပြန်ရော။

အတတ်ပညာမှန်သမျှ မကောင်းတဲ့အတတ်ပညာဆိုတာ မရှိရိုးမှန်ပေမယ့် သာမန်လူတစ်ယောက်အနေနဲ့ကျတော့ ကိုယ်ပေးနိုင်တဲ့အချိန်၊ ငွေ၊ ကာယစွမ်းအား၊ ဉာဏစွမ်းအား စသည်အားဖြင့် အကန့်အသတ်က ရှိနေတယ်။ ကိုယ်စွမ်းနိုင်သမျှတွေထဲက ဘယ်ဟာကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်မလဲဆိုတာကို ရွေးချယ်ဖို့လိုလာတယ်။ ဟိုစပ်စပ်၊ ဒီစပ်စပ်လုပ်နေရင် ဘယ်နေရာမှာမှ မကျွမ်းကျင်ဘဲ ဖြစ်သွားနိုင်ပါတယ်။ ဒီတော့ကိုယ်က ဘယ်နယ်ပယ်မှာ ကျင်လည်မလဲဆိုတာကို ရွေးရတော့မယ်။ ကိုယ့်ဝါသနာက ဘယ်မှာ အားသန်နေသလဲဆိုတာကို ပိုင်းဖြတ်ရတော့မယ်။ အသေအချာရွေးချယ်ပြီးပြီဆိုရင် ကိုယ်ရွေးပြီးတဲ့ကဏ္ဍတစ်ခုကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားရတော့မယ်။

> **ခေတ်ကြီးကပြောင်းနေပါပြီ။ နည်းပညာတွေပြောင်းနေပြီ။ စနစ်တွေ ပြောင်းနေပြီ။ လုပ်နည်းလုပ်ဟန်တွေ ပြောင်းနေပြီ။ စဉ်းစားသုံးသပ်ပုံတွေ ပြောင်းနေပြီ။ ပြဿနာတစ်ရပ်ကို ချဉ်းကပ်ဖြေရှင်းပုံတွေ ပြောင်းနေပြီ။ ဒီအပြောင်းအလဲတွေက ကိုယ့်ကိုစောင့်ခေါ်နိုင်မှာ မဟုတ်ပါဘူး။ ရှေ့ကို အရှိန်အဟုန်နဲ့ ပြေးနေကြတာဖြစ်တဲ့အတွက် ကိုယ့်ကိုလက်ဆွဲပြီး တရွတ်တိုက်ဆွဲခေါ်နေနိုင်မှာ မဟုတ်ပါဘူး။ ဒီအခြေအနေအချိန်အခါနဲ့ လျော်ညီတဲ့သူတစ်ယောက်ဖြစ်ဖို့ကတော့ ကိုယ်ကိုယ်တိုင် ကြိုးစားတည်ဆောက်ယူရမှာ ဖြစ်ပါတယ်**

တကယ်ဆို ပညာရပ်နယ်ပယ်တစ်ခုတည်းကိုက အဆုံးအစွန်အထိ လေ့လာနိုင်ဖို့မလွယ်ပါဘူး။ ဒီပညာရပ်နယ်ပယ်မှာကိုပဲ အသစ်အသစ်တွေကပေါ်နေတယ်။ ယူဆချက်အသစ်တွေ၊ အတွေးအမြင်အသစ်တွေ၊ တွေ့ရှိချက်အသစ်တွေက အမြဲထွက်ပေါ်နေတယ်။ ဒါတွေကို လက်လှမ်းမီသမျှ လေ့လာနေဖို့ လိုပါတယ်။ ဟိုစပ်စပ်၊ ဒီစပ်စပ် အကုန်လိုက်ပြီး လေ့လာနေဖို့မလိုပေမယ့် ကိုယ်ကျင်လည်ရာ နယ်ပယ်မှာတော့ နှံ့နှံ့စပ်စပ်ဖြစ်အောင် ကြိုးစားနေဖို့ လိုပါတယ်။ ကိုယ်ကျင်လည်နေတာက ထုတ်လုပ်မှု ကဏ္ဍမှာလား။ ဒါဆိုရင်လည်း ဘယ်နိုင်ငံက ထုတ်လုပ်တဲ့စနစ်တွေက ဘယ်လောက်အထိ တိုးတက်မြင့်မားနေပြီလဲ။ ကိုယ့်ဆီမှာရော ဘယ်နည်းဘယ်ပုံနဲ့ ပြုပြင်လိုက်ရင် အဆင်ပြေနိုင်မလဲ။ ဝန်ဆောင်မှုကဏ္ဍမှာ ကိုယ်ကကျင်လည်နေတာလား။ ဒါဆိုရင်လည်း ဘယ်အဖွဲ့အစည်းရဲ့ ဝန်ဆောင်မှုတွေက ဘယ်လိုတွေ တိုးတက်ပြောင်းလဲနေပြီလဲ။ ကိုယ့်အဖွဲ့အစည်းရဲ့ ဝန်ဆောင်မှုအခြေအနေကရော တိုးတက်မှုရှိရဲ့လား၊ မူလအတိုင်းပဲ မပြောင်းမလဲဖြစ်နေသေးသလား၊ ပြောင်းလဲတယ်ဆိုရင်လည်း သင့်တင့်လျောက်ပတ်တဲ့ အရှိန်အဟုန်နဲ့ပြောင်းလဲနေတာ ဟုတ်ရဲ့လား။ ဒါတွေကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး လိုအပ်သလို ပြုပြင်ယူမှသာ ရေရှည်တည်တံ့တဲ့ တိုးတက်မှုကို ရနိုင်မှာပါ။

စဉ်ဆက်မပြတ်သင်ယူလေ့လာမှု

ပြောင်းလဲမှုဆိုတဲ့ စကားလုံးရဲ့နောက်မှာ တိုးတက်မှုဆိုတဲ့ စကားလုံးပါ တစ်ပါတည်း ကပ်ထားနိုင်ဖို့ဆိုရင်တော့ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုဆိုတာတွေကို ပေါင်းထည့်ထားနိုင်မှ အဆင်ပြေမှာပါ။ အပြောင်းအလဲဆိုတဲ့အထဲမှာ အခြေအနေ၊ အချိန်အခါတွေ ပြောင်းလဲသွားတာတွေ ပါနိုင်သလို ကိုယ့်ပခုံးပေါ်မှာကျလာတဲ့ တာဝန်၊ ဝတ္တရားတွေ ပြောင်းလဲသွားတာမျိုးလည်း ကြုံရနိုင်ပါတယ်။ အခုကိုယ်ယူထားရတဲ့တာဝန်က ခပ်သေးသေး ဆိုပါစို့။ ဒါဆိုရင် ကိုယ်ကအမြဲတမ်း ဒီနေရာမှာရပ်နေမှာလားဆို တာကို စဉ်းစားရမှာပါ။ ရပ်မနေဘူးဆိုရင်တော့ ရှေ့လာမယ့် အဆင့်တွေအတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုပါပြီ။ ကိုယ်က ဒီအဆင့်မှာတော့ ကိုယ့်လုပ်ငန်းနဲ့ကိုယ် ကျွမ်းကျင်ပိုင်နိုင်နေပြီ ဆိုပါတော့။ ဒါပေမယ့် နောက်ထပ်တစ်ဆင့်တက်ပြီး ပေးအပ်လိုက်မယ့်တာဝန်တွေ၊ ဝတ္တရားတွေအတွက် အားကြိုးမာန်တက် ထမ်းဆောင်နိုင်မယ့် ပခုံးတစ်စုံရှိနေပါရဲ့လားဆိုတာကို မညှာတမ်းသုံးသပ်ထားရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ၊ ကြိုတင်လေ့လာမှုတွေလည်း လုပ်ဆောင်ထားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကြုံတွေ့လာမယ့်ပြောင်းလဲမှုနဲ့အတူ ဟန်ချက်ညီညီလိုက်ပါနိုင်မှာ ဖြစ်ပါတယ်။

တစ်ခါတစ်ခါကျတော့ တစ်စုံတစ်ယောက်ကို တာဝန်ကြီးကြီး ပေးအပ်လိုက်ချင်တယ်။ လွှဲပြောင်းပေးလိုက်ချင်တယ်။ ဒါပေမယ့် ဒီအပြောင်းအလဲအတွက် သူအဆင်သင့်မဖြစ်သေးဘူး။ ဒီအပြောင်းအလဲမှာ သူလိုက်ပါနိုင်မှာ မဟုတ်ဘူးဆိုတာကို အကဲခတ်မိတော့ သူနဲ့သင့်လျော်တဲ့နေရာမှာတင် ရပ်ထားပေးခဲ့လိုက်ရတာမျိုး ရှိနေပြန်တယ်။ နောက်ထပ်တစ်ဆင့်ကို တက်မပေးခင်မှာ ဒီအဆင့်နဲ့သူနဲ့ ကိုက်ညီပါ့မလားဆိုတာကို အပြန်ပြန် အလှန်လှန် သုံးသပ်ကြရတယ်ဆိုတာကို သဘောမပေါက်ဘူး။ ဒီတော့ သူ့ဘက်က ကြိုတင်ပြင်ဆင်ထားရမယ့်အပိုင်းတွေကို ပြင်ဆင်မထားနှင့်ဘူး။ သူ့အထက်က နေရာတစ်ခုကလည်း လစ်လပ်နေတယ်။ အစားထိုးစရာကလည်း သူပဲရှိနေတယ်။ ဒီတော့ သူ့ကိုပဲ အစမ်းသဘောနဲ့ တာဝန်တွေ လွှဲအပ်လိုက်ရတယ်။ ဒါပေမယ့် မြင့်မားလာတဲ့တာဝန်၊ ဝတ္တရားတွေနဲ့ လိုက်လျောညီထွေဖြစ်အောင် သူမကြိုးစားနိုင်ဘူး။ နောက်ဆုံးတော့ သူ့ကိုမူလနေရာ ပြန်ပို့လိုက်ရရော။

ကြိုတင်ပြင်ဆင်ထားမှု

အသင့်ဖြစ်နေဖို့ဆိုတဲ့ အချက်ကလည်း အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ အခွင့်အရေးက ကိုယ့်တံခါးကို မကြာခဏ လာခေါက်ပေမယ့် ဒီတံခါးကို တွန်းဖွင့်မပေးလိုက်ခဲ့မိသလို ဖြစ်သွားတတ်ပါတယ်။ အခွင့်အလမ်းတံခါးတွေကိုဖွင့်ပြီး လက်ခံနိုင်ဖို့အတွက်က ရောက်လာမယ့် အခွင့်အလမ်းနဲ့ လိုက်ဖက်ညီတဲ့ အရည်အသွေးတွေ၊ ကျွမ်းကျင်မှုအရည်အချင်းတွေရှိထားဖို့ လိုအပ်ပါတယ်။ အပြောင်းအလဲဆိုတာ ကိုယ့်ရှေ့ကို ရောက်လာတဲ့အခါ ဒီအပြောင်းအလဲနဲ့အတူ လိုက်ပါနိုင်ဖို့လိုသလိုပဲ မရောက်သေးတဲ့ပြောင်းလဲမှုတွေကိုလည်း ရေရှည်မှာဘာတွေဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာကို ကြိုတင်မျှော်တွေးပြီးတော့ ဒီအပြောင်းအလဲတွေအတွက် ကြိုတင်ပြင်ဆင်စရာရှိတာတွေ၊ ကြိုတင်လေ့လာစရာရှိတာတွေကို ပြင်ဆင်လေ့လာထားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကြုံလာတဲ့ အပြောင်းအလဲတစ်ခုမှာ မျက်ကလူးဆန်ပြာမဖြစ်ဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

အခွင့်အလမ်းဆိုတာတွေကို အမျှော်လင့်ကြီးမျှော်လင့်တတ်ကြပေမယ့် ဒီအခွင့်အလမ်းက ကိုယ့်ရှေ့ကို တည့်တည့်လည်း ရောက်လာရော ကိုယ့်ဘက်ကအရယူနိုင်လောက်အောင် ဖြစ်သွားတတ်ပြန်ပါတယ်။ ဒီအခွင့်အလမ်းနဲ့ လျော်ညီတဲ့ ကျွမ်းကျင်မှုအရည်အချင်းတွေ ကိုယ့်မှာရှိမထားနှင့်လို့ပါ။

အချိတ်အဆက်မိမိပြောင်းလဲနိုင်ရေး

တိုးတက်မှု၊ ပြောင်းလဲမှုဆိုတာတွေက ဒီတစ်ခုအတွက် စိုင်းပြင်းပြီဆိုရင် ဒီတစ်ခုနဲ့ ပတ်သက်သမျှအားလုံးအချိတ်အဆက်မိမိ လိုက်ပါပြောင်းလဲလာအောင် ဖန်တီးနိုင်မှ အဆင်ပြေနိုင်တာမျိုးပါ။ တစ်နေရာက မြင့်သွားပြီး နောက်တစ်နေရာက နိမ့်ကျန်နေခဲ့ရင်၊ အချိုးညီညီ တိုးတက်မလာဘူးဆိုရင် ဒီတိုးတက်မှုက သိပ်ပြီး အဆင်မပြေနိုင်ပါဘူး။ တစ်ခါတလေ တွေ့ပါလိမ့်မယ်။ ခေတ်ကပြောင်းနေပြီ။ စနစ်က ပြောင်းနေပြီ။ တွေးပုံခေါ်ပုံ စဉ်းစားပုံက ခေတ်ဟောင်းစနစ်ဟောင်းတုန်းက စဉ်းစားပုံ စဉ်းစားနည်းတွေနဲ့ပဲ နှစ်ပါးသွားနေတယ်။ ဒီတော့ လုပ်ကိုင်ဆောင်ရွက်ပုံတွေနဲ့ ခေတ်စနစ်နဲ့က အံ့ဝင်ခွင်ကျမဖြစ်တော့ဘူး။ အားလုံးခြုံငုံပြောင်းလဲဖို့ လိုနေတဲ့အချိန်မှာ တစ်ယောက်ယောက်က တစ်နေရာရာကနေ ကန့်လန့်ကန့်လန့်ဖြစ်နေတယ်ဆိုရင် အပြောင်းအလဲက ထင်သလောက် ခရီးမတွင်နိုင်တော့ဘူး။

လူဆယ်ယောက်ရှိတဲ့ အုပ်စုတစ်စုကို အပြောင်းအလဲလုပ်တော့မယ်ဆိုရင် ဆယ်ယောက်စလုံး သူ့ကဏ္ဍနဲ့သူ ကျရာကဏ္ဍနဲ့အညီ ပြောင်းလဲဖို့လိုသလိုပဲ တစ်ယောက်ချင်းတစ်ယောက်ချင်းစီကလည်း ပြောဆိုလုပ်ကိုင်သမျှဟာ ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်နေကြဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ဒီစနစ်တစ်ခုတည်ဆောက်မယ်ဆိုရင် ဒီစနစ်နဲ့ အံ့ဝင်မယ့် နောက်ခံအကြောင်းအရာတွေ၊ ဒီစနစ်ကို ပံ့ပိုးပေးနိုင်မယ့်အခြေအနေတွေ၊ ဒီစနစ်အောင်မြင်နိုင်စေမယ့် အကြောင်းတရားတွေကို တစ်ပြိုင်တည်း ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ အားလုံးဟန်ချက်ညီမနေဘူးဆိုရင် တစ်နေရာရာမှာ ကြားညပ်သူတွေ ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။ ပြောင်းလဲသင့်တာတွေမှန်သမျှ အကုန်ပြောင်းလဲနိုင်မှသာ ပြောင်းလဲတိုးတက်မှုဆိုတဲ့ ရလဒ်ကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဘယ်ကဏ္ဍမှာမဆို အားနည်းချက်၊ အားသာချက်တွေက ရှိနေပါတယ်။ ရှေ့ကိုရောက်သွားပြီဆိုတဲ့သူတွေမှာလည်း အားနည်းချက်တွေကရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်အပိုင်းက အားသာချက်ဖြစ်ပြီးတော့ ဘယ်အပိုင်းက အားနည်းချက်ဖြစ်တယ်ဆိုတာကို အသေအချာသိဖို့ လိုပါတယ်။ ဒီလိုမှမဟုတ်ရင် အားနည်းချက်ကြီးကို အားသာချက်ထင်ပြီး စံနမူနာယူတာလွဲသွားနိုင်ပါတယ်။

လောကကြီးကတော့ ပြောင်းလဲနေပါတယ်။ အရှိန်အဟုန်ကောင်းကောင်းနဲ့ကို ပြောင်းလဲနေပါတယ်။ ဒီအပြောင်းအလဲတွေနောက်ကို အမီလိုက်နိုင်ဖို့လိုပါတယ်။ အမီလိုက်ဖို့အတွက် လိုအပ်တဲ့ကျွမ်းကျင်မှု အရည်အချင်းတွေကိုလည်း စဉ်ဆက်မပြတ်ဖြည့်ဆည်းနေဖို့ လိုအပ်ပါတယ်။ ကိုယ်နေတာက အိုင်တီခေတ်၊ ကိုယ်က ကွန်ပျူတာအခြေခံ စာစီစာရိုက်လေးလောက်မှ မရိုက်တတ်ဘူးဆိုရင် အဆင်မပြေပါဘူး။ တချို့လူတွေကို ရာထူးတိုးပေးချင်ပါလျက်နဲ့ အီးမေးလ်လေး တစ်စောင်တောင် မပို့တတ်လို့ မူလရာထူးမှာပဲ ပြန်ထားလိုက်ရတာမျိုးတွေ ရှိပါတယ်။ ပရိယေသနအတွက် အထူးပြုဆောင်ရွက်ရတာမျိုးမဟုတ်ဘဲ သာမန်လူတွေ နေ့စဉ်နဲ့အမျှ ဆောင်ရွက်နေကြတဲ့ကိစ္စမျိုးလောက်ကိုတော့ အခြေခံအားဖြင့် တတ်မြောက်ထားသင့်ပါတယ်။

ကိုယ်ကိုယ်တိုင် ကြိုးစားတည်ဆောက်

ခေတ်ကြီးက ပြောင်းနေပါပြီ။ နည်းပညာတွေ ပြောင်းနေပြီ။ စနစ်တွေပြောင်းနေပြီ။ လုပ်နည်းလုပ်ဟန်တွေ ပြောင်းနေပြီ။ စဉ်းစားသုံးသပ်ပုံတွေ ပြောင်းနေပြီ။ ပြဿနာတစ်ရပ်ကို ချဉ်းကပ်ဖြေရှင်းပုံတွေ ပြောင်းနေပြီ။ ဒီအပြောင်းအလဲတွေက ကိုယ့်ကိုစောင့်ခေါ်နိုင်မှာ မဟုတ်ပါဘူး။ ရှေ့ကိုအရှိန်အဟုန်နဲ့ ပြေးနေကြတာဖြစ်တဲ့အတွက် ကိုယ့်ကိုလက်ဆွဲပြီး တရွတ်တိုက်ဆွဲခေါ်နေနိုင်မှာ မဟုတ်ပါဘူး။ ဒီအခြေအနေအချိန်အခါနဲ့ လျော်ညီတဲ့သူတစ်ယောက်ဖြစ်ဖို့ကတော့ ကိုယ်ကိုယ်တိုင် ကြိုးစားတည်ဆောက်ယူရမှာ ဖြစ်ပါတယ်။

အပြောင်းအလဲတွေနောက်ကို ထက်ကြပ်မကွာလိုက်သွားမလား။ ဒါမှမဟုတ် တရွတ်ဆွဲ ဒီလျှောတိုက်ပြီး ခိုလိုက်မှာလား။ ဒါမှမဟုတ် ဘယ်ကိုမှမရွေ့ဘဲ ခြေစုံရပ်ပြီးနေခဲ့တော့မှာလား။ ဒါကတော့ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ရမယ့်အပိုင်းဖြစ်ပါတယ်။ တိုက်တွန်းချက်အနေနဲ့ကတော့ ကိုယ့်ပတ်ဝန်းကျင်ကလူတွေ အားလုံး နီးပါး ပြောင်းလဲတိုးတက်နေကြတဲ့အချိန်မှာ ဒီအပြောင်းအလဲတွေနဲ့ အံ့ဝင်ခွင်ကျဖြစ်အောင်၊ တိုးတက်ပြောင်းလဲမှုတွေနောက်ကို ထက်ကြပ်မကွာ လိုက်ပါနိုင်အောင် အားတက်သရောနဲ့ လိုက်တော်မူသင့်ပါရဲ့လို့သာ အကြံပြုလိုက်ချင်ပါတယ် ။ ။

မြန်မာ-ကိုရီးယား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ-ကိုရီးယား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (Myanmar- Korea Cooperation Forum on Public Administration) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Yoon Jong-In အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က မိမိတို့နိုင်ငံအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ဖိုရမ်သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ခု ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံပါသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ (၃၆)နှစ်ကြာ ကျူးကျော်မှုအောက်မှ လွတ်လပ်ရေးရပြီး များမကြာမီတွင် ကိုရီးယားစစ်ပွဲဖြစ်ပွားပြီး တစ်နိုင်ငံလုံး ပြာမီးဖုံးခဲ့ရပါကြောင်း၊ စစ်ပွဲအပြီး ကိုရီးယား၏ တစ်ဦးချင်း GDP မှာ ၆၇ ဒေါ်လာခန့် ဖြစ်ပါကြောင်း၊ ကိုရီးယားစစ်ပွဲ၏ ဆိုးကျိုးကြောင့် အခက်အခဲများ ရင်ဆိုင်နေရချိန်တွင် မြန်မာနိုင်ငံမှ ကိုရီးယားနိုင်ငံသို့ မည်သည့် တောင်းဆိုမှုမှမပါဘဲ ဒေါ်လာ ငါးသောင်းခန့် တန်ဖိုးရှိသည့် ဆန်များပေးပို့ကူညီခဲ့ပါကြောင်း၊

ဒုတိယဝန်ကြီး ဦးတင်မြင့် မြန်မာ-ကိုရီးယား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နှင့် ဗဟုသုတများသည် အရေးပါလှပါကြောင်း၊ ယခုဖိုရမ်တွင် ဒေသန္တရအုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကောင်းမွန်သော ပို့ဆောင်ရေးစနစ် စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆန်များပေးပို့ကူညီခဲ့

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yoon Jong-In က ဖိုရမ်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ပံ့ပိုးပေးစားနပ်ရိက္ခာခက်ခဲခဲ့သည့် ကိုရီးယားနိုင်ငံအတွက် အလွန်ပင် အထောက်အကူဖြစ်စေခဲ့ပြီး ယခုအချိန်အထိ ထိုကျေးဇူးကို အမှတ်ရနေဆဲဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတသည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုတည်ဆောက်ရေးနှင့် ယဉ်ကျေးမှု Industry တိုးတက်ရေး၊ မြန်မာနိုင်ငံ Sustainable Development Goals ၂၀၁၈-၂၀၃၀ အကောင်အထည်ဖော်ရေးအတွက် ကိုရီးယားနိုင်ငံ၏ Development ကဏ္ဍအတွေ့အကြုံများကို ဖလှယ်ရန်စီစဉ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ Sustainable Development Goals ၂၀၁၈-၂၀၃၀ ၌ ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ၏ Capacity Building နှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ မြှင့်တင်ရေး မဟာဗျူဟာတို့ ပါဝင်သည်ကို သိရှိရပါကြောင်း၊ ယနေ့ဖိုရမ်တွင် လက်ရှိကျင့်သုံးနေသည့် အုပ်ချုပ်မှုစနစ်နှင့် System များ ကိုက်ညီအောင် ဆောင်ရွက်ခြင်းမှ တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် ဖြေရှင်းသည့် နည်းလမ်းများကို မျှဝေခြင်း၊ နှစ်နိုင်ငံ အုပ်ချုပ်မှုပိုင်း တာဝန်ရှိသူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုများ ရရှိစေသည့် အခြေခံများဖြစ်စေရန် မျှော်မှန်းပါကြောင်း၊ ယနေ့ နှစ်နိုင်ငံတွေ့ဆုံခြင်းမှ စပြီး ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ၌ ယခုထက်ပိုမိုပြီး နီးစပ်ကာ အနာဂတ်ကို ဖော်ဆောင်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yoon Jong-In နှင့် နှစ်ဖက်ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်

ဆက်လက်၍ မြန်မာ-ကိုရီးယား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ကျင်းပရာ ဒေသန္တရအုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကောင်းမွန်သော ပို့ဆောင်ရေးစနစ်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နှစ်နိုင်ငံပူးပေါင်းကျင်းပ

အဆိုပါဖိုရမ်ကို ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ ပြည်သူ့ရေးရာပြုပြင်ပြောင်းလဲရေး၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေး၊ Intelligent Transport System နှင့် ဒေသတွင်းအစိုးရအဖွဲ့အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့် နယ်ပယ်များမှ အတွေ့အကြုံ ဗဟုသုတများ ဆွေးနွေးဖလှယ်ရန် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဖိုရမ်သို့ မြန်မာဘက်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ ၈၀ နှင့် ကိုရီးယားဘက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ ၁၃ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်ခဲ့ကြသည်။

လက်ခံတွေ့ဆုံ

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ဖိုရမ်တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Yoon Jong-In ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ Hilton Hotel ၌ လက်ခံတွေ့ဆုံခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အပြည်ပြည်ဆိုင်ရာ ကရိသျှ်ဏ အနုသဿတိအသင်း(မြန်မာနိုင်ငံ)မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် အပြည်ပြည်ဆိုင်ရာ ကရိသျှ်ဏ အနုသဿတိအသင်း(မြန်မာနိုင်ငံ)မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘာသာပေါင်းစုံခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များ၊ လူမျိုးစုလူငယ်ခေါင်းဆောင်များ စသည့် အလွှာအသီးသီး ကိုယ်စားပြုသော လူငယ် ၁၀၀၀ ခန့် စုံညီစွာ တက်ရောက်မည့် - ၂၀၂၀ ခုနှစ်ကို မေတ္တာဖြင့် ကြိုဆိုခြင်း-အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ကုန်ခန့်တွင် ရန်ကုန်မြို့၌ စီစဉ်ကျင်းပနိုင်ရေးကိစ္စ၊ နွမ်းပါးသော စာသင်ကျောင်းတစ်ခု၌ လူမျိုးဘာသာမရွေး စားသုံးနိုင်ရန် ဟရေးကရိသျှ်ဏ ဘဝအတွက် အာဟာရ အစီအစဉ်ဖြင့် ကျွေးမွေးဆောင်ရွက်မည့်ကိစ္စ၊ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ လူမျိုးမရွေး ဘာသာမရွေး လာရောက်ပြီး ဘာသာပေါင်းစုံငြိမ်းချမ်းစွာ တည်ဆောက်နိုင်သည့် ပြယုဂ်အဖြစ် ဆောင်ရွက်နိုင်သော ငြိမ်းချမ်းမှုနှင့်နားလည်မှု ကျောင်းတော်ကြီး ဆောင်ရွက်လိုခြင်းကိစ္စရပ်တို့ကို အပြည်ပြည်ဆိုင်ရာ ကရိသျှ်ဏအနုသဿတိအသင်း(မြန်မာနိုင်ငံ)မှ ကိုယ်စားလှယ်တို့က တင်ပြဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အပြည်ပြည်ဆိုင်ရာ ကရိသျှ်ဏ အနုသဿတိအသင်း(မြန်မာနိုင်ငံ)မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၆ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ကချင်ပြည်နယ်၊ ဆင်ဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဒေါ်ချောစိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၈-၉-၂၀၁၉ ရက်နေ့တွင် ဆင်ဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဒေါ်ချောစိန်(၄၆)နှစ်၊ (ဘ)ဦးကျော်ခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆင်ဘို)မယ(ပ)၁၅/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ ဇီးကုန်းကျေးရွာနေ ကျော်စိန်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၈-၉-၂၀၁၉ ရက်နေ့တွင် ဟိုပင်မြို့နယ်၊ (၇)မိုင်ကျေးရွာအုပ်စု၊ နန့်မွန်းတောင်အနီး၌ ဇီးကုန်းကျေးရွာနေ ကျော်စိန်ဝင်း(၄၁)နှစ်၊ (ဘ)ဦးစာကြီးနှင့် ကျော်ဇင်အောင် (၂၉)နှစ်၊ (ဘ)ဦးအောင်ဝင်းတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟိုပင်)မယ(ပ)၅၄/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ သောင်မြင်းကျေးရွာနေ အောင်ထွန်းလင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၅-၉-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ သောင်မြင်းကျေးရွာနေ အောင်ထွန်းလင်း(၄၅)နှစ်၊ (ဘ)ဦးညိုမှိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လယ်ပြင်ကျေးရွာနေ တင်မောင်လွင်(၃၄)နှစ်၊ (ဘ)ဦးအောင်သိန်း၊ သာရှင်(ခ)မြင့်ရှိန်း(၄၈)နှစ်၊ (ဘ)ဦးအောင်ကြီးတို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ)၉၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၇-၉-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာနေ သန်းအောင်(၅၄)နှစ်၊ (ဘ) ဦးထွန်းရင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ) မယ(ပ) ၂၁/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ချိုတ်သင်ကျေးရွာနေ ချိုအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၈-၉-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ သစ်ဆုံအင်းကျေးရွာအနီး၌ ချိုတ်သင်ကျေးရွာနေ ချိုအေး(၅၄)နှစ်၊ (ဘ)ဦးစံဝင်းနှင့် မျိုးမင်းထွန်း (၃၁)နှစ်၊ (ဘ)ဦးအောင်ကြည်တို့ (၂)ဦး စီးနင်းလာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၄၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လိပ်ထုံးကျေးရွာနေ ဖိုးညီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၀-၉-၂၀၁၉ရက်နေ့တွင် ကသာမြို့နယ်၊ လိပ်ထုံးကျေးရွာနေ ဖိုးညီ (ခ) ဝင်းသန်း(၄၀)နှစ်၊ (ဘ)ဦးတင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကသာ)မယ(ပ)၈၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လိပ်ထုံးကျေးရွာနေ ဝင်းညွန့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၀-၉-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ လိပ်ထုံးကျေးရွာနေ ဝင်းညွန့်(၄၉)နှစ်၊ (ဘ)ဦးတင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ကျော်တင့်(၃၂)နှစ်၊ (ဘ)ဦးနွားမောင်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကသာ)မယ(ပ)၈၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၈	စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အိုးဘိုကျေးရွာနေ ကျော်သူရသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၂၁-၉-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ မဲကဇက်ကျေးရွာ သုသာန်အတွင်း၌ အိုးဘိုကျေးရွာနေ ကျော်သူရ(၃၃)နှစ်၊ (ဘ)ဦးခင်မောင်လှနှင့် တစ်ရွာတည်းနေ သိန်းကို (ခ) မြင့်မောင် (၄၆)နှစ်၊ (ဘ)ဦးအောင်တင်၊ မော်လိုက်ကလေးကျေးရွာနေ ကျော်မင်းလတ် (ခ) အဲတုတ်(၃၆)နှစ်၊ (ဘ) ဦးချစ်ငွေ၊ ကင်းတပ်ကျေးရွာနေ လင်းလင်းထွန်း (ခ) ကုလားကြီး (၂၃) နှစ်၊ (ဘ) ဦးသောင်းမြင့်တို့ (၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၄၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၉	တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ နိုင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၅-၉-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ မြေနီတောင်ကျေးရွာနေ နိုင်ငယ် (ခ) ငွေနိုင် (၃၈) နှစ်၊ (ဘ) ဦးမောင်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ)၃၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၀	မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာနေ ငပိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၉-၉-၂၀၁၉ ရက်နေ့တွင် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာနေ ငပိန်(၂၂)နှစ်၊ (ဘ) ဦးစိုးလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆည်တော်ကြီး)မယ (ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၁	ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေနံ့သာ(၂)ရပ်ကွက်နေ သန်းစိုးဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၅-၉-၂၀၁၉ ရက်နေ့တွင် မှော်ဘီမြို့နယ်၊ ရွှေနံ့သာ(၂) ရပ်ကွက်နေ သန်းစိုးဦး(၁၉)နှစ်၊ (ဘ)ဦးအောင်မိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မှော်ဘီ) မယ(ပ)၂၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၁၂	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မျိုးမင်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၇-၉-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ မျိုးမင်းအောင် (၃၀)နှစ်၊ (ဘ) ဦးကြည်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ(ပ)၅၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၁-၉-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၆၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၉၉)ဦး၊ မ(၁၈၄)ဦး၊ ပေါင်း(၁၁၈၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၉၄၆.၁၀၈၄) ဂရမ်၊ ICE(၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၃၄၀၉၁၂) ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

နေပြည်တော်တွင် ခွေးရူးရောဂါကာကွယ်ဆေးများကို ကျေးရွာ၊ ရပ်ကွက်များအထိ အခမဲ့ထိုးပေးသည့်စီမံချက် ဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Four Paws International အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော နေပြည်တော်အတွင်းရှိ ပိုင်ရှင်မဲ့ခွေး၊ ပိုင်ရှင်ရှိခွေးများနှင့် အိမ်မွေးတိရစ္ဆာန်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း ဆောင်ရွက်မှု စီမံချက်တစ်ရပ်ကို စက်တင်ဘာ ၁၇ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်တို့နှင့် ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်တို့အတွင်းရှိ ခွေး၊ ကြောင် အကောင်ရေပေါင်း ၁၅၀၀ ကျော်ကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပြီးစီးနေပြီဖြစ်ကြောင်း ဇမ္ဗူသီရိမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်မင်းက ပြောသည်။

"မြန်မာနိုင်ငံမှာ စီမံချက်ရေိယာတွေရွေးလိုက်တဲ့အခါမှာ ရန်ကုန်၊ ညောင်ဦး၊ မန္တလေး၊ နေပြည်တော်ဆိုပြီး ရွေးလိုက်ပါတယ်။ နေပြည်တော်ပြီးရင် ပုဂံနဲ့ မန္တလေးသွားမယ်။ ပြီးရင် ပဲခူးဒေသကို သွားမယ်။ အဲဒီနယ်မြေဒေသအတွင်းမှာရှိတဲ့ ပိုင်ရှင်ရှိခွေး၊ ပိုင်ရှင်မဲ့ခွေးနဲ့ ကြောင်တွေအပေါ် ၇၀ ရာခိုင်နှုန်း လွှမ်းခြုံထိုးနှံကာကွယ်နိုင်ရေးကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာလှိုင်မင်းက ပြောသည်။

ခွေးမှကူးစက်သော ခွေးရူးပြန်ရောဂါသည် ရောဂါလက္ခဏာပြလာသည်နှင့် တစ်ပြိုင်နက် လူကိုသေစေနိုင်သည့် ရောဂါဖြစ်ပြီး ခွေးရူးပြန်ခြင်းကို ကာကွယ်ဆေးထိုးခြင်းဖြင့် ရာခိုင်နှုန်းပြည့် ကာကွယ်နိုင်မည်ဖြစ်ကာ ယင်းကာကွယ်ဆေးထိုးခြင်းဖြင့် လူမှုပတ်ဝန်းကျင်နှင့်တကွ ခွေးများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အဆိုပါ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံနည်းမှာ မှုတ်ပြောင်းထဲတွင် ဆေးထိုးအပ်ထည့်ပြီး လူက ပါးစပ်ဖြင့် လေမှုတ်ထုတ်လိုက်သည့်အခါ ပြောင်းအတွင်း ထည့်ထားသော ဆေးထိုးအပ်က ခွေးခန္ဓာကိုယ်တစ်နေရာသို့သွားစိုက်ကာ လေဖိအားဖြင့် တွန်းပြီး ထိုးနှံနည်းမျိုးဖြစ်ကြောင်းနှင့် ကြောင်များအတွက်ကိုမူ လူကဖမ်းပေးပြီး ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

မူပိုင်ခွင့် Copyright ဟာ အမျိုးသားရေးပုံရိပ်တစ်ခု ဖြစ်ပါတယ်

ဥပဒေပညာရှင် ဦးသန်းမောင်(စစ်တွေ)

စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများနှင့် Collective Management Organizations (CMOs) အကြောင်း သိကောင်းစရာစကားဝိုင်းကျင်းပ

"စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် Collective Management Organizations (CMOs)အကြောင်း သိကောင်းစရာစကားဝိုင်း"ကို ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်နွယ်ရီဝင်း၊ ဥပဒေပညာရှင် ဦးသန်းမောင်(စစ်တွေ)၊ ပြည်စုံစာအုပ်တိုက်ထုတ်ဝေသူ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ စာရေးဆရာ ဦးကြည်ရွှန်းတို့ ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

အစီအစဉ်မှူး ။ ။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းဖို့အတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးနောက် အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် လုပ်ကိုင်စရာလုပ်ငန်းတွေလည်း များပြားစွာ ရှိနေပါတယ်။ လုပ်ငန်းတွေထဲမှာ မူပိုင်ခွင့်ရုံးကို တည်ထောင်နိုင်ဖို့အတွက် ဘယ်လိုပုံစံမျိုးနဲ့ တည်ထောင်မယ်၊ မူပိုင်ခွင့်စနစ်ကို ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတာကို သိလိုပါတယ်။ ဒ့ါအပြင် မူပိုင်ခွင့်ရုံးတည်ထောင်နိုင်ရေးနဲ့ မူပိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လက်ရှိဆောင်ရွက်နေမှုကို သိလိုပါတယ်။

ဒေါက်တာဒေါ်နွယ်ရီဝင်း ။ ။ အရင်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အခုပညာရေးဝန်ကြီးဌာနအနေနဲ့ မူပိုင်ခွင့်ဥပဒေလေးရပ်ဖြစ်တဲ့ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနဲ့ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေလေးရပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့အတူ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကဆိုင်ရာအဖွဲ့အစည်းတွေရဲ့ အကြံပြုချက်တွေနဲ့ မူကြမ်းရေးဆွဲပါတယ်။ ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွေကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို မတ်လ ၁၁ ရက်မှာ ပြဋ္ဌာန်းနိုင်ခဲ့တယ်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို မေလ ၂၄ ရက်မှာ အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေလေးရပ်ဟာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာနဲ့ သတ်မှတ်တဲ့နေ့မှာ စတင်အာဏာသက်ရောက်မှာ ဖြစ်ပါတယ်။ ဒီဥပဒေတွေ အာဏာသက်ရောက်ဖို့နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကျွန်မတို့ဌာနက ကြိုတင်ပြင်ဆင်နေပါတယ်။ ဒီဥပဒေလေးရပ်လုံးကို အကောင်အထည်ဖော်သွားမယ့် ဝန်ကြီးဌာနကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ ဒ့ါကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒီဥပဒေလေးရပ်ပြဋ္ဌာန်းနိုင်ဖို့အတွက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ၊ မူပိုင်ခွင့်ဦးစီးဌာနတွေ ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုကော်မတီရဲ့ ဆောင်ရွက်မှုအောက်မှာ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတွေဆောင်ရွက်ဖို့ ဌာန၊ အဖွဲ့အစည်းတွေထူထောင်ပြီး ရုံးဖွင့်လှစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူပိုင်ခွင့်နည်းဥပဒေတွေ ထွက်ရှိဖို့အတွက်လည်း ရေးဆွဲလျက်ရှိပါတယ်။

အစီအစဉ်မှူး ။ ။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေဟာ အခြားသော မူပိုင်ခွင့်ဆိုင်ရာ ဥပဒေတွေနဲ့ ကွဲပြားခြားနားတဲ့ Collective Management Organizations ဖွဲ့စည်းဆောင်ရွက်မယ်ဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။ Collective Management Organizations(CMOs) ဆိုတာ Rights Holder မူပိုင်ရှင်တွေ၊ အခွင့်အရေးရှိသူတွေရဲ့ ကိုယ်စားလုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေ ရရှိနိုင်ဖို့အတွက် လွှဲအပ်ထားတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ CMOs တွေဟာ မူပိုင်ရှင်တွေနဲ့ အပြန်အလှန် သဘောတူညီချက်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဘယ်လိုဆက်သွယ်ဆောင်ရွက်မလဲ၊ ဘယ်အဖွဲ့အစည်းတွေပါဝင်ရမလဲ၊ ဘယ်သဘောတူစာချုပ်တွေမှာ ပါဝင်လက်မှတ်ရေးထိုးဖို့လိုမလဲဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဦးသန်းမောင်(စစ်တွေ)။ ။ မူပိုင်ခွင့် ဥပဒေလေးခုမှာစာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ဥပဒေဟာ အရှုပ်ထွေးဆုံးနဲ့ အကျယ်ပြန့်ဆုံး ဖြစ်ပါတယ်။ နိုင်ငံတော်က ဒီဥပဒေတွေကို ပြဋ္ဌာန်းပြီးပါပြီ။ နည်းဥပဒေတော့ မထွက်ရှိသေးပါဘူး။ CMOs တွေဟာ ဥပဒေအသက်ဝင်လာတဲ့အခါမှ စတင်လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုကတည်းက စတင်လှုပ်ရှားနေတဲ့ CMOs တွေ ရှိနေပါပြီ။ ကျွန်တော်တို့ စောင့်နေလို့ မရဘူး။ ဒီနေ့သီချင်းတွေ အခိုးခံနေရတယ်။ ဒီနေ့ရုပ်ရှင်တွေ အခိုးခံနေရတယ်။ ဒီနေ့စာအုပ်တွေ အွန်လိုင်းမှာ တင်ထားပြီးပြီ၊ တစ်ပြားမှ ပိုက်ဆံမရဘူး။ အမှန်တကယ်ဆိုရင် သီချင်းရေးသူ၊ စာအုပ်ထုတ်ဝေသူတွေဟာ အထိုက်အလျောက် ရရမှာဖြစ်ပါတယ်။ အခု တဖြည်းဖြည်းနဲ့ စာအုပ်ဆိုင်တွေ ပြုတ်သွားတယ်။ စာအုပ်ထုတ်ဝေသူတွေ လျော့သွားတယ်။ စာမရေးကြတော့ဘူး။ အဲဒီတော့ ဘာဖြစ်လာလဲဆိုတော့ ကလေးတွေ၊ လူငယ်တွေ စာမဖတ်ကြတော့ဘူး။ အဲဒီမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေနဲ့ နိုင်ငံ့ရဲ့ ပုံရိပ်ကိုပါ ထိခိုက်လာတယ်။ မူပိုင်ခွင့် Copyright ဟာ အမျိုးသားရေးပုံရိပ်တစ်ခု ဖြစ်ပါတယ်။

စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာတွေမှာ ကုမ္ပဏီတွေမရှိပါဘူး။ သူ့ရဲ့ မူပိုင်ခွင့်တွေကို ဘယ်သူကကာကွယ်မလဲ။ CMOs တွေက ကာကွယ်ရမှာဖြစ်ပါတယ်။ ဝန်ဆောင်ခလောက်ပဲ အထိုက်အလျောက်သာ ယူရမှာဖြစ်ပါတယ်။ ရသမျှပိုက်ဆံတွေကို မူလအခွင့်အရေးပိုင်ရှင်တွေဖြစ်တဲ့ ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာတွေကို ပေးရမယ်။ CMOs အဖွဲ့အစည်းတွေကို ကိုယ့်ရဲ့မူပိုင်ခွင့်စာအုပ်တွေ၊ တေးသီချင်းတွေ၊ ကဗျာစာအုပ်တွေကို အပ်ထားမယ်။ သုံးချင်တဲ့ သူကလည်း အဲဒီ CMOs ကိုပဲ ဆက်သွယ်မယ်။ သူအပ်ထားတဲ့ CMOs က အားလုံးဆောင်ရွက်ရပါလိမ့်မယ်။ CMOs က စီးပွားရေးလုပ်တဲ့အဖွဲ့၊ အမြတ်အစွန်းယူတဲ့အဖွဲ့မျိုး မဖြစ်ရပါဘူး။

နောက်တစ်ခုက ကျွန်တော်တို့ဟာ အခြားနိုင်ငံက သီချင်းတွေ ယူသုံးချင်သုံးမယ်။ အခြားနိုင်ငံက စာအုပ်တွေ ဘာသာပြန်ချင်ပြန်မယ်၊ ထုတ်ချင်ထုတ်မယ်။ သူတို့ဆီက CMOs တွေနဲ့ ဆက်သွယ်ရမယ်။ CMOs အချင်းချင်း ဆက်သွယ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံအတွင်း သာမက နိုင်ငံတကာက CMOs တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီစနစ် က ကျွန်တော်တို့နိုင်ငံအတွက် အစိမ်းသက်သက်ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်တို့ဆီမှာ အခုဆိုရင် နိုင်ငံခြားရုပ်ရှင်တွေ လာရိုက်တယ်။ သူများနိုင်ငံတွေမှာလည်း သွားပြီးရိုက်ကြတယ်။ CMOs ဆိုတာ မပါလို့မရဘူး။ နိုင်ငံအတွင်းသာမက နိုင်ငံတကာက CMOs တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှာဖြစ်ပါတယ်။ CMOs က ကျွန်တော်တို့ကိုယ်စား ကျွန်တော်တို့ အခွင့်အရေးတွေကို ကာကွယ်ပေးမယ့် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့အတွက် အရေးကြီးပါတယ်။ တေးရေးသူ၊ တေးဆိုသူ စသဖြင့် ကဏ္ဍအလိုက် ဖွဲ့လို့ရပါတယ်။

အစီအစဉ်မှူး ။ ။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက် CMOs အဖွဲ့အစည်းတွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ထုတ်ဝေသူ၊ စာပေအနုပညာဖန်တီးသူတွေအနေနဲ့ စာပေအနုပညာမူပိုင်ခွင့်နဲ့ ပတ်သက်ပြီး သိသင့်တဲ့အချက်အလက်တွေကို ဆွေးနွေးပေးစေလိုပါတယ်။

ဦးမျိုးအောင် ။ ။ ဒီဥပဒေဟာ ထုတ်ဝေသူတွေ၊ စာရေးသူတွေ ဖန်တီးသူတွေရဲ့ အခန်းကဏ္ဍ ဖြစ်လာပါပြီ။ အဲဒီတော့ ဒီဥပဒေကို ဖတ်ကြည့်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ မသိဘူးလို့ နောင်မှာ ပြောလို့မရပါဘူး။ ဖတ်ကြည့်ပါ။ ကိုယ့်ကို ဘာအခွင့်အရေးတွေပေးထားသလဲ။ ကိုယ်က ဘာတွေရထိုက်သလဲဆိုတာတွေကို အရင်ဆုံး သိဖို့လိုပါတယ်။ စာရေးဆရာ၊ ဖန်တီးသူဘက်ကပြောရင် သူ့မှာ အခွင့်အရေးနှစ်ခု ရှိပါတယ်။ တစ်ခုက စီးပွားရေးဆိုင်ရာ အခွင့်အရေးနဲ့ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာအခွင့်အရေးအရ လွှဲပြောင်းလို့၊ ရောင်းချလို့ရတယ်၊ ပေးလို့ရတယ်။ လုံးဝပြောင်းလဲလို့မရတာက ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးပဲဖြစ်ပါတယ်။ Moral Rights ကိုတော့ လွှဲပြောင်းလို့ မရပါဘူး။ ကိုယ့်ရဲ့ရပိုင်ခွင့်(Rights)ကို သိအောင်လုပ်ဖို့လိုပါတယ်။ ကိုယ့်ရဲ့ Rightsကို နားမလည်ဘူးဆိုရင် ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး ရအောင်ဖန်တီးရမှာ ဖြစ်ပါတယ်။ အားလုံးကို အကြံပြုချင်တာကတော့ စာချုပ်ချုပ်ကြပါ။ စာချုပ်ချုပ်ဆိုပြီး အခွင့်အရေးတွေကို အပြည့်အဝပြောဆိုရမှာ ဖြစ်ပါတယ်။ ဥပဒေအာဏာတည်သည်ဖြစ်စေ၊ မတည်သေးသည်ဖြစ်စေ မူလဖန်တီးသူတွေကို လေးစားရမှာဖြစ်ပါတယ်။ ထုတ်ဝေသူကလည်း ငွေကြေးစိုက်ထုတ်တဲ့အတွက် ဖန်တီးသူတွေပဲ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်တွေကို ထုတ်ဝေသူအနေနဲ့ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။

ဦးမြင့်ထွန်း ။ ။ ထုတ်ဝေသူတွေအနေနဲ့ ပြောမယ်ဆိုရင် ဥပဒေတွေမှာလည်း အားနည်းချက်တွေ ရှိမှာဖြစ်ပါတယ်။ ဥပဒေကိုသုံးစွဲရင်း ပြုပြင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စာအုပ်တိုက်မှာတော့ ၉၀ ရာခိုင်နှုန်းလောက်က စာချုပ်ချုပ်ဆိုပြီး ထုတ်ဝေပါတယ်။ မူပိုင်ခွင့်ဥပဒေ ထွက်သည်ဖြစ်စေ၊

စာမျက်နှာ ၁၀ သို့

စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် CMOs အကြောင်း သိကောင်းစရာစကားဝိုင်း ကျင်းပစဉ်။

စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာတွေမှာ ကုမ္ပဏီတွေမရှိပါဘူး။ သူ့ရဲ့မူပိုင်ခွင့်တွေကို ဘယ်သူကကာကွယ်မလဲ။ CMOs တွေက ကာကွယ်ရမှာဖြစ်ပါတယ်။ ဝန်ဆောင်ခလောက်ပဲ အထိုက်အလျောက်သာ ယူရမှာဖြစ်ပါတယ်။ ရသမျှပိုက်ဆံတွေကို မူလအခွင့်အရေးပိုင်ရှင်တွေဖြစ်တဲ့ ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာတွေကို ပေးရမယ်။ CMOs အဖွဲ့အစည်းတွေကို ကိုယ့်ရဲ့မူပိုင်ခွင့်စာအုပ်တွေ၊ တေးသီချင်းတွေ၊ ကဗျာစာအုပ်တွေကို အပ်ထားမယ်။ သုံးချင်တဲ့သူကလည်း အဲဒီ CMOs ကိုပဲ ဆက်သွယ်မယ်။ သူအပ်ထားတဲ့ CMOs က အားလုံးဆောင်ရွက်ရပါလိမ့်မယ်။ CMOs က စီးပွားရေးလုပ်တဲ့ အဖွဲ့၊ အမြတ်အစွန်းယူတဲ့အဖွဲ့မျိုး မဖြစ်ရပါဘူး

ဒုတိယဝန်ကြီး ဦးတင်မြင့် ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်သည် မြန်မာ-ကိုရီးယား ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yoon Jong-In ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များ ဆောင်ရွက်နေမှု၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီမင်းနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးတင်မြင့် ကိုရီးယားသမ္မတနိုင်ငံ ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yoon Jong-In ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်အဖွဲ့) မင်္ဂလာဒုံ-သီလရှင် ပညာရေးကျောင်းသို့ ဆေးကုသအလှူပေး

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မေတ္တာရွာ နိုင်ငံတော် အသိအမှတ်ပြု ကျိုက္ကလော့သီလရှင်ပညာရေးကျောင်းမှ သီလရှင်ကျောင်းသူ ၁၉၄ ပါးတို့အား မြန်မာနိုင်ငံဆရာဝန် အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့)ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကျင် ဦးဆောင်ကာ စက်တင်ဘာ ၂၁ ရက်က ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် သက်ဆိုင်သော ရောဂါအလိုက်ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ သီလရှင်ပညာရေးကျောင်းဝင်းအတွင်းရှိ "သာသနဒီပါ" ဓမ္မာရုံတော်ကြီးခန်းမဆောင်တွင် အဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဆိုသော ခေါင်းစဉ်ဖြင့် ဟောပြောပြီး အမျိုးသမီးဆရာဝန် အမှုဆောင်အဖွဲ့ဝင် သမားတော်ကြီးများ၊ အထူးကုဆရာဝန်များ၊ အထွေထွေဆရာဝန်များ ပါဝင်သော အမျိုးသမီး ဆရာဝန် ၁၂ ဦးတို့က အုပ်စုခြောက်စုခွဲကာ သီလရှင်ဆရာလေးများအား ဆီးချို၊ သွေးချိုစစ်ဆေးခြင်း၊ အရေပြားရောဂါဆိုင်ရာများ၊ အမျိုးသမီးရောဂါများကို ရှာဖွေစစ်ဆေးကုသပေးခြင်း ဆောင်ရွက်ပေးကြသည်။ ထို့နောက် အဖွဲ့ရန်ပုံငွေနှင့် ဆေးကုဆရာဝန်ကြီးများ ထည့်ဝင်အလှူငွေကျပ် ၃၅၀၀၀၀ နှင့် ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ကုန်ခြောက်ပစ္စည်းတို့ကို တာဝန်ခံ သီလရှင်ဆရာလေး ဒေါ်ပဝရတီထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

စာမျက်နှာ ၉ မှ

မထွက်သည်ဖြစ်စေ စာချုပ်ကို သေချာချုပ်ဆိုဖို့ လိုပါတယ်။ ဒီနေ့ခေတ်က ဒစ်ဂျစ်တယ်ခေတ်ကို သွားနေတာ ဖြစ်ပါတယ်။ Digital Platform မှာ မမျှော်မှန်းနိုင်တဲ့ အခက်အခဲတွေ ရှိလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် စာချုပ်စာတမ်းတွေကို သေချာချုပ်ဆိုရမှာ ဖြစ်ပါတယ်။ နည်းပညာပိုင်း တိုးတက်လာတဲ့အတွက် စိတ်ချရတဲ့ အပိုင်းတွေ ရှိသလို စိတ်မချရတဲ့အပိုင်းတွေလည်း ရှိလာမှာ ဖြစ်ပါတယ်။ ထုတ်ဝေသူနဲ့ စာရေးသူတွေက နောက်ပိုင်းမှာ အခွင့်အရေးတွေ အများကြီး ပေါ်ပေါက်လာနိုင်ပါတယ်။ အဓိကကတော့ စာချုပ်စာတမ်းတွေကို သေချာချုပ်ဆိုဖို့ လိုပါတယ်။

အစီအစဉ်မှူး ။ ။ စာပေအနုပညာ မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး စာရေးဆရာတစ်ဦးရဲ့ ရှုထောင့်က ဆွေးနွေးပေးစေလိုပါတယ်။

ဦးကြည်ရွှန်း ။ ။ စာရေးသူတွေမှာ မူပိုင်ခွင့်ဆိုင်ရာ ချိုးဖောက်ခံရတာ စာချုပ်မရှိလို့ ဖြစ်ပါတယ်။ စာရေးသူတွေဟာ ကိုယ့်ရဲ့ရပိုင်ခွင့် Rights ကို သိဖို့လိုပါတယ်။ နားမလည်ဘူးဆိုရင် ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်သင့်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၁၄ ခုနှစ်ကတည်းက မူပိုင်ခွင့်ဥပဒေရှိပြီး ဖြစ်ပါတယ်။ ခေတ်ကာလနဲ့ မလျော်ညီတဲ့အတွက် ပြင်ဆင်ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ စာရေးဆရာတွေဟာ ဦးနှောက်ကိုသုံးပြီး လုပ်ရတာ ဖြစ်ပါတယ်။ နိုင်ငံခြားစာအုပ်တွေကို ဘာသာပြန်ဆိုတဲ့အခါမှာလည်း မူရင်းစာရေးသူတွေကို ဆက်သွယ်ဖို့ ခက်ခဲပါတယ်။ အဲဒီအခါ CMOs တွေနဲ့ ဆက်သွယ်ဆောင်ရွက်ရပါတယ်။

အစီအစဉ်မှူး။ ။ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးရင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နည်းဥပဒေပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ စာပေနှင့် အနုပညာဆိုင်ရာ နည်းဥပဒေတွေနဲ့ ပတ်သက်လို့ ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။ CMOs တည်ထောင်ရေးနဲ့ စပ်လျဉ်းတဲ့ နည်းဥပဒေကို ဘယ်လိုရေးဆွဲဆောင်ရွက်မယ်ဆိုတဲ့ နည်းဥပဒေရေးဆွဲခြင်းနဲ့ ပတ်သက်တဲ့ အခြေအနေကို ဆွေးနွေးပေးစေလိုပါတယ်။

ဒေါက်တာဒေါ်နွယ်ရီဝင်း ။ ။ ပထမဆုံးအနေနဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို အကောင်အထည်ဖော်ဖို့ လျာထားပါတယ်။ နောက်ပြီး စက်မှုနဲ့ စာပေ၊ နောက်ဆုံးမှ တီထွင်မှုကို အကောင်အထည်ဖော်ဖို့ လျာထားပါတယ်။ မူပိုင်ခွင့်နည်းဥပဒေတွေ ထွက်ဖို့ဆောင်ရွက်နေပြီး WIPO က အကူအညီတွေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေက ဥပဒေတွေကိုလည်း လေ့လာနေပါတယ်။ စာပေနှင့် အနုပညာအတွက် Application Form ပြင်ဆင်နေပြီး WIPO က ရရှိလာတဲ့ နည်းဥပဒေကြမ်းတွေကို နိုင်ငံရဲ့လိုအပ်ချက်တွေ ထည့်သွင်းဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ ၂၀၁၅ ခုနှစ် ယှဉ်ပြိုင်မှုဥပဒေ အခန်း(၃)၊ အခြေခံမူပုဒ်မ ၄(ဆ)မှာ "ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သောစွမ်းရည်ကို အားပေးမြှင့်တင်ရေး" ဆိုတာ ပြဋ္ဌာန်းပါရှိပါတယ်။ မူပိုင်ခွင့်ဥပဒေနဲ့ ယှဉ်ပြိုင်မှုဥပဒေတို့ ချိတ်ဆက်မှု၊ အကျိုးသက်ရောက်မှုတို့ကို ဆရာ့အနေနဲ့ ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။

ဦးသန်းမောင် (စစ်တွေ)။ ။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေမှာ ပုဒ်မပေါင်း ၁၀၀ ကျော် ပါဝင်တယ်။ မူပိုင်ခွင့်အားလုံးမှာ စာချုပ်အကြောင်းပဲ အဓိကပြောသွားပါတယ်။ စာချုပ်ချုပ်ဆိုရာမှာ ဥပဒေက ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို ပြောနေမှာ မဟုတ်ပါဘူး။ Contract Act ၁၈၇၂ ဥပဒေနဲ့ စာချုပ်ချုပ်ဆိုရမှာ ဖြစ်ပါတယ်။ ဒီဥပဒေထက်ကောင်းတဲ့ ဥပဒေမရေးဆွဲနိုင်သေးပါဘူး။ ပဋိညာဉ်ဥပဒေနဲ့ ယှဉ်ပြိုင်မှုဥပဒေကို ပြောကြားလိုပါတယ်။ မူပိုင်ခွင့်နဲ့ ပတ်သက်တဲ့ Agency Agreement ၊ IP Word Agreement စတဲ့ စာချုပ်ပေါင်းများစွာ ရှိပါတယ်။ Copyright က TRIPs Agreement ကို ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ပြည်ပအဖွဲ့အစည်းတွေက စာချုပ်ကို နိုင်ထက်စီးနင်းချုပ်ဆိုတာတွေ ရှိပါတယ်။ သူတို့ရဲ့အကျိုးစီးပွားကို ကာကွယ်တာ ဖြစ်ပါတယ်။ ကိုယ့်ဘက်က ရပိုင်ခွင့်ကို ဘယ်လိုပြန်တောင်းရမယ်ဆိုတာကို သိဖို့လိုပါတယ်။ အဲဒါတွေက စာချုပ်ချုပ်ဆိုရာမှာ အရေးကြီးပါတယ်။ ယှဉ်ပြိုင်မှုဥပဒေနဲ့ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို တွဲပြီးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုဥပဒေပုဒ်မ ၁၈ မှာ ထည့်သွင်းထားပါတယ်။ ပုဒ်မ ၁၈(က) ဥပဒေနဲ့ အညီမလုပ်ဘဲ ချိုးဖောက်ရင် ထောင်ဒဏ်တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ ပါရှိပါတယ်။ မူပိုင်ခွင့်ဥပဒေနဲ့အတူ ဆက်စပ်ဥပဒေတွေကို သိရှိဖို့လိုပါတယ်။

အစီအစဉ်မှူး ။ ။ စာပေနှင့် အနုပညာမူပိုင်ခွင့်နဲ့ ပတ်သက်ရင် အငြင်းပွားမှုတွေ အများကြီးပါတယ်။ အငြင်းပွားမှုပြဿနာတွေကို နည်းမျိုးစုံဖြေရှင်းနေကြတာလည်း တွေ့ရပါတယ်။ အငြင်းပွားမှုတွေ လျော့နည်းအောင် လက်တွေ့နယ်ပယ်မှာ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတွေ အမှန်တကယ်ရရှိရေးအတွက် CMOs တွေရဲ့ အခန်းကဏ္ဍက ဘယ်လောက်အရေးပါသလဲ၊ ဘယ်လိုပြင်ဆင် ဆောင်ရွက်သင့်သလဲ၊ ဘယ်လိုပုံစံ ဖြစ်သင့်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။

ဦးမျိုးအောင် ။ ။ မူပိုင်ခွင့်ဥပဒေလေးခုမှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေက အရေးကြီးပါတယ်။ ရရှိလာတဲ့ အကျိုးအမြတ်ကလည်း ငွေကြေးတစ်ခုတည်းမဟုတ်ဘဲ တိုင်းပြည်အတွက်လည်း အကျိုးရှိလာမှာ ဖြစ်ပါတယ်။ ကိုယ်ရရှိမယ့်ရပိုင်ခွင့် Rights ကို သိရှိဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ စာရေးဆရာတွေနဲ့က တိုက်ရိုက်စာချုပ်ချုပ်ဆို ထုတ်ဝေကြပါတယ်။ နိုင်ငံတကာမှာ CMOs ထက် စာရေးသူတွေရဲ့ အေးဂျင့်ရှိပါတယ်။ စာရေးဆရာတွေနဲ့ တိုက်ရိုက်ဆက်သွယ်လို့ မရပါဘူး။ သူတို့ရဲ့ အေးဂျင့်နဲ့သာ ဆက်သွယ်ဆောင်ရွက်ရပါတယ်။ မကြာခင်မှာ Berne Convention စာချုပ်မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ချုပ်ဆိုဖို့ရှိပါတယ်။ Berne Convention စာချုပ်ဝင်သွားရင် နိုင်ငံတကာက လေးစားကြမှာ ဖြစ်ပါတယ်။ အာဆီယံနိုင်ငံအချင်းချင်း ကူညီရမယ်ဆိုတဲ့ Rights ရှိပါတယ်။ ကိုယ့်ဘက်ကမှန်မှသာ သူများနိုင်ငံတွေရဲ့ Rights ကို ရရှိမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ CMOs တွေပေါ်လာမှာ ဖြစ်ပါတယ်။ စာရေးသူတွေဟာ ကိုယ့်ရဲ့စာမူတွေကို CMOs တွေထံ အပ်ထားသင့်ပါတယ်။ ဥပဒေနဲ့ပတ်သက်တဲ့ သိထားစရာတွေ အများကြီးရှိပါတယ်။

အစီအစဉ်မှူး ။ ။ မူပိုင်ခွင့်နဲ့ပတ်သက်လို့ ၁၉၁၄ ခုနှစ်မှာ မူပိုင်ခွင့်အက်ဥပဒေရှိပါတယ်။ ၁၉၁၄ ခုနှစ်ဥပဒေက Digital Environment အထိ အကာအကွယ်မပေးနိုင်ပါဘူး။ အသစ်ရေးဆွဲထားတဲ့ ဥပဒေဟာ Digital Environment အထိ အကာအကွယ်ပေးနိုင်တယ်ဆိုတာကို တွေ့ရှိရပါတယ်။ ထုတ်ဝေသူတစ်ဦးအနေနဲ့ အနာဂတ် ထုတ်ဝေရေးကာလမှာ ရွှေ့ရောင်လွှမ်းမယ့် လမ်းစတွေအကြောင်းနဲ့ မူပိုင်ခွင့်အရေးပါမှု၊ CMOs အဖွဲ့အစည်းတွေ အရေးပါမှုအကြောင်းကို ဆွေးနွေးပြောကြားပေးစေလိုပါတယ်။

ဦးမြင့်ထွန်း ။ ။ ထုတ်ဝေသူတွေရဲ့ အနာဂတ်က ရွှေရောင်လွှမ်းမယ့် အနေအထားရှိပါတယ်။ စာရေးသူတွေရဲ့ Creation လုပ်လိုက်တဲ့အပေါ် မူတည်ပြီး Rights တွေ ရရှိမှာဖြစ်ပါတယ်။ ထုတ်ဝေသူမှာလည်း သူလုပ်လိုက်တဲ့ Creation အတွက် Rights ရရှိမှာဖြစ်ပါတယ်။ စာရေးသူတွေအတွက် ဉာဏပစ္စည်းအတွက် Moral Right ရပိုင်ခွင့်ရှိပါတယ်။ Digital ခေတ်ကြီးမှာ ကျွန်တော်တို့ အိပ်မက်မက်ခွင့် ရှိပါတယ်။ စာရေးသူတွေ နိုင်ငံတကာမှာ ကြိုက်မယ့် စာမျိုး ရေးသားဖို့လိုပါတယ်။ E-version အနေနဲ့ တင်ဖို့ဆိုရင် ဘာသာပြန်နိုင်တဲ့ ဆရာတွေရှိပါတယ်။ ကျွန်တော်တို့မှာ ကုမ္ပဏီမရှိပါဘူး။ ထုတ်ဝေခွင့်ကတ်နဲ့သာ ထုတ်ဝေနေတာ ဖြစ်ပါတယ်။ စာရေးသူတွေအနေနဲ့ စာချုပ်ကို သေချာဖတ်ရှုပြီးမှသာ ချုပ်ဆိုဖို့လိုပါတယ်။ ထုတ်ဝေသူဘက်ကတော့ အကျိုးအမြတ်ကိုကြည့်ပြီး ချုပ်ဆိုမှာဖြစ်ပါတယ်။ စာရေးဆရာအနေနဲ့ ထုတ်ဝေသူဘက်က နိုင်ထက်စီးနင်းပြုလုပ်တဲ့ စာချုပ်တွေကို မချုပ်ဆိုလိုကြပါဘူး။ ဒီနေ့ခေတ်မှာ ထုတ်ဝေသူတွေ အများကြီးရှိပါတယ်။ စာရေးသူတွေဘက်က စိတ်မပျက်ဘဲ မိမိဖန်တီးနိုင်သလောက် ကောင်းကောင်းဖန်တီးဖို့လိုပါတယ်။ နောင်တစ်ချိန်မှာ ထုတ်ဝေသူနဲ့ စာရေးသူတွေဟာ အောင်မြင်မှုရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော် မလေးရှားနိုင်ငံက မြန်မာပြည်ဖွား စာရေးဆရာမတစ်ဦးရဲ့ စာအုပ်ကိုထုတ်ဖို့တောင်းတဲ့အခါ စာအုပ်ရဲ့ Right ကို သူမပိုင်ဘူးလို့ ပြောပါတယ်။ စင်ကာပူနိုင်ငံက ထုတ်ဝေသူနဲ့ ညှိနှိုင်းပြီး ခရီးစဉ်ကုန်ကျစရိတ်ကို ထုတ်ဝေသူဘက်က ကျခံမယ်ဆိုရင် စာအုပ်ကို အခမဲ့ပေးမယ်လို့ စာချုပ်မှာ ထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။ စာရေးသူနဲ့ထုတ်ဝေသူ ညှိနှိုင်းပြီး Right ကို တောင်းဆိုလို့ ရပါတယ်။ နားမလည်ရင် နားလည်တတ်ကျွမ်းတဲ့ ဥပဒေပညာရှင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ လက်ရှိမှာ စာရေးဆရာတွေအနေနဲ့ နည်းလမ်းမျိုးစုံက မူပိုင်ခွင့် ချိုးဖောက်ခံနေရတာတွေ ရှိပါတယ်။ CMOs အဖွဲ့အစည်းတွေ ပေါ်ပေါက်လာရင် စာပေအနုပညာဖန်တီးသူတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေရှိလာမလဲဆိုတာ ဥပဒေရှုထောင့်၊ စာရေးဆရာရှုထောင့်က ဆွေးနွေးပေးစေလိုပါတယ်။

ဦးကြည်ရွှန်း ။ ။ မူပိုင်ခွင့်နဲ့ ပတ်သက်လို့ စာရေးဆရာတွေရဲ့ အကျိုးခံစားခွင့် ချိုးဖောက်ခံရတာ စာချုပ်မချုပ်ဆိုတာကြောင့် ဖြစ်ပါတယ်။ မူပိုင်ခွင့်က ကိုယ့်ရဲ့ပစ္စည်းကို ဥပဒေအရ ကာကွယ်ပေးတာဖြစ်ပါတယ်။ စာရေးသူတွေကိုယ်တိုင်က မူပိုင်ခွင့်ချိုးဖောက်ခံရတာကိုလည်း သိဖို့လိုပါတယ်။ စာရေးသူတွေဟာ ကိုယ့်ရဲ့စာမူတွေကို စောင့်ရှောက်ဖို့ မလွယ်ကူပါဘူး။ အဲဒါကြောင့် CMOs တွေ ပေါ်ပေါက်လာရင် CMOs အဖွဲ့အစည်းတွေက စာရေးသူတွေရဲ့ အကျိုးခံစားခွင့်ကို ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ ဥပဒေနဲ့ စည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပြီး တာဝန်သိစိတ်ရှိမှသာ ဥပဒေ အကျိုးသက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ ထွက်ရှိလာတဲ့အတွက် စာရေးသူ၊ ဖန်တီးသူနဲ့ ပြည်သူလူထုတွေအကြား အကျိုးအမြတ်ရရှိလာမှာ ဖြစ်ပါတယ်။

နန္ဒာဝင်း

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



(၈) မူပိုင်ခွင့်အသိရှိပါ။

Facebook ပေါ်ရှိ အကြောင်းအရာတစ်ခုကို အခြားအသုံးပြုသူများအား ဖြန့်ဝေခြင်းများ မလုပ်မီ သင့်တွင် မျှဝေပိုင်ခွင့်ရှိ၊ မရှိကို သေချာအောင် ဆန်းစစ်စေလိုပါသည်။

(၇) ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏ ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏ သဘောတူညီချက်မရှိပဲ တစ်ဆင့် ပြန်လည်ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။

ပခုက္ကူခရိုင်တွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် နှစ်လခန့်အတွင်း အိမ်ထောင်စု ၁၂၂ စု ရွှေ့ပြောင်းနေထိုင်ခဲ့ရ

ပခုက္ကူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၂၀ ရက်ထိ နှစ်လခန့်ကာလအတွင်း အိမ်ထောင်စု ၁၂၂ စု၊ လူဦးရေ ၅၁၀ ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ဧရာဝတီမြစ်ရေကြီးလာသဖြင့် ပခုက္ကူခရိုင်အတွင်းရှိ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံသည့် နေရာအနီးတွင် နေထိုင်ကြသည့် ကျေးရွာများမှ အိမ်ထောင်စုများမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီး အခြေချနေထိုင်သည့် မြေနှင့် စိုက်ပျိုးမြေများလည်း ဆုံးရှုံးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

ဩဂုတ်လထဲတွင် အိမ်ထောင်စု ၁၈ စု လူဦးရေ ၅၈ ဦး ရွှေ့ပြောင်းခဲ့ရခြင်းအပေါ် ကယ်ဆယ်ရေးပစ္စည်းနှင့် ရွှေ့ပြောင်းနေထိုင်စရိတ်ငွေကျပ် ၁၇၇၇၃၃၀၊ စက်တင်ဘာ ၁ ရက် မှ ၂၀ ရက်အထိ အိမ်ထောင်စု ၁၀၄ စု လူဦးရေ ၄၅၂ ဦး ရွှေ့ပြောင်းခဲ့ရခြင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀၅၄၉၂၀၀ တို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

နိုင်ငံတစ်ဝန်းရှိ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံ ၃၆ ခု စာရင်း

(၂၃-၉-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(ဝ၆း၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ)	ရေလှောင် ပမာဏ (ဧကပေ)	ရေ အနက် (ပေ)	ရေလှောင် ပမာဏ (ဧကပေ)	မိုး ရေချိန် (လက်မ)	ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ)
		ကရင်ပြည်နယ်						
၁	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်/	၃၆	၂၈၄၇၄	၃၆.၂၅	၂၉၁၁၆	-	၀.၂၅
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				
		ချင်းပြည်နယ်						
၂	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၈	၆၉.၃၀	၁၉၁၆	၀.၁၀	၀.၅၀
		ဖလမ်းမြို့	၂၆	၁၀၃				
		စစ်ကိုင်းတိုင်းဒေသကြီး						
၃	ရာဇဂြိုဟ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	၁၄၆.၇၀	၅၃၆၁၅	၁.၃၅	၁.၇၀
		ကလေးမြို့	၈၅	၈၀၀၀				
		ပဲခူးတိုင်းဒေသကြီး (အရှေ့)						
၄	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	၈၀.၃၀	၃၀၇၈၅	-	၀.၃၀
		တောင်ငူမြို့	၂၅.၆	၁၅၀၅				
၅	ရေသိုးရေလှောင်တမံ	တောင်ငူခရိုင်/	၅၀	၁၅၅၀၀	၅၁.၂၀	၁၇၂၈၂	၀.၁၁	၁.၂၀
		အုတ်တွင်းမြို့	၂၂.၈၅	၇၂၅				
၆	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၉.၉၀	၂၆၀၃	-	၁.၉၀
		အုတ်တွင်းမြို့	၂၅	၅၀၀				
၇	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	၂၂၂.၇၅	၆၉၀၈၂၂	၀.၅၈	၃.၇၅
		ဖြူးမြို့	၁၁၆.၆	၂၉၄၉				
၈	ရဲနွယ်ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀၅	၉၃၁၈၀၀	၂၀၆.၉၀	၉၆၈၈၇၇	၀.၈၅	၁.၉၀
		ကျောက်တံခါးမြို့	၈၈.၂	၃၄၉၀၀				
၉	ဘိုင်းဒါးရေလှောင်တမံ	ပဲခူးခရိုင်/	၁၀၉	၃၇၃၉၀၂	၁၀၉.၃၀	၃၇၈၀၃၈	၀.၃၅	၀.၃၀
		ဒိုက်ဦးမြို့	၆၂	၅၆၂၀၀				
၁၀	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	၇၃.၆၀	၃၆၁၆၀	၀.၂၆	၀.၆၀
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				
၁၁	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	၄၁.၈၀	၁၁၈၀၂	၁.၇၅	၁.၈၀
		ဒိုက်ဦးမြို့	၈	၁၄၂၈				
၁၂	မဇင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	၅၃.၁၀	၂၇၇၄၁	-	၁.၁၀
		ပဲခူးမြို့	၂၅	၂၄၇၆				
၁၃	ဇလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၉၁၂	၄၀.၄၀	၁၉၈၈၄	-	၀.၉၀
		ပဲခူးမြို့	၁၂.၅	၇၅၀				
		ပဲခူးတိုင်းဒေသကြီး (အနောက်)						
၁၄	ဝဲကြီးရေလှောင်တမံ	ပြည်ခရိုင်/	၁၀၂	၂၅၂၀၀၀	၁၀၃.၁၀	၂၆၁၂၅၀	၀.၅၆	၁.၁၀
		ပေါင်းတည်မြို့	၇၀	၂၅၀၀၀				
၁၅	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀၀	၉၆.၂၀	၂၂၀၀၀၀	၀.၈၀	၁.၂၀
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅၀				
၁၆	ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	၁၀၀.၃၀	၂၆၈၈၂	-	၀.၃၀
		ဇီးကုန်းမြို့	၆၅	၅၈၄၂				
၁၇	ကံတင်ဘီးလင်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၅	၁၃၄၁၇၅	၁၀၇.၂၀	၁၄၄၈၇၃	၀.၉၈	၂.၂၀
		မင်းလှမြို့	၅၅	၇၅၇၈				
၁၈	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	၆၈.၃၅	၆၇၀၈၈	၀.၃၆	၂.၃၅
		လက်ပံတန်းမြို့	၄၀	၄၁၂၀				
		မကွေးတိုင်းဒေသကြီး						
၁၉	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	၁၈၅.၅၅	၃၈၁၂၁၉	၁.၁၅	၀.၅၅
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				
၂၀	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	၁၄၁.၄၀	၆၃၅၆၉၈	၀.၄၉	၁.၄၀
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				
၂၁	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	၁၂၀.၈၀	၁၂၃၂၀၀	၀.၂၄	၀.၈၀
		ငဖဲမြို့	၆၀	၁၀၅၀၀				
၂၂	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	၁၂၆.၉၀	၃၃၄၆၆၀	၁.၀၈	၃.၄၀
		ပွင့်ဖြူ	၅၆	၂၄၃၇၂				
၂၃	ဘွက်ကြီးရေလှောင်တမံ	သရက်ခရိုင်/	၉၅	၇၃၁၉၂	၉၅.၅၀	၇၄၆၆၉	၀.၃၅	၀.၅၀
		အောင်လံမြို့	၆၁	၁၇၆၁၅				
၂၄	ပဒဲရေလှောင်တမံ	သရက်ခရိုင်/	၁၀၅	၃၂၈၉၀	၁၀၅.၆၀	၃၃၆၉၃	၂.၀၀	၀.၆၀
		အောင်လံမြို့	၇၈	၈၉၃၀				
		မန္တလေးတိုင်းဒေသကြီး						
၂၅	လက်ခုပ်ပင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၇	၉၅၀	၂၇.၄၀	၁၀၁၀	-	၀.၄၀
		မိတ္ထီလာမြို့	၂၄	၆၆၈				
၂၆	လွန်ငင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၈.၅	၄၃၄	၂၉.၁၀	၄၇၈	-	၀.၆၀
		မိတ္ထီလာမြို့	၂၄	၂၀၇				
၂၇	ချောင်းကောက်ရေလှောင်တမံ	ရမည်းသင်းခရိုင်/	၆၅.၅	၁၃၆၂၅	၆၆.၄၀	၁၄၃၀၀	၁.၁၂	၀.၉၀
		ပျော်ဘွယ်မြို့	၅၄	၅၀၀၀				
		ရခိုင်ပြည်နယ်						
၂၈	ရှောက်ချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	၄၃.၁၀	၁၁၄၆	၀.၂၀	၀.၁၀
		ကျောက်တော်မြို့	၁၇	၁၂၀				
		ရန်ကုန်တိုင်းဒေသကြီး						
၂၉	လဂွမ်းပြင်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၅၄	၁၄၈၈၀၀	၅၄.၆၀	၁၅၀၁၅၀	-	၀.၆၀
		လှည်းကူးမြို့	၁၈	၅၁၆၀				
၃၀	မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၉၀	၅၃၉၉၂	၉၀.၅၀	၅၄၉၄၃	-	၀.၅၀
		လှည်းကူးမြို့	၃၄	၂၅၀၀				
၃၁	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၆၂	၁၈၀၀၀၀	၆၃.၂၀	၁၉၀၄၀၀	-	၁.၂၀
		လှည်းကူးမြို့	၃၆	၁၂၀၀၀				
၃၂	ဘန့်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၃	၁၇၃၅	၁၃.၃၅	၁၈၁၂	၀.၅၆	၀.၃၅
		ကျောက်တန်းမြို့	၂.၅၀	၁၅၀				
၃၃	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၂	၅၃၆၄	၁၂.၃၀	၅၅၇၆	-	၀.၃၀
		သန်လျင်မြို့	၂	၃၂၆				
		ဧရာဝတီတိုင်းဒေသကြီး						
၃၄	နန်ကသူရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၃၈	၄၀၄၈၇	၁၃၈.၂၀	၄၀၅၈၃	၀.၆၃	၀.၂၀
		အင်္ဂပူမြို့	၅၈	၆၆၁၈				
၃၅	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	၁၇၅.၀၀	၁၄၆၈၉၀	၀.၉၀	၁.၀၀
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				
		နေပြည်တော်တိုင်း						
၃၆	သဲဖြူရေလှောင်တမံ	နေပြည်တော်တိုင်း/ဒက္ခိဏခရိုင်	၅၃	၈၇၁၈	၅၃.၂၂	၈၈၄၁	-	၀.၂၂
		လယ်ဝေးမြို့	၂၅	၆၈၇				

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ၂၀၁၉ ကျင်းပမည်

ရန်ကုန်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို "အားလုံးအနာဂတ်ကောင်းမွန်ရေး၊ ခရီးသွားအလုပ်အကိုင်ဖော်ဆောင်ပေး" (Tourism and Jobs: A better Future for All) ဆောင်ပုဒ်ဖြင့် စက်တင်ဘာ ၂၇ ရက်၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနား ကျင်းပမည်

နေပြည်တော်
အဌမအကြိမ်မြောက် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

မောင်လှမော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၈၁ ခုနှစ်၊ လဆန်း/လပြည့်ကျော် ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)၊ ပုဒ်မခွဲငယ်စိတ် (ဂဂ) ၏ နောက်တွင် ပုဒ်မခွဲငယ်စိတ် (ဃဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။"

(ခ) ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ရမည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် အသက်ကျော်ကစားသမားငါးဦး ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၃
ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အသက်ကျော်ကစားသမား ငါးဦးကို ပဏာမ စာရင်းတွင် ထည့်သွင်းရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးက သတ်မှတ်ထားသည့်စည်းမျဉ်းအတိုင်း မြန်မာ ယူ-၂၂ အသင်းသည် ပဏာမကစားသမားစာရင်းတွင် အသက် ၂၂ နှစ်အထက် ကစားသမားငါးဦး ရွေးချယ်ခဲ့ပြီး ပြိုင်ပွဲတွင် အသုံးပြုခွင့်ရမည့်နှစ်ဦးကို ပြိုင်ပွဲနီးမှ ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် အသက်ကျော်ကစားသမားများအဖြစ် နောက်ခံလူ ဇော်မင်းထွန်း (ချောင်ဘူရီ)၊ ကွင်းလယ်ကစားသမား လှိုင်းဘိုဘို (ရတနာပုံ)၊ တောင်ပံကစားသမား စည်သူအောင် (ရတနာပုံ)၊ တိုက်စစ်မှူးများဖြစ်သည့် အောင်သူ (မြောင်တောင်) နှင့် ကျော်ကိုကို (ဆာမတ်ပရာခန်) တို့ကို ရွေးချယ်ထားပြီး မကြာမီအသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၀၁ ခုနှစ်မှစ၍ အသက်ကန့်သတ်ချက်များ သတ်မှတ်ခဲ့ပြီး ယခုနှစ်မှ အသက်ကျော်ကစားသမားနှစ်ဦးကို ပထမဆုံးအသုံးပြုခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အသက် ၂၃ နှစ်အထက် ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခဲ့ပြီး ကျော်ဇင်ထက် (ဂိုး)၊ ဇော်မင်းထွန်းနှင့် ဒွေးကိုကိုချစ်တို့ ထည့်သွင်းအသုံးပြုခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာ ၂၃ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်လျက်ရှိပြီး အသက် ၂၂ နှစ်အောက်ကစားသမား ၃၅ ဦး၊ အသက်ကျော် ကစားသမား ငါးဦး စုစုပေါင်း ၄၀ ဖြင့် ဖွဲ့စည်းထားသည်။

ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

တိုက်စစ်မှူး အောင်သူ

◆ *ကျောဖုံးမှ*

အနိုင်ရကာ ဒုတိယအကျော့အိမ်ကွင်း၌ သရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် ရှုံးထွက် ဗိုလ်လုပွဲတွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၇ ရာသီတွင် တွေ့ဆုံစဉ် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ယခုရာသီတွင် ရာသီကြို ချာရတီဖလား၊ အမှတ်ပေးဖလားတို့ ရရှိထားပြီး ရှုံးထွက်ပြိုင်ပွဲတွင် ထပ်မံ ဗိုလ်စွဲပါက တစ်ရာသီတည်း ပြိုင်ပွဲသုံးခု၌ ဗိုလ်စွဲမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ရာသီတွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် မကျင်းပနိုင်သည်မှလွဲ၍ ကျန်ရာသီများတွင် ပုံမှန်အတိုင်း ကျင်းပခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ရှစ်ကြိမ်တွင် ရာေဝတီအသင်းက သုံးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ (ယခင် ဉဿာယူနိုက်တက်)၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ယခုရာသီတွင် ချန်ပီယံဖြစ်ဖူးသည့်အသင်းနှစ်သင်း တွေ့ဆုံသောကြောင့် ချန်ပီယံအသင်းသစ် ထွက်ပေါ် လာဖွယ်မရှိဘဲ နောက်တစ်ကြိမ် ဗိုလ်စွဲရေးအတွက်သာ ကြိုးပမ်းရမည်ဖြစ်သည်။

ရန်ကုန်အသင်း နည်းပြချုပ် ဦးတင်မောင်ထွန်းက "အမှတ်ပေးပြိုင်ပွဲမှာ ချန်ပီယံဆုလက်လွှတ်ခဲ့ရလို့ ရှုံးထွက်ပြိုင်ပွဲမှာ ချန်ပီယံဆုကာကွယ်နိုင်အောင် ကြိုးပမ်းသွားမှာပါ။ ကျွန်တော်တို့အတွက် ဒီရာသီ နောက်ဆုံးချန်ပီယံမျှော်လင့်ချက်ဖြစ်တဲ့အပြင် လာမယ့်ရာသီ AFC Cup ပြိုင်ပွဲဝင်ခွင့်အတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်တာကြောင့် ကြိုးစားမှာပါ။ မျှော်လင့်ချက်နှစ်ခုအတွက် ကြိုးပမ်းမှာဖြစ်ပေမယ့် ဖိအားတော့ မရှိပါဘူး။ အကောင်းဆုံးကြိုးစားမှာပါ" ဟု ပြောကြားသည်။

ဦးတင်မောင်ထွန်းသည် ရာသီဝက်မှ ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူနေခြင်းဖြစ်ပြီး ၎င်းလက်ထက်တွင် ပြိုင်ပွဲစုံ ၁၅ ပွဲစလုံး ရှုံးပွဲမရှိသေးပေ။ ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးအောင်နိုင်က "ဗိုလ်လုပွဲဖြစ်ပေမယ့် ထူးထူးခြားခြား ပြင်ဆင်ထားတာ မရှိပါဘူး။ ဖိအားလည်းမရှိပါဘူး။ ရှုံးထွက်ပြိုင်ပွဲမှာ ထပ်မံဗိုလ်စွဲဖို့အတွက် အကောင်းဆုံးကြိုးစားမှာပါ" ဟု ပြောကြားသည်။

ဦးအောင်နိုင်မှာလည်း ပထမအကျော့ကျင်းပနေစဉ်ကာလအတွင်း နည်းစနစ်ဒါရိုက်တာအဖြစ်မှ ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူနေခြင်းဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲတွင် စံချိန်သစ်အဖြစ် ရှုံးပွဲမရှိဘဲ ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးထားသည်။

ညီမြတ်သော်တာ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အိုလံပစ်ဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်နှင့် အဖွဲ့ဝင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်တို့ စက်တင်ဘာ ၂၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်စဉ်။

အေကေလင်း

❒ *ကျောဖုံးမှ*

ယင်းပြိုင်ပွဲတွင် အာရှဒေသတွင်းမှ ကစားသမားများအပြင် ဥရောပ၊ အာဖရိကနှင့် သမုဒ္ဒရာဇုန်မှ ကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် ယခုနှစ်အတွင်း International Challenge ပြိုင်ပွဲတွင် တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဧပြီလနှင့် ဇူလိုင်လတွင် ကျင်းပခဲ့သည့် ပြိုင်ပွဲများ၌ ပထမအဆင့်မှ ထွက်ခဲ့ရသည်။

သက်ထားသူဇာသည် မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲနှစ်ခုတွင် ဆက်တိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး International Future Series ကြက်တောင်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည်။

ညီမြတ်သော်တာ

❊ *ကျောဖုံးမှ*

မာရသွန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စက်တင်ဘာလမှ နိုဝင်ဘာ ၁၀ ရက်အထိ အွန်လိုင်း (သို့) City Mark, Market Place နှင့် Ocean Supermarkets များတွင် သွားရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးလုံးအတွက် လက်မှတ်တစ်စောင်လျှင် မြန်မာငွေကျပ် ၁၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပြီး ပြိုင်ပွဲဝင် ခါးနံပါတ်၊ တီရှပ်၊ ကူပွန်လက်မှတ်နှင့် လက်ဆောင် အိတ်တို့ကို အိမ်တိုင်ရာရောက်ပို့ဆောင်စေလိုပါကငွေကျပ် ၃၀၀၀ ဖြင့် ပို့ဆောင်ပေး မည်ဖြစ်ကြောင်း သိရသည်။ စာရင်းသွင်းစဉ်က ကိုယ်တိုင်ထုတ်ယူလိုသူများအနေဖြင့် နိုဝင်ဘာ ၂၇၊ ၂၈၊ ၂၉ ရက်များတွင် သုဝဏ္ဏဘောလုံးကွင်း၌ သွားရောက်ထုတ်ယူရမည်ဖြစ်သည်။ ထိုသို့ထုတ်ယူသည့်အခါ အီးလ်မေးမှ ပေးပို့ထားသည့် စာရင်းသွင်းမှု အောင်မြင်ကြောင်း အတည်ပြုစာကို ပြသရန်လိုအပ်ကြောင်း သိရသည်။

၁၀ ကီလိုမီတာအပြေးပြိုင်ပွဲတွင် ပထမဆုံးပန်းဝင်သည့် အမျိုးသားနှင့် အမျိုးသမီး ၂၀ စီအား ငွေသားဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး ပန်းဝင်သူတိုင်းအတွက် ဂုဏ်ပြုဆုတံဆိပ်များ လက်ဆောင်ပေးအပ်မည်ဖြစ်သည်။ ပြိုင်ပွဲသို့ အားကစားသမား ၆၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တတိယအကြိမ်မြောက် 100 Plus မာရသွန်အပြေးပြိုင်ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် 100 Plus (F&N Myanmar Services Co., Ltd) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အပြေးအားကစားဝါသနာရှင် အဖွဲ့အစည်းများတိုးတက်လာစေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ် 100 Plus Active Run ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် Yangon 100 Plus Active Run ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ပုပ္ပားတောင်ကလပ် တောင်ထိပ်အနီးရှိ တောင်နံရံမှ စောင်းတန်းပေါ်သို့ကျောက်တုံးပြိုကျသဖြင့် အမိုးများပျက်စီး

ပုပ္ပားတောင်ကလပ်ပေါ်မှ ကျောက်တုံးပြိုကျမှုကြောင့် ပျက်စီးသွားသည့် စောင်းတန်းအမိုးအား ပြန်လည်ပြုပြင်နေစဉ်။

ကျောက်ပန်းတောင်း စက်တင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် စက်တင်ဘာ ၂၃ရက် ညပိုင်းက မိုးသည်းထန်စွာရွာမှုကြောင့် နံနက် ၅ နာရီခန့်က တောင်ကလပ်တောင်ထိပ်အနီးရှိ တောင်နံရံမှ ကျောက်တုံးတစ်တုံးပြိုကျခဲ့ရာ စောင်းတန်းအမိုးနှစ်ခန်းပျက်စီးခဲ့ကြောင်း သိရသည်။

ပြိုကျခဲ့သည့် ကျောက်တုံးမှာ လုံးပတ်ငါးပေခန့်ရှိသည့် မြင်းသီလာကျောက်(ခေါ်) မြင်းနီလာကျောက်ဖြစ်ပြီး ကျောက်သားမှာ အမာမဟုတ်ပဲ သဲကျောက်ဆန်ဆန်မြေသားကျောက်ဖြစ်ပြီး ဆေးဖက်ဝင်ကျောက်အမျိုးအစား ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်တုံး ပြိုကျမှုဖြစ်သည့်နေရာသို့ တောင်ကလပ်ဂေါပကအဖွဲ့နှင့် ပုပ္ပားနယ်မြေရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက ပြိုကျသောကျောက်တုံးကို အန္တရာယ်ကင်းမည့်နေရာသို့ ရွှေ့ပြောင်းကာ ပျက်စီးသွားသည့် စောင်းတန်းသွပ်အမိုးများနှင့် သံတန်းများကိုဖယ်ရှားခဲ့ကြသည်။

တောင်ကလပ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာအေးနှင့် အဖွဲ့ဝင်များက အပျက်အစီးဖယ်ရှားရှင်းလင်းရေးလုပ်ငန်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ တက်ရောက်နိုင်ရေးအတွက် စီစဉ်ထားကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၉-၂၀၁၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - "မြန်မာနိုင်ငံမှမသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ ကော်မတီသို့တင်သွင်းခဲ့သော ကနဦးအစီရင်ခံစာအပေါ် သုံးသပ်မှုအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခန်း" (အပိုင်း-၁)

၁၂း၃၀ - ရာသီတုပ်ကွေးရောဂါပြင်းထန်လက္ခဏာများ

၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၆) (နတ်ငှက်မယ်နိန်းစံအိမ်မှ ကိစ္စများကိုကူညီဆောင်ရွက်ပေးခြင်း" (၂)

၁၄း၁၀ - Yes or No Talk Show

၁၄း၃၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်

ညပိုင်း

၁၆း၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့

၁၇း၅၅ - ငလျင်ဘေးအန္တရာယ်ဆိုင်တဲ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံဇာတ်လမ်း)

၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၇) (မဟာနန္ဒဥယျာဉ်တော်တွင် လက်ဖက်ပ၍အရည်အသွေးစမ်းသပ်ခြင်း)(၁)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၀း၃၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

၂၀း၃၅ - "မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီသို့တင်သွင်းခဲ့သော ကနဦးအစီရင်ခံစာအပေါ် သုံးသပ်မှုအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခန်း" (အပိုင်း-၂)

- "သနပ်ခါးရနံ့လေး အစဉ်မွှေးစေလို"

စက်လှေနစ်မြုပ်၍ ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေနေစဉ်။

ကျွန်းစုမြို့နယ်၌ စက်လှေတစ်စင်း သစ်ငုတ်ကိုတိုက်မိ၍ နစ်မြုပ်ကာ လူနှစ်ဦးသေ၊ သုံးဦးပျောက်ဆုံး

ကျွန်းစု စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စမ်းသစ်ကျေးရွာအနီး တနင်္သာရီမြစ်အတွင်း၌ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က စက်လှေတစ်စင်းသစ်ငုတ်အား တိုက်မိခဲ့ရာမှ လှေဝမ်းပေါက်၍ စက်လှေနစ်မြုပ်ကာ အမျိုးသမီးနှစ်ဦး သေဆုံးပြီး အမျိုးသမီးသုံးဦး ပျောက်ဆုံးနေသောကြောင့် ရှာဖွေလျက်ရှိကြောင်း သိရသည်။

မြိတ်မြို့နယ် တောတန်းကျေးရွာ၌ အသုဘပို့အပြီး ဝါးရစ် (မြန်မာ)ကျေးရွာနေ ဦးအုန်းကြူ (၅၀ နှစ်)မောင်းနှင်ပြီး အမျိုးသားသုံးဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၁၆ ဦး လိုက်ပါလာသော စက်လှေသည် တောတန်းကျေးရွာမှ ဝါးရစ် (မြန်မာ)ကျေးရွာသို့ ပြန်လာစဉ် ယမန်နေ့ မွန်းလွဲ ၂ နာရီက တနင်္သာရီ မြစ်အတွင်း၌ ရေအောက်ရှိ သစ်ငုတ်ကို ဝင်တိုက်မိခဲ့ရာမှ လှေဝမ်းပေါက်ကာ နစ်မြုပ်ခဲ့သည်။

ယင်းစက်လှေနစ်မြုပ်မှုကြောင့် အမျိုးသမီးငါးဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် ရွာသူရွာသားများက လိုက်လံရှာဖွေခဲ့ရာ စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီ ခွဲခန့်တွင် ဒေါ်အေးရှင်(၆၂ နှစ်)နှင့် ဒေါ်ကြည်ဝင်း (၄၂ နှစ်) တို့ကို သေဆုံးလျက် ပြန်လည်ဆယ်ယူရရှိခဲ့ပြီး ဒေါ်အေးကြူ (၅၅ နှစ်)၊ ဒေါ်နှင်းဝေစိုး (၃၀ နှစ်)နှင့် ဒေါ်ယုဝါ(၄၀ နှစ်) တို့မှာ ပျောက်ဆုံးနေသဖြင့် မြိတ်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဦးအုန်းကြူ၊ ဒေါ်သန်းမူနှင့် ဒေါ်ခင်မြိုင်တို့သုံးဦးတွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် ဆေးဝါးကုသမှုခံယူရန် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး ပို့ဆောင်ထားကာ ဦးအုန်းကြူအား အမှုဖွင့်ထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ဂွမြို့နယ် မွေးလွန်းချောင်းဝန်းကျင် တောတွင်းနေရာများမှ တရားမဝင်သစ် ၁၂၂ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့များကစစ်ဆေးခဲ့ရာ BGO- 1M/ ---- နစ်ဆန်းခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား အရွယ်အစားစုံ ၅ ဒသမ ၂၈၀၆ တန် နှင့်အတူ ပြစ်မှုကျူးလွန်သူ ငါးဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်း မွေးလွန်းချောင်းဝန်းကျင် တောတွင်းနေရာများမှ ကညင်၊ ကညောင်း၊ တောင်ပိန္နဲ၊ တောင်သရက် သစ်လုံး/ခွဲသား စုစုပေါင်း ၁၂၂ ဒသမ ၄၈၉၄ တန်၊ လိပ်ပုတ်ချောင်းနှင့် ငထွေးချောင်းဝန်းကျင် တောတွင်းနေရာများမှ ကညင်၊ ကညောင်း၊ တောင်သရက်၊ မကျည်းပွေးခွဲသား စုစုပေါင်း ၄၆ ဒသမ ၉၃၆၈ တန်နှင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက်- လွယ်ဂျယ် ကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ရာ စိန်လုံကျေးရွာအရှေ့ဘက်မိုင်တိုင်အမှတ်(၂၂)၊(၂၃)နှင့် အနီးဝန်းကျင်နေရာတို့မှ သစ်တင်ယာဉ် သုံးစီးနှင့် ကျွန်းနှင့်ပိတောက်ခွဲသား အရွယ်အစားစုံ စုစုပေါင်း ၆ ဒသမ ၅၅၈၀ တန်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် စီကော်ကျေးရွာ အရှေ့မြောက်ဘက် နမ့်မဲကြိုးဝိုင်း အကွက်အမှတ်(၆၀)အတွင်းမှ ကညင်သစ်လုံး ၄၈ ဒသမ ၇၈၈၀ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး သစ်များအား လုံခြုံရာသို့သယ်ယူနိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မောင်လူမော်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ဒဂုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးကျော်ကျော်၊ ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နီချစ်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက် နံနက်က ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မင်းခေတ်

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက်က အရှေ့ပိုင်းခရိုင်(ဂန္ဓီ) ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ၀၀၇

မိတ္ထီလာမြို့အမှတ် ၂ နယ်မြေရဲစခန်းမှ ရဲအုပ်အောင်ကျော် ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၇ ဦးတို့သည် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း လမ်းကြားတွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

သာစည်

သာစည်မြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် သာစည်မြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)** **ဘိုဘို (မလှိုင်)**

ကျန်းမာရေး ထိခိုက်မည်ကိုစိုးရိမ်သောကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် 5G ကို လူ ထောင်ပေါင်းများစွာ ဆန္ဒပြ

ဘန်း စက်တင်ဘာ ၂၃

ဆွစ်ဇာလန်နိုင်ငံတွင် တိုင်းပြည်တစ်ဝန်းလုံး 5G နည်းပညာကွန်ရက်ဖြန့်ကြက်ရာတွင် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မည်စိုးရိမ်သောကြောင့် မြို့တော်ဘန်းတွင် စက်တင်ဘာ ၂၁ ရက်က လူထောင်ပေါင်းများစွာဆန္ဒပြခဲ့ကြကြောင်း သိရသည်။ ဆန္ဒပြသူများသည် ဆွစ် ပါလီမန် အဆောက်အအုံရှေ့တွင် စုဝေးဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် 5G ဇရီယာတိုင်များဆောက်လုပ်နေခြင်းကိုရပ်တန့်ရန် ဆန္ဒပြခဲ့ကြသည်။

ယနေ့ဆန္ဒပြပွဲတွင် ထွက်ပေါ်လာကြသောလူများသည် 5G ကွန်ရက်မိတ်ဆက်ခြင်းကို ဆန့်ကျင်ကြကြောင်း အဆိုပါ လူစုလူဝေးကို စုစည်းခဲ့သည့် တွဲဖက်ဥက္ကဋ္ဌ တမ်လင်းစခီဘာအယ်မန်က ပြောသည်။ တရုတ်နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးကုမ္ပဏီ၏ မိတ်ဆက်မှုဖြင့် မိုနာကိုနိုင်ငံသည် ဇူလိုင်လအတွင်းက 5G မိုဘိုင်းဖုန်းကွန်ရက်ကို ဥရောပတွင် ပထမဦးဆုံးနိုင်ငံအဖြစ် စတင်သုံးစွဲခဲ့သည်။ ယခင်မျိုးဆက် မိုဘိုင်းနည်းပညာနှင့် နှိုင်းယှဉ်လျှင် ယခုအသုံးပြုမည့်စနစ်မှာ လျှပ်စစ်သံလိုက် ရေဒီယိုသတ္တိကြွဖြာထွက်မှုကြောင့် လူသားတို့၏ ကျန်းမာရေးကိုမကြုံစဖူးထိခိုက်ကာ ပတ်ဝန်းကျင်ကိုလည်းဘေးအန္တရာယ်ဖြစ်စေနိုင်မည်ဟု လူများက ငြင်းခုံနေကြသည်။

ကြိုတင်ကာကွယ်မှုအနေဖြင့် ဆွစ်ဇာလန်ရှိနယ်မြေအချို့တွင် ဇရီယာတိုင်များ ဆောက်လုပ်မှုကို ရွှေ့ဆိုင်းသွားရန် အွန်လိုင်းမှ အသနားခံစာတင်ရန်လည်း လှုံ့ဆော်ထားသည်။ နည်းပညာသစ်ကို ဆန့်ကျင်နေကြသည့် လူစုသည် 5G ကွန်ရက်၏ ဆိုးကျိုးများကို အကဲမဖြတ်ရသေးခင် အကောင်အထည်ဖော်နေမှုများအား ဆိုင်းငံ့ထားရန် တောင်းဆိုနိုင်ရေး လူထုဆန္ဒခံယူပွဲ ကျင်းပရန်အတွက် လက်မှတ်ပေါင်း တစ်သိန်းခန့်ကို စုစည်းနေကြသည်။

အေအက်ဖ်ပီ

5G နည်းပညာကို ဆန့်ကျင်နေကြသည့် ပြည်သူများကို တွေ့ရစဉ်။

ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဟော်မုဇ်ရေလက်ကြား ငြိမ်းချမ်းရေးအဆိုပြုချက် အီရန် တင်သွင်းမည်

တီဟီရန် စက်တင်ဘာ ၂၃

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဟော်မုဇ်ရေလက်ကြား ငြိမ်းချမ်းရေးအဆိုပြုချက်တစ်ရပ်ကို အီရန်နိုင်ငံက တင်သွင်းမည်ဖြစ်ကြောင်း အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြောကြားခဲ့သည်။ ထို့အပြင် အီရန်သည် ဒေသအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် အီရန်အပေါ် အပြစ်ပုံချနေမှုများကိုလည်း ဆန့်ကျင်ကန့်ကွက်မည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောသည်။

ဟော်မုဇ်ရေလက်ကြားငြိမ်းချမ်းရေး အဆိုပြုချက်တင်သွင်းရသည့် ရည်ရွယ်ချက်မှာ ဒေသတွင်းနိုင်ငံများ စုစည်းညီညွတ်ကာ ပါရှန်ပင်လယ်ကွေ့၊ ဟော်မုဇ်ရေလက်ကြားနှင့် အိုမန်ပင်လယ်ကွေ့ဒေသတို့၏ လုံခြုံရေးကို အာမခံနိုင်စေရန်ဖြစ်ကြောင်း သမ္မတရိုဟာနီက စက်တင်ဘာ ၂၂ ရက်တွင် တီဟီရန်မြို့၌ ကျင်းပသည့် လူထုစုဝေးချီတက်မှုတစ်ခုအတွင်း ပြောကြားခဲ့မှုကို အီရန်နိုင်ငံပိုင် အိုင်အာရ်အင်န်အေ သတင်းအေဂျင်စီက ဖော်ပြသည်။

ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်တိုင်း အီရန်အပေါ်၌ အပြစ်ပုံချနေမှုများမှာ မဟုတ်မမှန်လုပ်ကြံမှုများကို အကြိမ်ကြိမ်လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ၎င်းက ပြောသည်။ အီရန်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် ဆော်ဒီရေနံချက်စက်ရုံတိုက်ခိုက်မှုတွင် နောက်ကွယ်မှ ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခံထားရပြီး ယင်းကိစ္စကို လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း ငြင်းဆန်ထားသည်။

ဆင်ဟွာ

ကားမောင်းနေစဉ် ကြိုးမဲ့အားသွင်းနိုင်မည့် လျှပ်စစ်ကားလမ်းမစနစ်ကို အစ္စရေးကုမ္ပဏီတပ်ဆင်ပြီးစီး

ဂျေရုဆလင် စက်တင်ဘာ ၂၃

အစ္စရေးအဆင့်မြင့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Electron Wireless ကုမ္ပဏီသည် ရေးနေ့လ်ဇိုး လျှပ်စစ်မော်တော်ယာဉ်များ မောင်းနှင်နေစဉ် ကြိုးမဲ့အားသွင်းနိုင်မည့် လျှပ်စစ်ကားလမ်းမစနစ်ကို အောင်မြင်စွာ တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က ဖော်ပြခဲ့သည်။

Beit Yanai ကမ်းခြေဒေသ အခြေချအိမ်ရာများအတွင်းရှိ ကုမ္ပဏီ၏ စမ်းသပ်လမ်းပေါ်မှ ၂၀ မီတာအရှည်ရှိသည့် နိုင်လွန်ကတ္တရာအလွှာအောက်၌ လျှပ်စစ်ခါတ်အားစနစ်ကို ထည့်သွင်းထားကြောင်း သိရသည်။ ယင်းစမ်းသပ်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အဆိုပါကုမ္ပဏီသည် ၈ ဒသမ ၅ ကီလိုဝပ်နှင့် ၉၁ ရာခိုင်နှုန်းကျော် စွမ်းဆောင်ရည်ရှိသည့် စွမ်းအင်ကူးပြောင်းမှုတစ်ခုကို ထုတ်ဖော်နိုင်ခဲ့သည်။

နက်ရှိုင်းစွာ တပ်ဆင်ထားသည့် ကွိုင်အစိတ်အပိုင်းများက ကားလမ်းမ၏ မျက်နှာပြင်ပေါ်မှ ရောင်ခြည်ဖြာထွက်မှုကို ကွာဝေးစေပြီး ကြိုးမဲ့အားသွင်းခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကြိုးမဲ့အားသွင်းစနစ်အတွက် နောက်ဆုံးပြုလုပ်ခဲ့သည့်စမ်းသပ်မှုတွင် ပါဝင်သည့်ကွိုင်များကို ပြင်သစ်ကုမ္ပဏီ Hutchinsonမှ လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဆီးရီးယားဒုက္ခသည်များနေရပ်ပြန်ရေး အနောက်အုပ်စုမှ တားဆီးနေသည်ဟု ဆီးရီးယားသမ္မတ စွပ်စွဲ

ဒမတ်စကတ် စက်တင်ဘာ ၂၃

ဆီးရီးယားဒုက္ခသည်များနေရပ်ပြန်ရာတွင် အနောက်နိုင်ငံများက တားဆီးလျက်ရှိသည်ဟု စက်တင်ဘာ ၂၂ ရက်က ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်က စွပ်စွဲပြောဆိုလိုက်ကြောင်း ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ သမ္မတ အာဆတ်သည် လွှတ်တော်အမတ် ပါအိုလာရိုမာနီ ဦးဆောင်သည့် အီတလီ ဥပဒေပြုအမတ်များနှင့် နိုင်ငံရေးသမားများကို မြို့တော်ဒမတ်စကတ်တွင် တွေ့ဆုံစဉ် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် လွန်ခဲ့သည့် ရှစ်နှစ်က ပဋိပက္ခများ စတင်ဖြစ်ပွားစဉ်ကတည်းကစတင်၍ ဥရောပနိုင်ငံများသည် ဆီးရီးယားနိုင်ငံ၏ လက်ရှိအခြေအနေများနှင့် ကင်းကွာနေကြောင်း အာဆတ်ကပြောသည်။ အကြမ်းဖက်သမားများကို နှိမ်နင်းရာတွင် အမေရိကန်နှင့် တူရကီတို့သည် အတားအဆီးများအဖြစ် ဖြစ်နေဆဲဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံသားများကို အမိမြေသို့ပြန်လာရန် အဟန့်အတားများဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဥရောပအစိုးရများသည် ဝါဒဖြန့် သတင်းမှားများကိုယုံကြည်နေမည့်အစား ဆီးရီးယားနိုင်ငံ၏ လက်ရှိအခြေအနေကို ဦးတည်သည့် မတူညီသောမူဝါဒများ ချမှတ်သင့်သည်ဟု အီတလီကိုယ်စားလှယ်အဖွဲ့ဝင်များက ပြောသည်။

ဆင်ဟွာ

ဘိုးရင်းကုမ္ပဏီ၏ ၇၃၇ မက်စ်လေယာဉ်ထုတ်လုပ်မှုဒီဇိုင်းပုံစံ၌ ချွတ်ယွင်းချက်ရှိကြောင်း အင်ဒိုနီးရှားပြော

ဂျကာတာ စက်တင်ဘာ ၂၃

၂၀၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် Lion Air လေယာဉ်ပျက်ကျမှု၌ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်၏ ဒီဇိုင်းပုံစံ၌ ချွတ်ယွင်းအားနည်းချက်များရှိကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ပြောကြားခဲ့မှုကို ဝေါစထရိဂျာနယ်မှ စက်တင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ဘိုးရင်းကုမ္ပဏီထုတ်လေယာဉ်များ ရပ်နားထားမှုကို တွေ့ရစဉ်။

လေယာဉ်ပျက်ကျမှုနှင့်စပ်လျဉ်း၍ နိုဝင်ဘာလအစောပိုင်းက တရားဝင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ လေယာဉ်မှူး၏အမှားနှင့် ထိန်းသိမ်းမှုဆိုင်ရာ မှားယွင်းမှုတို့ရှိကြောင်း ဖော်ပြထားသည်။ Lion Air လေယာဉ်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာလက ဂျကာတာမြို့မှ ထွက်ခွာလာပြီးနောက် အချိန်အနည်းငယ်အကြာတွင် မတော်တဆပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၈၉ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ထိုသို့ဖြစ်ပွားပြီးနောက် အီသီယိုပီးယားလေကြောင်းလိုင်းမှ ၇၃၇ မက်စ်လေယာဉ်တစ်စင်း ပြီးခဲ့သည့်မတ်လက အာဒစ်အဘာဘာမြို့မှ ပျံသန်းထွက်ခွာလာပြီးနောက် ပျက်ကျမှုတစ်ခုထပ်မံဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၁၅၇ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ လေယာဉ်ပျက်ကျမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက်တွင် ကမ္ဘာတစ်ဝန်းရှိ ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် အမှာစာများလျော့ကျခဲ့သည့်အပြင် လေယာဉ်ပြေးဆွဲမှုများကိုလည်း ရပ်နားထားခဲ့ရသည်။ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံက ဖော်ပြခဲ့သည့် အစီရင်ခံစာနှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုများ ပြုလုပ်ရန် အမေရိကန်အာဏာပိုင်များသည် စက်တင်ဘာလနှောင်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အေအက်ဖ်ပီ

၂၁၀၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာကြီး၏ အပူချိန်မှာ ၃ ဒသမ ၄ ဒီဂရီ တိုးမြင့်လာနိုင်ကြောင်း ကုလသတိပေး

ဂျီနီဗာ စက်တင်ဘာ ၂၃

ယခုရာစုနှစ်အကုန်ရောက်လျှင် ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်မှာ ၃ ဒသမ ၄ ဒီဂရီ ဆဲစီးရပ်စ်အထိ တိုးမြင့်လာနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။ ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ဖြေရှင်းကြရန် တောင်းဆိုခဲ့သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းနှင့် အခြားသောအုပ်စုများမှ အတူတကွ သိပ္ပံနည်းကျ ရှာဖွေမှုများ ပြုလုပ်ခဲ့ကြပြီး အစီရင်ခံစာတစ်စောင်တင်သွင်းခဲ့ရာ အဆိုပါအစီရင်ခံစာကို စက်တင်ဘာ ၂၂ ရက်က ထုတ်ဖော်ပြသခဲ့သည်။

နယူးယောက်မြို့၌ ကျင်းပမည့် ရာသီဥတုဆိုင်ရာ အရေးပေါ်လုပ်ရှားမှု ထိပ်သီးအစည်းအဝေးတွင် တင်ပြရန် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီရင်ခံစာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ အပူချိန်ခန့်မှန်းချက်မှာ လွန်ခဲ့သည့် ငါးနှစ်တာကာလကထက် ၀ ဒသမ ၂ ဒီဂရီတိုးလာသည်ဟု ခန့်မှန်းထားပြီး ၁၈၅၀ မှ ၁၉၀၀ ပြည့်နှစ် စက်မှုခေတ်အကြိုကာလများထက် ၁ ဒသမ ၁ ဒီဂရီပို၍ ပူနွေးလာကြောင်း တင်ပြထားသည်။

စက်မှုခေတ်ရောက်သည့်အခါ ကာဗွန်စုပ်ယူမှုများပြားလာသောကြောင့် ပင်လယ်ရေမျက်နှာပြင်မှာမြင့်တက်လာပြီး သမုဒ္ဒရာတွင် အက်စစ်ဓာတ်မှာလည်း ၂၆ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ယခုပုံစံအတိုင်း ဆက်လက်သွားမည်ဆိုရင် ၂၁၀၀ ရောက်လျှင် ကမ္ဘာကြီး၏ အပူချိန်မှာ ၃ ဒသမ ၄ ဒီဂရီအထိ မြင့်တက်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် သတိပေးထားသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း ယခုအချက်အလက်များကို ဂရုစိုက်ကြရန်နှင့် ချက်ချင်းအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်နေသလား ထရမ့်နဲ့ မိုဒီ

ထွန်းသစ်စ

နိုင်ငံခြားခေါင်းဆောင်တစ်ယောက်ကို သောင်းသောင်းဖြဖြ ကြိုဆိုမှုတွေလုပ်နေတဲ့ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနဲ့ ချစ်ကြည်ရင်းနှီးမှုစကားတွေ အပြန်အလှန် ဖလှယ်နေကြတာ ကောင်းမွန်တဲ့ လက္ခဏာတစ်ခုကို ရောက်ရှိတော့မယ့် မင်္ဂလာအခါတော်ပေးနေသလိုပါပဲ။

အားပေးကြိုဆို

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီရောက်လာတဲ့အထိမ်းအမှတ်အနေနဲ့ စက်တင်ဘာ ၂၂ ရက်က ဟူစတန်မှာ လူပေါင်း ၅၀၀၀၀ထက်မနည်း စုရုံးရောက်ရှိလာခဲ့ပုံကို အမေရိကန်သမ္မတ ထရမ့်ကတော့ သမိုင်းတွင်မယ့် ကိစ္စတစ်ခုပဲလို့ သုံးသပ်ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို ရောက်ရှိလာတဲ့ နိုင်ငံခြားခေါင်းဆောင်တွေအနက် အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့ ကြိုဆိုပွဲအခမ်းအနားဟာလည်း ပြောစမှတ်တစ်ခုလို ဖြစ်ခဲ့ပါတယ်။ သူ့ကို အမေရိကန်ပြည်သူတွေက တစ်ခဲနက် အားပေးကြိုဆိုခဲ့ကြတာဖြစ်ပါတယ်။

ဝမ်းမြောက်ဝမ်းသာဖြစ်

အမေရိကန်ရဲ့ သောင်းသောင်းဖြဖြကြိုဆိုမှုကို ရရှိထားတဲ့ အိန္ဒိယဝန်ကြီးချုပ် မိုဒီဟာ ကုလသမဂ္ဂအထွေထွေညီလာခံမှာ စိမ်းကားမှုအနည်းငယ် နဲ့ ရင်ဆိုင်ကောင်း ရင်ဆိုင်ရနိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အိန္ဒိယပိုင် ကက်ရှ်မီးယားအရေး တင်းမာမှုတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့လည်း ရင်ဆိုင်ရကောင်း ရင်ဆိုင်ရနိုင်ပါတယ်။ အိန္ဒိယဟာ ကက်ရှ်မီးယားကို အိန္ဒိယပိုင်ပြန်လည်ပြုလုပ်မယ်လို့ ကတိပေးလိုက်တာနဲ့ ပတ်သက်ပြီးတော့ မကျေနပ်မှုလေးတွေ အနည်းငယ်ရှိနေပါတယ်။

ကုန်သွယ်ရေးဆွေးနွေးမှုတွေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံအရေးတွေဟာ အမေရိကန်ပြည်ထောင်စုကို တစ်ပတ်ကြာလာရောက်တဲ့ အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့တကယ့်အရေးကြီးတဲ့ ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို အိန္ဒိယဝန်ကြီးချုပ် မိုဒီရောက်လာတဲ့ အထိမ်းအမှတ်အနေနဲ့ မိနစ် ၉၀ ကြာအခမ်းအနားတစ်ခုမှာ အမေရိကန်သမ္မတ ထရမ့်က မိမိအနေနဲ့ အခုလိုမျိုး အမေရိကန်ရဲ့ အကြီးမြတ်ဆုံးနဲ့ သစ္စာအရှိဆုံးမိတ်ဆွေနဲ့အတူ တက္ကဆက်မှာ အတူတူရှိနေတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ပြောကြားလိုက်ပါတယ်။

ကောင်းမွန်တဲ့အနေအထား

အိန္ဒိယဝန်ကြီးချုပ် မိုဒီက အိန္ဒိယနိုင်ငံအတွက် အိမ်ဖြူတော်မှာ တကယ့်မိတ်ဆွေကောင်းရှိကြောင်းနှင့် အမေရိကန်သမ္မတ ထရမ့်ကိုလည်း နွေးထွေး၊ နှစ်လိုဖွယ်ကောင်း၊ တက်ကြွမှုရှိပြီး၊ အာဝဇ္ဇန်းကောင်းကြောင်း ချီးကျူးပြောကြားလိုက်ပါတယ်။

စီအီးအိုမှ ကာကွယ်ရေးဦးစီးချုပ်အထိ၊ ဒါရိုက်တာအဖွဲ့ဝင်များ ဆွေးနွေးခန်းမှသည် ဘဲဥပုံရုံးခန်းအထိ၊ စတူဒီယိုမှသည် ကမ္ဘာ့ဇာတ်ခုံအထိ နေရာတိုင်းမှာ သမ္မတ ထရမ့်ဟာ ခိုင်မာတဲ့စွမ်းဆောင်မှုတွေကိုသာ ချန်ထားခဲ့ကြောင်း မိုဒီက ပြောကြားလိုက်ပါတယ်။

အခုလိုမျိုး အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့ အမေရိကန်ခရီးစဉ်မှာ အမေရိကန်ပြည်သူတွေက အခုလို သောင်းသောင်းဖြဖြကြိုဆိုခဲ့တာကို ကြည့်ရင် နှစ်နိုင်ငံကြားရင်းနှီးကျွမ်းဝင်မှုဟာ အတိုင်းထက်အလွန်ကောင်းမွန်တာကို ပြသပြီး နှစ်နိုင်ငံခေါင်းဆောင်တွေအတွက် အလွန်ကောင်းမွန်တဲ့အနေအထားတစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

အခုလိုမျိုး တက္ကဆက်ပြည်နယ်မှာ မိုဒီကို ကြိုဆိုလိုက်တာဟာ အမေရိကန်သမ္မတ ထရမ့်အတွက် လာမယ့် ၂၀၂၀ သမ္မတရွေးကောက်ပွဲမှာ ပြယုဂ်ကောင်းတစ်ခုဖြစ်လာနိုင်သလို မိုဒီကို လက်ခံခဲ့တဲ့ တက္ကဆက်ပြည်နယ်ဟာ ၂၀၂၀ ရွေးကောက်ပွဲမှာ သမ္မတထရမ့်အတွက် အဓိက ယှဉ်ပြိုင်မှုပြုလုပ်ရမည့် မဲဆန္ဒနယ်လည်း ဖြစ်လာမယ့် အခြေအနေဖြစ်ပါတယ်။

အမေရိကန်သမ္မတ ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့တွေ့ဆုံကြစဉ်။

တစ်ဖက်ကလည်း မိုဒီအနေနဲ့ အမေရိကန်သမ္မတ ထရမ့်နဲ့ ရင်းနှီးကျွမ်းဝင်လာတဲ့အတွက် ကက်ရှ်မီးယားအရေးဟာနိုင်ငံတကာက ထင်သလို ဝင်ရောက်ခြယ်လှယ်လို့ရမယ့်အနေအထား မဟုတ်လောက်ဘူးလို့ သုံးသပ်ရပါတယ်။

အခုခေါင်းဆောင်နှစ်ဦးတွေ့ဆုံတဲ့ အခြေအနေဟာ တစ်ဦးနဲ့ တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတဲ့ သဘောလည်း သက်ရောက်နေပါတယ်။ အမေရိကန်သမ္မတ ထရမ့်ဟာ အိန္ဒိယ-အမေရိကန် အသိုက်အဝန်းသို့လည်း သွားရောက်လည်ပတ်ခဲ့ပြီး အမေရိကန်နိုင်ငံသားတွေအဖြစ် အခုလိုတွေ့ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုက်ပါတယ်။

သံတမန်ရေးရာအမြင် ထက်မြက်

နိုင်ငံတိုင်းဟာ မိမိတို့ရဲ့ နယ်စပ်ဒေသတွေကို ဘေးကင်းလုံခြုံအောင် ထိန်းသိမ်းဖို့လိုအပ်ကြောင်း သမ္မတ ထရမ့်က ပြောကြားလိုက်ပြီး အမေရိကန်-မက္ကဆီကို နယ်စပ်အရေး တင်းမာမှုတွေနဲ့ အိန္ဒိယ-ပါကစ္စတန်တို့ ကက်ရှ်မီးယားဒေသကြောင့် တင်းမာမှုတွေကို နှိုင်းယှဉ်ပြောဆိုခဲ့ပါတယ်။

အိန္ဒိယနဲ့ အမေရိကန် နှစ်နိုင်ငံလုံးဟာ မိမိတို့ရဲ့ပတ်ဝန်းကျင်ကို ဘေးကင်းစိတ်ချရအောင်လုပ်ရမယ့်တာဝန်တွေရှိတယ်။ မိမိတို့ဟာ မိမိတို့ရဲ့ နယ်စပ်ကို ကာကွယ်ရမယ်လို့ အမေရိကန်သမ္မတ ထရမ့်က ပြောကြားလိုက်ပါတယ်။

အိန္ဒိယမှာလည်း လူထုကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ ထို့အတူ လူထုကဘာတွေလုပ်သလဲဆိုတာနဲ့ပတ်သက်ပြီး မီဒီယာတွေမှာ အချိန်နဲ့ တစ်ပြေးညီ ဖော်ပြထားကြောင်း၊ တချို့သတင်းတွေဟာ အချိန်ကာလတစ်ခုအထိ ခေါင်းကြီးသတင်းအဖြစ်ဖော်ပြနေကြောင်း သမ္မတထရမ့်က ပြောကြားပါတယ်။

တွစ်တာမှာလည်း လူတွေအကုန်လုံးက အိန္ဒိယဝန်ကြီးချုပ် မိုဒီရောက်လာတဲ့အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေကို ဝေမျှလျက်ရှိကာ ကောင်းမွန်တဲ့ မှတ်ချက်တွေပေးလျက်ရှိကြောင်း ထရမ့်က ပြောပါတယ်။

အမေရိကန်ပြည်သူတွေက အိန္ဒိယဝန်ကြီးချုပ် မိုဒီကို ခေါင်းဆောင်မှုကောင်းမွန်ကြောင်းနဲ့ သံတမန်ရေးရာအမြင် ထက်မြက်ကြောင်း ချီးကျူးထောမနာပြုကြပါတယ်။

မကြာမီ ပြည့်ဝလာမယ်

အမေရိကန်မြေမှာ အခုမိုဒီကို ထောက်ခံကြိုဆိုသလို ထောက်ခံကြိုဆိုမှုမျိုး ဘယ်အိန္ဒိယဝန်ကြီးချုပ်မှ မရခဲ့ပါဘူး။ လွန်ခဲ့တဲ့ ငါးနှစ်က အိန္ဒိယဝန်ကြီးချုပ် မိုဒီဟာ အမေရိကန်မြေပေါ် ပထမဆုံးခြေချခဲ့ပါသေးတယ်။ မိုဒီဟာ မျှားမကြာမီအချိန်မှာ အမေရိကန်ရဲ့ မိတ်ဖက်ခေါင်းဆောင်ကောင်းတစ်ဦးဆိုတဲ့ ပုံစံကိုလည်း ပြသချင်နေပါတယ်။

မိမိမှာ စိတ်ကူးအိပ်မက်တွေရှိတယ်လို့ မိုဒီက ဒေါက်တာ မာတင်လူသာကင်းနဲ့ မဟတ္တမဂန္ဒီလို ဟစ်ကြွေးခဲ့ပါသေးတယ်။ ဘယ်လိုပဲဆိုဆို အခုလိုမျိုး အမေရိကန်နဲ့ အိန္ဒိယ နှစ်နိုင်ငံတို့အနေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးကို ထူထောင်နိုင်တာဖြင့် လာမည့်အနာဂတ်မှာ ခေါင်းဆောင်နှစ်ဦးတို့ရဲ့ မျှော်မှန်းချက်တွေ မကြာမီ ပြည့်ဝလာမယ့်သဘောမျိုးပဲ ဖြစ်ပါတယ်။ ။

ကိုးကား - ဘီဘီစီ

နိုင်ငံတကာသတင်းတိုထွာ

ဆီးရီးယားအစိုးရတပ်ဖွဲ့က မောင်းသူမဲ့လေယာဉ်နှစ်စင်းကို ပစ်ချ

ဒမတ်စကတ် စက်တင်ဘာ ၂၃

ဆီးရီးယားအစိုးရသည် ယခုရက်သတ္တပတ်အတွင်း မောင်းသူမဲ့လေယာဉ်နှစ်စင်းကို ပစ်ချခဲ့ကြောင်း ဆီးရီးယားသတင်းမီဒီယာက ဖော်ပြသည်။

ဆီးရီးယားအစိုးရသည် ဒမတ်စကတ်မြို့ အနောက်ဘက် ကူနီထရာ စီရင်စု၌ စက်တင်ဘာ ၂၁ ရက်က မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချခဲ့ပြီးနောက် ယင်းလေယာဉ်ကိုစစ်ဆေးခဲ့ရာ မိုင်းဗုံးနှင့် စီဖိုးဒိုင်းနမိုက်အချို့ကို တွေ့ရှိရသည်ဟု ဆီးရီးယား သတင်းက ဖော်ပြသည်။

ထို့ပြင် ပြီးခဲ့သည့် စက်တင်ဘာ ၁၉ ရက်ကလည်း ဒမတ်စကတ်မြို့တောင်ဘက် အီဂျီလိုင်ဘာကျေးရွာ၌ မောင်းသူမဲ့လေယာဉ်တစ်စင်းကို ဆီးရီးယားလေကြောင်းကာကွယ်ရေးစနစ်က ပစ်ချခဲ့ကြောင်းသိရသည်။ အဆိုပါကျေးရွာသည် ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်က အစ္စရေးအစိုးရ၏ ဒုံးကျည်တိုက်ခိုက်မှုခံခဲ့ရသည်။

ဆင်ဟွာ

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အီရန်နှင့်တွေ့ဆုံရန် မရှိဟု ထရမ့်ပြော

ဝါရှင်တန် စက်တင်ဘာ ၂၃

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုသီတင်းပတ်အတွင်း ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် တွေ့ဆုံသွားရန် အစီအစဉ်မရှိဟု ပြောကြားခဲ့သည်။ စက်တင်ဘာ ၂၂ ရက် နံနက်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် အီရန်နှင့်တွေ့ဆုံရန် ရည်ရွယ်ချက်မရှိဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။

အစောပိုင်းကာလကမူ အမေရိကန်သမ္မတထရမ့်သည် အီရန်ခေါင်းဆောင်နှင့်တွေ့ဆုံလိုသည်ဟု ပြောကြားခဲ့သည်။ သို့သော် ဆော်ဒီအာရေဗျရှိ ရေနံစက်ရုံများ တိုက်ခိုက်ခံရပြီးနောက် ယင်းဖြစ်ရပ်အတွက် အမေရိကန်က အီရန်ကို အပြစ်တင်ခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ ပြုလုပ်ခဲ့သည်။

ထို့နောက် အရှေ့အလယ်ပိုင်းဒေသသို့ နောက်ထပ်တပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်ဟု အမေရိကန်ဘက်မှ ပြောကြားခဲ့သည်။ အမေရိကန်ဘက်မှ ငြိမ်းချမ်းရေးကို လိုလားလျက်ရှိပြီး နှစ်ဖက်စလုံးမှ တုံ့ပြန်မှုများသည် အတားအဆီးအဟန့်အတားများဖြစ်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အေဘီစီသတင်းဌာနနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ဆင်ဟွာ

မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး မြသပိတ်စာရေးတံဆွမ်းလုံးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မုံရွာ စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ မုံရွာမြို့ ဘုရားကြီးရပ်ကွက်တွင် တည်ထားကိုးကွယ်သော မုံရွာမြို့ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး(၁၂၅) ကြိမ်မြောက် မြသပိတ်စာရေး တံဆွမ်းလုံးပွဲတော်သို့ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုသိုလ်ရှင် ပထမမဲအား မဲနှိုက်ဖွင့်လှစ်ပေးပြီး ဂေါပကအဖွဲ့လူကြီးများ၊ အလှူရှင် ကုသိုလ်ရှင်များက လှူဒါန်းဆက်ကပ်ရမည့် မြသပိတ်နှင့် ဆရာတော်သံဃာတော်များ သီတင်းသုံးရာကျောင်းတိုက်မဲများ မဲနှိုက်ခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး မြသပိတ်တော်အား မဲပေါက်သည့် ပညာရောင်ခြည် ကျောင်းတိုက်သာဝကများထံသို့ လည်းကောင်း၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး မြသပိတ်တော်အား ညောင်ပင်ကြီးရွာ ဆွမ်းလုံးကျောင်းတိုက် သာဝကများထံသို့ လည်းကောင်း ပေးအပ်ခဲ့ပြီး ရတနာ ရွှေမိုးငွေမိုးများ ရှာသွန်းပေးခဲ့ကြသည်။

မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး(၁၂၅)ကြိမ်မြောက် မြသပိတ်စာရေးတံဆွမ်းလုံးပွဲတော်သည် မုံရွာမြို့ရှိ ကျောင်းတိုက်ပေါင်း ၂၄၀ မှ ဆရာတော်များထံသို့ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၃၁ ရပ်ကွက်မှ စေတနာရှင်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက မဲကျရာ ကျောင်းတိုက်အရောက် ပို့ဆောင်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မဲပေါက်သည့် ကျောင်းတိုက်သို့ မြသပိတ်တော်ပေးအပ်စဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု လုံးဝမရှိခဲ့သည့် တစ်နှစ်ပြည့်ဂုဏ်ပြုပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၂၃

ပဲခူးမြို့ ဉဿာမြို့သစ်(၈)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ဉဿာကျော် ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်း သတ်ဖြတ်ခံရမှု လုံးဝမရှိခဲ့သည့် တစ်နှစ်ပြည့်ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းက နိုင်ငံ၏အဖိုးတန်အမွေအနှစ်ဖြစ်သည့် တောဆင်ရိုင်းများကိုကာကွယ်ရန်အတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့ပေါင်းစုံပါဝင်သော မြေပြင်ကင်းလှည့်အဖွဲ့များက နေပူမရှောင်၊ မိုးရွာမရှောင် ဆင်းရဲဒုက္ခခံပြီး ကြိုးပမ်းမှုများကြောင့် ဒေသခံပြည်သူများနှင့် တောဆင်ရိုင်းတွေအကြား ပဋိပက္ခဖြစ်ပွားမှု လျော့ကျခဲ့သည့်အပြင် ဆင်သတ်မုဆိုးများကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု လုံးဝမရှိတော့သည်မှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အဖိုးတန် တောဆင်ရိုင်းများကို တစ်နှစ်တာအတွင်း သတ်ဖြတ်ခံရမှုလုံးဝမရှိအောင် ကြိုးပမ်းနိုင်ခဲ့သလို အနာဂတ်တွင်လည်း နိုင်ငံ့အဖိုးတန် တောဆင်ရိုင်းများကို အတူတကွ ဆက်လက်ပူးပေါင်းကာကွယ်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်တာကာလအတွင်း တောဆင်ရိုင်းသတ်ဖြတ်ခံရမှု လုံးဝမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် သစ်တောဦးစီးဌာနမှ ဝန်ထမ်း ၂၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့တို့မှ အရာရှိတပ်ဖွဲ့ဝင် ၆၀ အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တောဆင်ရိုင်းများ သတ်ဖြတ်ခံရခြင်းမရှိစေရေးအတွက် တောဆင်ရိုင်းများ ကျင်လည်ကျက်စားနေသည့်နေရာများကို အကာအကွယ်ပေးနိုင်စေရန် ပုံမှန်ကင်းလှည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဌာနပေါင်းစုံပါဝင်သည့် အဖွဲ့ကိုဖွဲ့စည်းပြီး ကင်းလှည့်အခြေစိုက် စခန်းများထားရှိကာ ပုံမှန်ကင်းလှည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့ပေါ်ရှိ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ရောင်းဝယ်နေသည့် ဈေးကွက်ပိတ်သိမ်းသွားရေးအတွက် ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်သည့် အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာ စောညိုဝင်း သစ်တောဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

မြောင်းမြတွင် သိမ်းဆည်းခံမြေယာများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်

မြောင်းမြ စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြောင်းမြမြို့နယ် ကညင်ဂဲကျေးရွာအုပ်စုနေ တောင်သူ ဦးအောင်ဝင်း၏ မြေယာ ၂ ဒသမ ၂၅ ဧက၊ မြကန်သာရပ်ကွက် ရုံးပေါင်းစုံလမ်းနေ ဦးပေတူး(ခ)ဦးခင်ဝင်း၏ မြေယာ ၀ ဒသမ ၀၆ ဧက ၊ မြရတနာရပ်ကွက်နေ ဒေါ်အေးအေးအောင်၏ ၀ ဒသမ ၀၃ ဧကနှင့် မြရတနာရပ်ကွက် ဘုရားကြီးကုန်းနေ ဒေါ်ခင်စန်းရီ၏ ၀ ဒသမ ၀၂ ဧက တို့အတွက် လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးတို့က ယာယီပုံစံ (၃)များကို မူလမြေယာပိုင်ရှင်များထံသို့ ပေးအပ်သည်။

ခရိုင် (ပြန်/ဆက်)

မြင်းခြံ၌ သစ်ပင်စိုက်ပွဲတော်ကျင်းပ

မြင်းခြံ စက်တင်ဘာ ၂၃

၂၀၁၉-၂၀၂၀ ပညာသင်နှစ် သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက်ပိုင်းက မြင်းခြံမြို့နယ် ကွမ်းစိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ကွမ်းစိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဌေးက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် သစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားသည်။ မြင်းခြံမြို့နယ် ကွမ်းစိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်းရှိ မြေလွတ် သုံးဧကတွင် လျှော်ဖြူပင်၈၀၀ နှင့် ကျွန်းပင် ၃၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဇော်မင်း(မြင်းခြံ)

ကသာမြို့၌ မွေးမြူရေးဆိုင်ရာအသိပညာပေး ဟောပြော

ကသာ စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆန်ဂျင်း မြန်မာကုမ္ပဏီလီမိတက်နှင့် ကိုကျော် မွေးမြူရေးအစာဆိုင်တို့ ပူးပေါင်းကျင်းပသော မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကသာမြို့ ကြိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းဝင်းက အာဖရိက ဝက်အပြင်းဖျားရောဂါနှင့်ပတ်သက်၍ ရောဂါနောက်ခံသမိုင်း၊ ရောဂါဖြစ်စေသည့် ပိုး၊ ရောဂါဖြစ်စေသော တိရစ္ဆာန်၊ ရောဂါကူးစက်ပျံ့နှံ့ခြင်း၊ ရောဂါပိုးပျိုးချိန် အဆင့်ဆင့်၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေါက်တာ မျိုးသန့်ဇင်ဦးက ကြက်၊ ဝက်မွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များ ခြံတစ်ခြံအတွက် ဝင်ငွေရရှိပုံ အဆင့်ဆင့်နှင့် အရေးကြီးသော ဇီဝလုံခြုံရေးစနစ်များ အကြောင်းပြောကြားသည်။

နိုင်လင်းထက် (ပြန်/ဆက်)

မော်လမြိုင်၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၃

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲသို့ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်းက နိုင်ငံ၌ မဏ္ဍိုင်ကြီး (၃)ရပ်အပြင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူတို့၏ သတင်းသိရှိနိုင်ခွင့်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသည့် ဌာနဖြစ်သည့်အတွက် သတင်းရေးသားမည့် သတင်းသမားများသည် ကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်ပြီး သတင်းရေးသားခြင်းဆိုင်ရာလုပ်ငန်းများ ကျွမ်းကျင်ရန်လိုအပ်ကြောင်း၊ သတင်းများကို ကိုယ်တိုင်ဖန်တီးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျင့်ဝတ်စံနှုန်းများ လိုက်နာပြီး ဖန်တီးကြရန်နှင့် သတင်းဆိုင်ရာ အချက်အလက်အမှန်၊ အမှားများကို ဆန်းစစ်ပြီး သုံးသပ်ရေးသားရန် မှာကြားသည်။

သတင်းရေးသားထုတ်ပြန်ခြင်း အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်နယ်ဝန်ကြီး ဒေါက်တာ ထိန်လင်း အမှာစကားပြောကြားစဉ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဝေါဟာရ ရှင်းလင်းချက်များ၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းအရင်းမြစ်ရှာဖွေခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန် ခြင်း၊ စာနယ်ဇင်းဆိုင်ရာ ကျင့်ဝတ်၊ မီဒီယာဆိုင်ရာ သိနားလည်မှု၊ အွန်လိုင်းအသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ Social Media (လူမှုမီဒီယာ ဘာသာရပ်)၊ သတင်းမှတ်တမ်းရိုက်ကူးရာတွင် ဆောင်ရန်၊ ရှောင်ရန်များအစရှိသည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ ဘာသာရပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ သင်တန်းနည်းပြများက စက်တင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး မွန်ပြည်နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာ့ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း မြန်မာ့ဆယ်မာ အူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်ထူထောင်ခြင်း) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်စီမံကိန်း ကျေးရွာများ၏အောင်မြင်မှုကို အခြေခံပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာငွေတိုက် ထူထောင်ခြင်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း မြန်မာ့ဆယ်မာ အူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်ထူထောင်ခြင်း) သင်တန်း အမှတ်စဉ်(၂/ ၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး မစ္စတာဂျောင်ဂတ်ဂျင်းက အမှာစကား ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "ကျေးရွာငွေတိုက်သင်တန်းက စိုက်ပျိုးရေးဦးစီးဌာနနဲ့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေတဲ့ မြန်မာဆေးမားလ်အူးအွန်ဒုန်စီမံကိန်းဆိုတာ ရှိပါတယ်။ ကျေးရွာတွေရဲ့ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၊ ရွာသူ ရွာသားတွေရဲ့ ဝင်ငွေတိုးပွားရေးလုပ်ငန်းစဉ်၊ ရွာသူ ရွာသားတွေရဲ့ စွမ်းဆောင်ရည်မြင့်မားရေးဆိုပြီး လုပ်ငန်းစဉ်ကြီးသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအထဲမှာ အားလုံးပါဝင်ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လာတဲ့ လုပ်ငန်းစဉ်က ကျေးရွာငွေတိုက် ထူထောင်ခြင်းလုပ်ငန်းစဉ်ဖြစ်ပါတယ်။ မူလပထမစီမံကိန်းမှာတော့ ဝင်ငွေတိုးပွားရေးလုပ်ငန်းစဉ်မှာ စံပြကျေးရွာအသီးသီးရဲ့ ငွေတိုးပွားရေးအတွက် ငွေချေးတဲ့လုပ်ငန်းစဉ်ပါပါတယ်။ ဒီ ဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်ထူထောင်ခြင်း) စီမံကိန်းရဲ့ထူးခြားချက်ကတော့ ငွေစုခြင်းဖြစ်ပါတယ်။ ဆယ်မာ အူးလ်ဂွန်ဂိုက ရွာသူ ရွာသားတွေကိုယ်တိုင် အပတ်စဉ်၊ လစဉ်၊ နေ့စဉ် အစုရှယ်ယာအနေနဲ့ ငွေကျပ် ၅၀၀၀၊ ၁၀၀၀၀ သတ်မှတ်ပြီး အသင်းသားတွေက ပုံမှန်ငွေစုဆောင်းတဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ စုဆောင်းရရှိတဲ့ငွေကြေးတွေကို ရွာသူရွာသားတွေထဲက စီးပွားရေးဆောင်ရွက်ချင်တဲ့သူတွေကို ပြန်လည်ချေးပေးပါတယ်။ အတိုးအနေနဲ့က နှစ်ကျပ်တိုးနှုန်းနဲ့ ချေးပေးပါတယ်။ အတိုးရဲ့တစ်ဝက်က ကျေးရွာရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အသုံးပြုပြီး တစ်ဝက်ကိုတော့ ငွေစုတဲ့ အသင်းသားတွေကို ခွဲဝေပေးတဲ့ စနစ်ဖြစ်ပါတယ်။ ဆယ်မာ အူးလ်ဂွန်ဂိုလုပ်ငန်းဟာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူမှုရေးလုပ်ငန်းတွေ၊ လူကြီးသူမများကို စောင့်ရှောက်မှုလုပ်ငန်းတွေ၊ ကလေးငယ်တွေကို မူကြိုလို ထိန်းသိမ်းစောင့်ရှောက်တဲ့ လုပ်ငန်းတွေ၊ ရွာသူ ရွာသားတွေရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ အားလုံးပါဝင်ပါတယ်"ဟု ပြောသည်။

မြန်မာ့ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း မြန်မာ့ဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်ထူထောင်ခြင်း) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

ကျေးရွာငွေတိုက် ထူထောင်ခြင်းစီမံကိန်းကို ကျေးရွာသစ်စီမံကိန်း ကျေးရွာ တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုရှိသည့်အနက် တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခု၏ ကျေးရွာသစ်စီမံကိန်းကျေးရွာ ၂၇ ရွာတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်သည့် ကျေးရွာများထဲတွင် အများဆုံးကျေးရွာသည် စုဆောင်းငွေကျပ်သန်း ၂၀ ကျော်အထိရှိကြောင်း၊ စီမံကိန်းကျေးရွာများ၏ ဝင်ငွေတိုးလုပ်ငန်းစဉ်များ အပါအဝင် ငွေကြေးစီမံခန့်ခွဲရာတွင် ငွေစုဆောင်းတတ်သည့် အလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာငွေတိုက်များ စတင်ထူထောင်ရန် လိုအပ်သောနည်းပညာများနှင့် ငွေကြေးအကူအညီများ ထောက်ပံ့ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် Korean Federation of Community Credit Cooperatives တို့ ဇွန်လက သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကျေးရွာငွေတိုက် ၁၃ ခုကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုနှစ် ဧပြီလတွင် ကျေးရွာငွေတိုက် ၂၇ ခုကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာကျေးရွာ ငွေတိုက်ကို အခြားသောကျေးရွာအသစ်များနှင့် နိုင်ငံတစ်ဝန်းသို့ တိုးချဲ့ဖြန့်ကြက်ရန်အတွက် လက်ရှိကျေးရွာငွေတိုက်များ၏ အခက်အခဲနှင့် ပြင်ဆင်ဖြည့်စွက်ရမည့် အချက်များကို ဆန်းစစ်လေ့လာပြီး စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော ကျေးရွာငွေတိုက်များ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စီမံလည်ပတ်ခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ကြောင်း၊ ကိုရီးယားနိုင်ငံ KFCC ရုံးချုပ်မှ စီနီယာ မန်နေဂျာ Mr. Sim Woo Jong ကပြောသည်။

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇေမိုး

မိုင်းပန်မြို့နယ်၌ နှစ်ရှည်မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

မိုင်းပန် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်တွင် အနောက်ရပ်ကွက်နေ ပြည်သူများအား နှစ်ရှည် မြေငှားဂရန်ထုတ်ပေးနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းမှစ၍ ကွင်းဆင်းတိုင်းတာဆောင်ရွက်သည်။

အနောက်ရပ်ကွက်နေ ဒေသခံပြည်သူ ၂၀၀ လျှောက်ထားမှုအပေါ် နှစ်ရှည်မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြေယာ အရှုပ်အရှင်း ရှိ မရှိ စစ်ဆေးခြင်း၊ မြေရာဇဝင်မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အဆောက်အအုံအခြေအနေစိစစ်ရန် လျှောက်ထားသူများ၏ နေအိမ်အရောက် လျှောက်လွှာလက်ခံခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြေငှားဂရန် လျှောက်ထားမှုနှင့် ပတ်သက်၍ တံဆိပ်ခေါင်းခွန်နှင့် မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) ပုံစံဖိုးများအတွက် ငွေကြေးကုန်ကျစရိတ် ကျသင့်မည်ဖြစ်ကြောင်းနှင့် စက်တင်ဘာ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမအတွင်း ပထမအကြိမ်အဖြစ် အလယ်ရပ်ကွက်နေ ဒေသခံပြည်သူ ၃၆ ဦးတို့အတွက် နှစ်ရှည်မြေငှားဂရန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆန်း (မိုင်းပန်)

မင်းတပ်၌ မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

မင်းတပ် စက်တင်ဘာ ၂၃

မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာမိတ်ဆက်ခြင်း အခမ်းအနားကို Eden မသန်စွမ်းသက်ငယ်များပြုစုရာ ရိပ်မြုံအဖွဲ့အစည်း၊ KMSSနှင့် MSI အဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မင်းတပ်မြို့စည်ပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူးက မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ Eden မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံအဖွဲ့အစည်းမှ ဒေါ်တမ်လိုင်းက မြို့နယ်အတွင်း မသန်စွမ်းမှုဆိုင်ရာဆောင်ရွက်မှုအကြောင်းအရာနှင့်ပတ်သက်၍ မိတ်ဆက်ပြောကြားသည်။

ထို့နောက် KMSS မှ ဒေါက်တာသီဟအောင်နှင့် MSI မှ ဒေါက်တာဗျတ်ကျိုးလျန်တို့က မသန်စွမ်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိစေရန်ဆောင်ရွက်မှု၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း မသန်စွမ်းမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းစဉ်များရေးဆွဲမှုရှင်းလင်းကြပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။ **ခိုရှိန်း**

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၉-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၆၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၉၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၆၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၁၀/၉၅၀ ကျပ်	၉၆၅/၉၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၂၀/၉၆၅ ကျပ်	၉၈၀/၉၉၀ ကျပ်
အောက်တိန်း ၉၂	၈၁၀/၈၇၀ ကျပ်	၈၉၀/၉၀၀ ကျပ်
အောက်တိန်း ၉၅	၉၀၀/၉၄၅ ကျပ်	၉၈၅/၁၀၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၃ ・ ၈
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၄ ・ ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၂ ・ ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၀၇ ・ ၃
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၂၈ ・ ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၃၈ ・ ၁
တရုတ်	တစ်ယွမ်	ကျပ် ၂၁၅ ・ ၁၈
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၆၃၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ ・ ၀၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၇ ・ ၀၇
ထိုင်း	တစ်ဘတ်	ကျပ် ၅၀ ・ ၁၁၃

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၁၃၈၆	၁၆၅၄၈၅၀၀
MTSH	၄၄၀၀	၄၄၀၀	၃၀၄၉၁	၁၃၄၂၀၂၀၀
MCB	၈၄၀၀	၈၄၀၀	၁၁	၉၂၄၀၀
FPB	၂၆၅၀၀	၂၆၀၀၀	၂၅၂၀	၆၆၇၈၀၀၀၀
TMH	၃၀၅၀	၃၁၀၀	၁၅၆၀	၄၇၅၈၀၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပင်လယ်ငါးလုပ်ငန်း ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

အခန်း (၁၀)
ဒေသခံရေလုပ်သားအစုအဖွဲ့များနှင့် ငါးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း

၃၂။ နိုင်ငံတော်၏ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံရေလုပ်သားများသည် ငါးဖမ်းခြင်းလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ အစုအဖွဲ့ဖြင့် ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ပူးပေါင်းစီမံခန့်ခွဲနိုင်ရေးအတွက် ဒေသခံရေလုပ်သားအစုအဖွဲ့ကို မှတ်ပုံတင်၍ ဖွဲ့စည်းခွင့်ပြုရန် သတ်မှတ်ထားသောမှတ်ပုံတင်ခကို ပေးသွင်းပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံသို့ မိမိတို့အစုအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းပူးတွဲ၍ လျှောက်ထားနိုင်သည်။

၃၃။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုဒ်မ ၃၂ အရ လျှောက်ထားချက်ကို စိစစ်၍ ဒေသခံရေလုပ်သားအစုအဖွဲ့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်ပြီး ဖွဲ့စည်းခွင့်ပြုနိုင်သည်။

(ခ) ဒေသခံရေလုပ်သားအစုအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းကို စိစစ်ပြီး ယင်းအစုအဖွဲ့၏ အလုပ်မှုဆောင်အဖွဲ့ကို အသိအမှတ်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရန် ခွင့်ပြုပါက ဒေသခံရေလုပ်သားအစုအဖွဲ့ကို သတ်မှတ်ထားသော မှတ်ပုံတင်ခပေးသွင်းစေပြီး မှတ်ပုံတင်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၃၄။ ဒေသခံရေလုပ်သားအစုအဖွဲ့၏ အလုပ်မှုဆောင်အဖွဲ့သည် -

(က) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက်များတွင် ငါးဖမ်းခြင်းလုပ်ငန်းကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စုပေါင်း၍ လုပ်ကိုင်ခွင့်နှင့် ပူးပေါင်း၍ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက်များတွင် မိမိအစုအဖွဲ့က သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး အဖွဲ့ဝင်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၃၅။ ဒေသခံရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက စည်းကမ်းချက်များနှင့်အညီ ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက်များ၌ ငါးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည်။

၃၆။ (က) ဒေသခံရေလုပ်သားအစုအဖွဲ့၏ အလုပ်မှုဆောင်အဖွဲ့သည် ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် လျှောက်ထားရမည်။

(ခ) ဒေသခံရေလုပ်သားအစုအဖွဲ့တစ်ခုခု သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ပင်လယ်ကမ်းဝေးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးထံသို့ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားရယူပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်နိုင်သည်။

၃၇။ ဒေသခံရေလုပ်သားအစုအဖွဲ့များသည် -

(က) မိမိတို့အဖွဲ့ဝင်များ၏ ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထူထောင်သည့် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများကို ရေးဆွဲပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ တင်ပြရမည်။

(ဂ) ရေးဆွဲထားသော ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ပြုရမည်။

၃၈။ ဦးစီးဌာနသည် ဒေသခံရေလုပ်သားအစုအဖွဲ့ဝင်များ ရန်ပုံငွေဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်များ၏ အရင်းအနှီးရရှိရေးနှင့် သိပ္ပံနည်းကျနည်းပညာများ ရရှိရေးတို့အတွက် လိုအပ်ပါက ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းပြုနိုင်သည်။

အခန်း (၁၁)
စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၉။ စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့တို့သည် ငါးဖမ်းခြင်းလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ ရေယာဉ်ပေါ်ပါ အခြားပစ္စည်းများနှင့် ရေလုပ်သားများကို သတ်မှတ်ချက်များနှင့်အညီ ဝရမ်းမပါဘဲ အချက်ပြဆက်သွယ်၍ ဤဥပဒေပါ တားမြစ်ချက် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ရှိ/မရှိ စစ်ဆေးရန် ချဉ်းကပ်ခြင်း၊ ရပ်တန့်ခြင်း၊ တက်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ မှတ်တမ်းမှတ်ရာများ ရယူခြင်း၊ သက်သေခံပစ္စည်းများကို သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊ သက်သေခံချက်ရယူခြင်း၊ စစ်ဆေးပြီးနောက် ဝန်ခံကတိရယူခြင်းနှင့် အရေးယူခြင်း။

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံတကာပင်လယ်ပြင်သို့ ခုတ်မောင်းထွက်ပြေးသော နိုင်ငံခြားငါးဖမ်းရေယာဉ်ကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင် ဥပဒေနှင့်အညီ ထက်ကြပ်မကွာလိုက်လံဖမ်းဆီး၍ အရေးယူခြင်း။

(ဂ) ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် သုံးစွဲခွင့်မရှိသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ၊ ဆေးဝါးများနှင့် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေသော အခြားပစ္စည်းများ၊ လက်နက်စသည့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ပစ္စည်းများကို သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း။

(ဃ) ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင်ရှိရမည့် လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်၊ မှတ်တမ်းနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ သိမ်းဆည်းခြင်း။

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ သတင်းပို့ခြင်း၊ ထို့ပြင်သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုသို့ ငါးဖမ်းရေယာဉ်ကို ခေါ်ဆောင်သွားပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ အပ်နှံခြင်း၊ ပြစ်မှုကျူးလွန်သော ငါးလုပ်ငန်းရှင်၊ ရေယာဉ်မှူးနှင့် ရေလုပ်သားများကို အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာ ရဲစခန်းတွင် သတင်းပေးတိုင်တန်းချက်ရေးဖွင့်ခြင်း။

(စ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ဖြစ်စေ၊လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ဖြစ်စေ သိမ်းဆည်းရမိသည့် ငါးများနှင့် ရေထွက်ပစ္စည်းများမှာ ပုပ်သိုးပျက်စီးလွယ်ပါက အမြန်ဆုံး ထုခွဲရောင်းချနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ လွှဲပြောင်းပေးခြင်း။

(ဆ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၄၀။ စစ်ဆေးရေးမှူးများသည် ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ယူဆောင်ရွက်ရသည့် ပင်လယ်ငါးလုပ်ငန်းရေပြင် သို့မဟုတ် နယ်မြေဒေသအတွင်း၌ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက သီးခြားတာဝန်ပေးအပ်သည့် ပင်လယ်ငါးလုပ်ငန်းရေပြင် သို့မဟုတ် နယ်မြေဒေသအတွင်း၌ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခန်း၊ ငါးတင်ငါးချဆိပ်ခံတံတားများ၊ ငါးလေလံဈေးများ စသည့် ငါးလုပ်ငန်းဆိုင်ရာနေရာများနှင့် အဆောက်အအုံများကို သတ်မှတ်ချက်များနှင့်အညီ ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်းနှင့် သက်သေခံချက် ရယူခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဦးစီးဌာနသို့ သတင်းပို့ခြင်း။

(ဂ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၄၁။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့ထံမှ သတ်မှတ်ပုံစံဖြင့် လွှဲပြောင်းရရှိသည့် သက်သေခံပစ္စည်းများအနက် ပုပ်သိုးပျက်စီးလွယ်သော ငါးများကို ဦးစီးဌာနက ဖွဲ့စည်းပေးသည့် ထုခွဲရောင်းချရေးအဖွဲ့ဖြင့် ထုခွဲရောင်းချပြီး ရရှိသောငွေများနှင့် သိမ်းဆည်းရမိသော ငွေများကို သက်ဆိုင်ရာ ငွေစာရင်းသို့ပေးသွင်းရမည်။

၄၂။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် ဦးစီးဌာနသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးသယ်ရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားပစ္စည်းများနှင့် ငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သက်သေခံပစ္စည်းများကို ထုခွဲရောင်းချရာတွင် လိုအပ်ပါက သက်သေခံပစ္စည်းထုခွဲရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ငါးသယ်ရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း။

(ဃ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း။

(င) ထုခွဲရောင်းချရငွေ၊ ဒဏ်ကြေးငွေနှင့် ခံဝန်ချုပ်ဆို၍ ပေးသွင်းသည့် အာမခံငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

(စ) ပုဒ်မခွဲ (ဂ) အရ ခံဝန်ချုပ်ချုပ်ဆို၍ ပြန်လည်ပေးအပ်ထားခြင်း မပြုဘဲ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက ထိန်းသိမ်းထားရသည့် အခါ ထိုသို့ထိန်းသိမ်းထားစဉ်အတွင်း ကုန်ကျစရိတ်များကို ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းရှင်က ဦးစီးဌာနသို့ ပြန်လည်ပေးသွင်းရမည်။

(ဆ) ပြစ်မှုနှင့် သက်ဆိုင်သော အတားအဆီးများ၊ အခိုင်အမာစိုက်ထူထားသော သို့မဟုတ် ချထားသော ပစ္စည်းများ၊ ငါးဖမ်းကိရိယာများကို သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်းအတွက် ကုန်ကျစရိတ်များကို ပြစ်မှုကျူးလွန်သည့် ငါးလုပ်ငန်းရှင်နှင့် ရေယာဉ်မှူးတို့အား ဦးစီးဌာနသို့ ပေးသွင်းစေရန် ညွှန်ကြားနိုင်သည်။

အခန်း (၁၂)
စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၄၃။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို မမှန်မကန်လိမ်လည် လျှောက်ထားလျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း။

(ဂ) ပေးသွင်းထားသော အာမခံငွေကို သိမ်းယူခြင်း။

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း။

(င) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၄၄။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆိုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့်ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ ခွင့်ပြုထားသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်း မပြုဘဲ ရပ်ဆိုင်းထားရမည်။ ရပ်ဆိုင်းခြင်း မပြုဘဲ လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းခံရမည်။

အခန်း (၁၃)
အယူခံခြင်း

၄၅။ (က) ပုဒ်မ ၄၃ အရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်းဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၆။ (က) ပုဒ်မ ၄၂ သို့မဟုတ် ၄၃ အရ ချမှတ်သည့် ဦးစီးဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၄၅ ပုဒ်မခွဲ (ခ) အရ အယူခံမှုတွင် ချမှတ်သည့် ဦးစီးဌာန၏ အမိန့်ကိုလည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသော နေ့မှရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာနက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေး နည်းလမ်းအရချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်သည့် အမိန့်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကိုသတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူပေးသွင်းထားသော ဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ပေးရမည်။

အခန်း (၁၄)
လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပျက်ပြယ်ခြင်း

၄၈။ (က) အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပျက်ပြယ်သည်-

(၁) သက်တမ်းကုန်ဆုံးခြင်း။

(၂) ပယ်ဖျက်ခံရခြင်း။

(၃) လုပ်ငန်းကို ဆက်လက် မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက်အတွင်း အဆိုပါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ထုတ်ပေးသည့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြန်လည်အပ်နှံခြင်း မပြုဘဲ ဆက်လက်လုပ်ကိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၄၉။ (က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မူရင်းမှာ ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ဆက်လက်သုံးစွဲခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်း လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ဆက်လက်သုံးစွဲပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ၎င်း၏လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပျက်စီးပျောက်ဆုံးပါက ပျက်စီးပျောက်ဆုံးသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မိတ္တူထုတ်ပေးရန် ခိုင်လုံသော အထောက်အထားဖြင့် ပြန်လည်လျှောက်ထားရမည်။ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ရရှိသော ကလေးသူငယ်များအား ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

မကွေး စက်တင်ဘာ ၂၃

ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ရရှိသော ကလေးသူငယ်များအားပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် ညှိနှိုင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နှင့် ၂၃ ရက်တို့တွင် မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ယူနီဆက်မှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၇ - ၆-၂၀၁၂ ရက်တွင် UN-CTFMR (United Nations Country Task Force on Monitoring and Reporting)နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ Plan of Action ပါ လုပ်ငန်းရပ်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ယခင်က တပ်မတော်မှ နုတ်ထွက်ခွင့် ရရှိပြီးသူ ကလေးသူငယ်များ၏ ပြန်လည်ထူထောင်ရေးအတွက်တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ တစ်ဦးလျှင် ငွေကျပ်ငါးသိန်း တိုးမြှင့်ထောက်ပံ့နိုင်ခဲ့ကြောင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းနှုန်း တိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပွားမှုအများဆုံး ဧရိယာအတွင်း ပါရှိနေခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ထိထိရောက်ရောက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သလို နုတ်ထွက်ခွင့်ရရှိပြီးသူ ကလေးသူငယ်များ၏ ပြန်လည်ထူထောင်ရေးအတွက်လည်း မိမိတို့၏အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းအနေဖြင့် တပ်မတော်မှနုတ်ထွက်ခွင့်ရရှိသော ကလေးသူငယ်များအား လွှဲပြောင်းလက်ခံရန် ယာယီစောင့်ရှောက်ရေးစခန်း(သို့)တည်းခိုရန်နေရာ စီစဉ်ပေးခြင်း၊ ယာယီလက်ခံစောင့်ရှောက်ရေးစခန်းတွင် တပ်မတော်မှ နုတ်ထွက်ခွင့်ရရှိသော ကလေးများအနက် နိုင်ငံသားစိစစ်ရေးကတ်မရှိ/ ပျောက်ဆုံးသူများအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ နေရပ်ပြန်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးသင်တန်းပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးလုပ်ငန်းထူထောင်ပေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းနိုင်ဦး(ဇဗ)

စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်ရရှိသော ကလေးသူငယ်များအား ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ညှိနှိုင်းစည်းဝေးစဉ်။

ဒီးမော့ဆိုမြို့နယ်တွင် အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၅၄၀ အား စက်ဘီးများပေးအပ်

ဒီးမော့ဆို စက်တင်ဘာ ၂၃

Lesswalk.org နှင့် ဝေါလ်ဗီရှင်-မြန်မာတို့ ပူးပေါင်းပြီး ဒီးမော့ဆိုမြို့နယ် ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ ဦးတည် ကျေးရွာ/ ရပ်ကွက် ၃၁ ရွာအနက် ကျေးရွာ ၁၆ ရွာရှိ ကျောင်းသွားရာတွင် အခက်အခဲဖြစ်နေသော အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၅၄၀ အား စက်ဘီးပေးအပ်ခြင်းကို ယမန်နေ့က ကယားပြည်နယ် ဒီးမော့ဆိုမြို့ စိန်ဂျိုးဇက်ခန်းမဆောင်၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် Lesswalk Foundation မှ ဦးမိုက်ခ်သန်းက စက်ဘီးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများအား စက်ဘီးများ ပေးအပ်သည်။

စက်ဘီးများ ပေးအပ်ရာတွင် ဒီးမော့ဆိုမြို့နယ်ရှိ ဝမ့်လထွား၊ ဟန်သောခူ၊ အို့ခူးရီ၊ ခေါက်ပလော့၊ ညောင်ကုန်း၊ ဒေါကမီး၊ ဒေါလိုက်လင်း၊ ဒေါ်ခူလီ၊ ဒေါတဒါး၊ ဒေါပိုးစီ၊ ဒေါဗျာကူး၊ အောင်ချမ်းသာ၊ အောင်သပြေ၊ ဒေါဘူးငံရယ်၊ ဘက်တလိန်နှင့် ဆီလီဒုန်းကျေးရွာများမှ ကျောင်းသွားရာတွင် အခက်အခဲ ဖြစ်နေသော အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၅၄၀ အား စက်ဘီးပေးအပ်ခဲ့ပြီး စက်ဘီး အမှန်တကယ် လိုအပ်နေသူများအတွက် ဖေ့စ်ဘုတ်စာမျက်နှာတွင် Lesswalk.org ဟု ရိုက်နှိပ်ကာ Messenger မှ တစ်ဆင့် လျှောက်နိုင်ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအား စက်ဘီးများ ထောက်ပံ့ပေးအပ်ပွဲကျင်းပစဉ်။

ရီရယ်(ဒီးမော့ဆို)

စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဟောပြော

ကျောင်းကုန်း စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်သက်အိဖြူက မီးသတ်ဦးစီးဌာနတွင် သန္ဓေမီးသတ်၊ အရန်မီးသတ်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဟူ၍ သုံးမျိုးရှိကြောင်း၊ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် မီးလောင်းမှု ဖြစ်ပေါ်လာရခြင်းမှာ လောင်စာ၊ လေ၊ လုံလောက်သောအပူရှိန်တို့ကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မီးသတ်ယာဉ်ပေါ်တွင်ပါရှိသော ပစ္စည်းကိရိယာများနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုပုံတို့ကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်မူနှင့် ဆရာ ဆရာမများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(မြန်/ဆက်)

ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများနှင့် မီးငြိမ်းသတ်ရေးအသုံးပြုပုံများကို ရှင်းလင်းပြောကြားစဉ်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အထူးစုပေါင်းဆုတောင်းဝတ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် မက်သဒစ်အသင်းတော်၌ ကျင်းပစဉ်။

သက်ခိုင် (သန်လျင်)

မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်နှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

အထက်မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်နှင့် သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး အပါလွင်၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းလှိုင်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်က ရွာတော်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာ ရွာလယ်ဓမ္မာရုံများ၌ မှုခင်းအသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကြိုတင်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ အုပ်ထိန်းသူမိဘများက ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးများ၊ မြို့မစခန်းမှူးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသော ကျေးရွာနေပြည်သူများအား မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇာဇာ (အထက်မင်းလှ)

လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာတွင် ကျေးလက်နေပြည်သူများ မူးယစ်ဆေးဝါး၏ အန္တရာယ်ကို သိရှိစေရန်၊ လူငယ်လူရွယ်များက မူးယစ်ဆေးဝါး၏ သားကောင် မဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ကွမ်ဘီကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည်။

ဆက်လက်ပြီး တာဝန်ရှိသူတို့က မူးယစ်ဆေးဝါး မြန်မာနိုင်ငံသို့ ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းဇော်ဦးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ခင်စန်းမြင့်(မြန်/ဆက်)

ဆော

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် အညာကတင်းကျေးရွာအုပ်စု ခူးချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၂ ရက်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ငြိမ်းက လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုအကြောင်း သိကောင်းစရာများ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးခံရတတ်ပုံများအကြောင်း၊ လူကုန်ကူးမှုဥပဒေအကြောင်း သိကောင်းစရာများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းထိုက်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်နှင့် လိုက်နာဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးကြကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

မြို့နယ်(မြန်/ဆက်)

လှိုင်သာယာမြို့နယ်၌ စွန့်ပစ်အမှိုက်လျှော့ချရေး အခြေခံပညာကျောင်းအဆင့်ပြိုင်ပွဲ ကျင်းပ

လှိုင်သာယာ စက်တင်ဘာ ၂၃

မြန်မာနိုင်ငံတွင် အဓိကဖြစ်ပွားနေသော စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းပပျောက်လာစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းလာစေရန်၊ မိမိနေထိုင်ရာ မြို့တော်များ သန့်ရှင်းသာယာလှပလာစေရန်နှင့် အခြေခံလူနေမှုစရိုက်များ မြင့်တက်လာစေရန် ရည်ရွယ်၍ Clean Yangon Campaign နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် စွန့်ပစ်အမှိုက်လျှော့ချရေး အခြေခံပညာကျောင်းအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၂၂ ရက် က လှိုင်သာယာမြို့နယ် အထက (၂)ကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာ(မူလတန်းနှင့်အလယ်တန်း) အထက်အဆင့် ပန်းချီပြိုင်ပွဲ၊ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း)အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းနှင့် အလယ်တန်းအဆင့် စကားရည်လုပြိုင်ပွဲ၊ မူလတန်းအဆင့် တေးသရုပ်ဖော်ပြိုင်ပွဲများ ကျင်းပသည်။

မြို့နယ်(မြန်/ဆက်)

ဆောမြို့နယ် ငလွန်းကျေးရွာ နှစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်ပြီးစီး

ကျောက်ထု စက်တင်ဘာ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ဒေသရှိ ငလွန်းကျေးရွာတွင် ဆောက်လုပ်သည့် မူလတန်း(လွန်)ကျောင်း နှစ်ထပ်စာသင် ကျောင်းဆောင် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျောင်းဆောင်တွင် စက်တင်ဘာ ၂၂ ရက်မှ စတင်ကာ စာပေ သင်ကြား ပို့ချနေပြီဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်ကို ဆောမြို့နယ် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်း တတိယနှစ်စက်ဝန်းက အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့်ပေ ၄၀ ရှိပြီး စီကိန်းထည့်ဝင်ငွေကျပ် ၃၄၁၉၁၆၀၀ နှင့် လူထုထည့်ဝင်ငွေကျပ် ၅၁၆၁၆၄၀ တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း အဆိုပါစီမံကိန်းမှ ဦးဇော်ဝင်းက ပြောသည်။

အဆိုပါ စာသင်ကျောင်းဆောင်ကို စက်တင်ဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့ပြီး ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

နှစ်ထပ်စာသင်ဆောင်အား တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။

သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေး နွားထိုးကြီးတွင် သရုပ်ပြလေ့ကျင့်

နွားထိုးကြီး စက်တင်ဘာ ၂၃

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မီးသတ် ဦးစီးဌာနမှ မြေလျှင်လှုပ်မှုနှင့် အခြားသောဘေးအန္တရာယ်များ ဖြစ်ပေါ် လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များ လျင်မြန်စွာ တုံ့ပြန်နိုင်ရန်အတွက် အထူးတပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် တပ်စုအဆင့် သရုပ်ပြလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်း က ပွဲတော်ကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်တုံ့ပြန်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်စဉ်။

ပြောင်းလဲလာသော ရာသီဥတု ဖြစ်စဉ်များကြောင့် သဘာဝဘေး အန္တရာယ်များဖြစ်သည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ မြေပြိုဘေးတို့ ကျရောက် လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး စုဖွဲ့ထားရှိပြီး တပ်ဖွဲ့ဝင်များ ကိုယ်တိုင် ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများကို သရုပ်ပြလေ့ကျင့်ခဲ့ ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူး အောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင် ငြိမ်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်း သူများ၊ ပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

သန်းအောင်ဇော်(ပြန်/ဆက်)

ထန်းတပင်မြို့နယ်အတွင်း ရေလမ်းခရီးဖြင့် ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့

ထန်းတပင် စက်တင်ဘာ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဒေါင့်ကြီးကျေးရွာအခြေခံ ပညာအလယ် တန်းကျောင်း(ခွဲ)သို့ ကုက္ကိုဝမြစ်ကိုဖြတ်ကာ ရေလမ်းခရီးဖြင့် အခြားကျေးရွာများမှ လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ ရေဘေး အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်လျက်ရှိသည့် အသက်ကယ်အင်္ကျီများအား အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာ ရေးမှူးရုံး၌ ပေးအပ်သည်။

အသက်ကယ်အင်္ကျီများပေးအပ်ရာတွင် မြို့နယ်အခြေခံပညာဦးစီးဌာန လက်ထောက်ပညာရေးမှူး ဦးသာကျော်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းနှင့်တာဝန်ရှိသူများက အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အသက်ကယ်အင်္ကျီ ၆၁ ထည်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုင်မာလာခိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမြင့်တို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ဒေါင့်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ဒေါင့်ကြီးကျေးရွာ အပါအဝင် အခြားကျေးရွာများမှ ကျောင်းသား ကျောင်းသူများတက်ရောက် ပညာ သင်ကြားလျက်ရှိပြီး နဲပျောကျေးရွာ၊ ဇီးချောင်းကျေးရွာ၊ ကဇန်းကျေးရွာနှင့် ဘေးမခရွာ သစ်ကျေးရွာတို့မှ ကျောင်းသား ကျောင်းသူ ၆၁ ဦးတို့သည် ၎င်းတို့ကျေးရွာများမှ စက်လှေဖြင့် ကုက္ကိုဝမြစ်ကိုဖြတ်၍ ပညာသင်ကြားလျက်ရှိရာ ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်နေသည့် အသက်ကယ်အင်္ကျီများကို အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အသက်ကယ်အင်္ကျီများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်စဉ်။

ဇင်မင်းထိုက်(ထန်းတပင်)

စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားပွဲတော်နှင့် သက်ဆိုင်သော လုပ်ငန်းလိုင်စင်များ လေလံတင်ရောင်းချ၊ ကျပ် ၁၅၅ သိန်းကျော်ရရှိ

စစ်ကိုင်း စက်တင်ဘာ ၂၃

စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်မြတ်စွာဘုရားပွဲတော်နှင့် သက်ဆိုင်သော အရပ်ရပ်ဆိုင်ရာလုပ်ငန်း လိုင်စင်များကို အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချခဲ့ရာ ကျပ် ၁၅၅ သိန်းကျော်ရရှိခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ဘုရားရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိအောင်မြေမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

“သီတင်းကျွတ်လပြည့်နေ့ပွဲ တစ်ပွဲပါတယ်။ နောက် သီတင်းကျွတ်လပြည့်ကျော် ၇၊ ၈ ရက်နေ့မှာ ပွဲတစ်ပွဲပါတယ်။ တန်ဆောင်တိုင်ပွဲအတွက် ပါတယ်။ သုံးပွဲအတွက် လုပ်ငန်းလိုင်စင်တွေကို အိတ်ပိတ်လေလံစနစ်နဲ့ ရောင်းချခဲ့တာဖြစ်ပါတယ်။ လုပ်ငန်း လိုင်စင် ငါးခုကို ရောင်းချခဲ့တာဖြစ်ပါတယ်”ဟု ကောင်းမှုတော်ဘုရား ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောသည်။

အဆိုပါ ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ် လပြည့်နေ့၊ သီတင်းကျွတ်လပြည့် ကျော် ၇၊ ၈ ရက်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ကျင်းပလျက်ရှိပြီး ပွဲတော်များနှင့် သက်ဆိုင်သော အကောက်လုပ်ငန်းလိုင်စင်များကို စက်တင်ဘာ ၂၀ ရက်က လေလံတင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ကောင်းမှုတော်မြတ်စွာဘုရားပွဲတော်နှင့်သက်ဆိုင်သော အရပ်ရပ်ဆိုင်ရာလုပ်ငန်း လိုင်စင်များဖြစ်သည့် ကား/ဆိုင်ကယ် ရပ်နားခွင့် အကောက်လိုင်စင်၊ တောင်း၊ ဆန်ခါဈေး အကောက်လိုင်စင်၊ သန့်စင်ခန်း အကောက် လိုင်စင်၊ ပျံကျဈေး အကောက် လိုင်စင်နှင့် ပွဲတော် လျှပ်စစ်မီးလုပ်ငန်း အကောက်လိုင်စင်တို့ကို အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချခဲ့ရာ လေလံဝင်ရောက်ဆွဲဝယ်သူ ၄၆ ဦးရှိခဲ့ပြီး ငွေကျပ် ၁၅၅ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ခိုင်ဇေယျ

နေပြည်တော်၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်စဉ်။

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်သူများ သဘာဝဘေးအသိပညာများ ပိုမိုကျယ်ပြန့်ထိရောက်စွာသိရှိစေရေး၊ သဘာဝဘေးအန္တရာယ်များ ကင်းဝေးပြီး ဘေးကင်းလုံခြုံသော လူနေမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရေး၊ ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများကို ပိုမိုနားလည် လာစေပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် နေပြည်တော်အတွင်းရှိ ပရဟိတအဖွဲ့များမှ ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာဝေါဟာရနှင့် သဘောတရား များ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ၊ အရေးပေါ် ဆက်သွယ်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များအကြောင်း စသည်တို့ကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း

မကွေးမြို့နယ် ညောင်ပင်သာရွာ၌ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

မကွေး စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အိမ်တိုင်ရာရောက် သောက် သုံးရေရရှိရေးအတွက် ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ကျေးရွာပိုင် အများသုံးစက်ရေတွင်းမှ နွားလှည်း၊ တွန်းလှည်းများဖြင့်လည်းကောင်း၊ ရေထမ်း၍လည်းကောင်း သုံးစွဲခဲ့ကြကြောင်း၊ ယခုအိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၅ သိန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း ၁၃၁၆၇ ပေ သွယ်တန်းခြင်းများကို စတင်အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ရေမီတာတပ်ဆင်ခြင်းနှင့် အချောသပ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၂၆၊ လူဦးရေ ၁၅၀၅၊ အခြေခံ ပညာအလယ်တန်းကျောင်းတစ်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းတို့တွင် သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ပင်လည်ဘူးမြို့၌ ၂၄ နာရီ မီးရရှိသောကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

ပင်လည်ဘူး စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ဆောင်ရွက်သော ၂၄ နာရီ ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပင်လည်ဘူးမြို့နယ် ဇီးခုံကျေးရွာ လျှပ်စစ်ဓာတ်အား ထရန်စဖော်မာရှေ့၌ ကျင်းပသည်။

ပင်လည်ဘူးမြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ကျေးရွာများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး ကျေးရွာ ၁၉ ရွာ ဆောင်ရွက်နေကြောင်း၊ ဇီးခုံကျေးရွာ၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ပထမဆုံး ၂၄ နာရီလျှပ်စစ်ဓာတ်အား ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပင်လည်ဘူးမြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိသည့်ကျေးရွာ ၆၆ ရွာရှိပြီဖြစ်ကြောင်း၊ မီးမရရှိသေးသည့် ကျေးရွာများကိုလည်း လျှပ်စစ်မီးမြန်မြန်ရရှိအောင် ဆောင်ရွက်နေကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးစန်းအောင်က ပြောသည်။

"ကျွန်တော်တို့ရွာဟာ မြို့နဲ့ ခုနစ်မိုင်လောက်ဝေးပါတယ်။ အိမ်ခြေ ၄၅ အိမ်ရှိပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါတယ်။ အခုကျွန်တော်တို့ရွာမှာ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်တဲ့အတွက် ညရေးညတာလည်း သွားလာလို့ အဆင်ပြေပါပြီ။ ရွာမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေလည်း လျှပ်စစ်မီးနဲ့ဆိုတော့ ကောင်းကောင်းစာကျက်လို့ရပါပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇီးခုံကျေးရွာအတွင်း မီးရရှိရေး ဓာတ်အားလိုင်းများသွယ်တန်းထားစဉ်။

အဆိုပါ မီးဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းနောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးလွင်(ပင်လည်ဘူး)

ဆင်းကေရီ - (၃) မျိုး စပါးမျိုးကောင်းမျိုးသန့်ရရှိရန် ဧက ၃၀၀ စမ်းသပ်စိုက်ပျိုး

ဗန်းမော် စက်တင်ဘာ ၂၃

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆင်းကေရီ- (၃)မျိုး စပါးမျိုးကောင်းမျိုးသန့် ရရှိနိုင်စေရန်နှင့် အခြားကျေးရွာများသို့ မျိုးစပါး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် ဗန်းမော်မြို့နယ် မံရေးကျေးရွာ၌ စံပြစိုက်ကွက် ဧက ၃၀၀ စမ်းသပ်စိုက်ပျိုး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ စမ်းသပ်စိုက်ပျိုးရာတွင် တောင်သူပေါင်း ၆၅ ဦးတို့အား ဧကပေါင်း ၃၀၀ အနက်မှ ဆင်းကေရီ-(၃) မိုးစပါးမျိုးသန့် မျိုးစေ့ထုတ် စံပြကွက်များ၊ မျိုးသက်နုစိုက်စနစ်၊ မျိုးစေ့ချ ကိရိယာစိုက်စနစ်တို့နှင့် စမ်းသပ်ကွက်တို့တွင် ဂျစ်ပဆန်ကျောက်မှုန့်စမ်းသပ်ကွက် နှစ်ဧက၊ လင်းနို့ချေးစမ်းသပ်ကွက် တစ်ဧက၊ နွားချေးသဘာဝမြေဩဇာ တစ်ဧက၊ ဘိုကာရှီသဘာဝမြေဩဇာ တစ်ဧက၊ P_2O_5 တီဆူပါ တစ်ဧက၊ ထုံးစမ်းသပ်ကွက် တစ်ဧက၊ ဓာတ်မြေဩဇာ စမ်းသပ်ကွက် တစ်ဧကတို့ကို စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

အလားတူ ဗန်းမော်မြို့နယ် စီဟဲကျေးရွာ၌လည်း ဆင်းကေရီ-(၃) မိုးစပါးမျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ် စံပြကွက် ၁၀ ဧက နှင့် ဘက်စုံဖျက်ပိုးကာကွယ်ရေးနည်းစနစ် စံပြကွက်ကို ငါးဧက စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

"အဓိက စံပြစိုက်ကွက် လုပ်ပေးရတာက တောင်သူတွေ စိုက်ပျိုးရေးနည်းစနစ်ကောင်းနဲ့ သီးနှံအလိုက် သိရှိလိုက်နာကျင့်သုံးနိုင်ဖို့ရယ်၊ ဘက်စုံစိုက်ပျိုးရေးနည်းစနစ်တွေ၊ စမ်းသပ်ကွက်တွေကို တောင်သူသိအောင် ပညာပေးပြီး စံပြကွက်စိုက်ပျိုးပါတယ်။ ရရှိလာတဲ့ မျိုးကောင်း မျိုးသန့်တွေကို အခြားကျေးရွာကို ပြန်ဖြန့်ဖြူးပေးသွားမှာပါ။ ဗန်းမော်မြို့နယ်မှာ ဒေသနဲ့ ကိုက်ညီတဲ့ ဆင်းကေရီ-(၃) မျိုးစပါးပဲ စိုက်ကြတာများတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်စိုးအောင်က ပြောသည်။

စပါးမျိုးကောင်းမျိုးသန့်ရရှိရေး စမ်းသပ်စိုက်ပျိုးထားသော ဧက ၃၀၀ ကွက်အား တွေ့ရစဉ်။

ယခင်နှစ်တွင် ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာ၌ ဆင်းကေရီ-(၃)မိုးစပါး မျိုးကောင်း မျိုးသန့်မျိုးစေ့ထုတ် စံပြကွက် ၁၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူအတွက် မျိုးစပါးမျိုးကောင်းမျိုးသန့် ရရှိဖို့ စံပြကွက်တွေ ပညာပေးစိုက်ပျိုးပေးနိုင်တော့ အလွန်ကောင်းပါတယ်။ ကျွန်တော့် လယ်ယာက လေးဧကကျော် စိုက်ပျိုးထားပါတယ်" ဟု မံရေးကျေးရွာတောင်သူ ဦးဝင်းနောင်က ပြောသည်။

ခရိုင်(ပြန်/ဆက်)

မန္တလေး၌ကျင်းပမည့် ပွဲများ

စတော့အိတ်ချိန်း ရှင်းလင်းဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့ ပူးပေါင်းကျင်းပသော စတော့အိတ်ချိန်း ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးမြို့ ရတနာပုံစူပါစင်တာ လေးလွှာရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

5th Annual Trade Fair 2019 ကုန်စည်ပြပွဲ

မင်္ဂလာမန္တလေး 5th Annual Trade Fair 2019 ကုန်စည်ပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး၌ စက်တင်ဘာ ၂၇ ရက် မှ ၂၉ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ စတင်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ

ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် နှလုံးကျန်းမာရေး ဟောပြောပွဲကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၌ စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လူမှုအကျိုးပြု စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို အားပေးဝန်းရံခြင်း ဟောပြော

လူမှုအကျိုးပြု စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အားပေးဝန်းရံခြင်း ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၆၆ လမ်းရှိ Hilton Hotel ၌ စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်ဝန်းထဲက အလှတရား ချစ်ကြည်ရေး ဓာတ်ပုံပြပွဲ

မျက်ဝန်းထဲက အလှတရား ချစ်ကြည်ရေး ဓာတ်ပုံပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၀ လမ်း ၈၂×၈၂ လမ်းကြားရှိ ဖူကျင့် နိုင်ငံတကာဘာသာစကားစင်တာ၌ စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မန္တလေးအနာဂတ် အခမဲ့ဟောပြော

၂၀၂၀ အလွန် မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးနှင့် မန္တလေးအနာဂတ် အခမဲ့ ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Oriental House ခန်းမ၌ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်ဒစ်ဂျစ်တယ်ခေတ် မန္တလေးအလုပ်အကိုင်ပြပွဲ

အနာဂတ်ဒစ်ဂျစ်တယ်ခေတ် မန္တလေးအလုပ်အကိုင်ပြပွဲကို မန္တလေးမြို့ ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvel ၌ အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ကလိန်အောင်မြို့၌ ဒေသခံပြည်သူများအား တီဘီရောဂါနှင့် ဆီးချိုရောဂါ အခမဲ့စမ်းသပ် စစ်ဆေး ဆောင်ရွက်ပေးမည်

ကလိန်အောင် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း၌ စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကလိန်အောင်မြို့အတွင်းရှိ ဒေသခံပြည်သူများအား တီဘီရောဂါနှင့် ဆီးချိုရောဂါ အခမဲ့စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းဒေသကြီး အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တီဘီရောဂါ စစ်ဆေးရှာဖွေကုသရေးအဖွဲ့မှ ခေတ်မီဓာတ်မှန်စက်ကြီးဖြင့် ရင်ဘတ်ဓာတ်မှန်ရိုက်စစ်ဆေးခြင်း၊ သလိပ်စစ်ဆေးခြင်း၊ ဆီးချိုရောဂါ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တီဘီရောဂါသည် အသက်ရှူလမ်းကြောင်းမှ အဓိက ကူးစက်တတ်သောရောဂါဖြစ်ပြီး မည်သူမဆို မိမိကိုယ်ကို တီဘီရောဂါ ရှိ၊ မရှိ လာရောက်စစ်ဆေးနိုင်ကြောင်း၊ ရက်ရှည်ချောင်းဆိုးနေသူများ၊ ဖျားနေသူများ၊ အစားအသောက်ပျက်၍ တဖြည်းဖြည်းပိန်လာနေသူများ၊ လည်ပင်း၊ ချိုင်းတို့၌ အကျိတ်ထွက်နေသူများ၊ တီဘီရောဂါဖြစ်သူနှင့် အတူနေသူများ၊ ဆီးချိုရောဂါနှင့် ကိုယ်ခံအားကျဆင်းမှု ဖြစ်နေသူများ စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ်၌ ဆောင်းကြက်သွန်နီဥ စိုက်ပျိုးချိန်နီးသော်လည်း ကြက်သွန်နီမျိုးအရောင်းအဝယ်ပါးနေ

ဆိပ်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီကို အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသတစ်ခုဖြစ်ပြီး ဆောင်းဦး ကြက်သွန်နီစိုက်ပျိုးချိန် နီးနေသော်လည်း စိုက်ပျိုးရန် ကြက်သွန်နီမျိုး အဝယ်ပါးနေကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်တွင် နှစ်စဉ်မိုးလွန်ကာလဖြစ်သည့် သီတင်းကျွတ်လဆန်းပိုင်းတွင် ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့် ကြက်သွန်နီဥကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ကြက်သွန်နီဥ စိုက်မျိုးကြမ်းကျွဲ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၊ ဇော်မွှားတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၊ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုလုပ်နေသော်လည်း ကြက်သွန်စိုက်ပျိုးမှုအတွက် အရောင်းအဝယ်ပါးနေသေးကြောင်း ကြက်သွန်ကုန်စည်ဒိုင်များထံမှ သိရသည်။

ကြက်သွန်ဈေးကွက်က ဆိပ်ဖြူကြက်သွန် ကုန်စည်ဒိုင်တွင် ကြက်သွန်နီဂွန် ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၈၃၀ နှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပြီး နယ်ဈေးတွင် ငွေကျပ် ၇၀၀ ဈေးရှိကြောင်း၊ စိုက်ပျိုးစရိတ် ကြက်သွန်အလျော့တွက်များဖြင့် ကြက်သွန်နီဂွန် ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဈေးနှုန်းရမှသာလျှင် စိုက်ပျိုးထုတ်လုပ်သူများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကာ သီတင်းကျွတ်ရာသီကာလတွင် ယင်းဈေးနှုန်း ရရှိနိုင်ဖွယ်ရှိကြောင်း တောင်သူများနှင့် ကြက်သွန်နီ ကုန်သည်အချို့က ခန့်မှန်းပြောကြားကြသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ်ထွက် ကြက်သွန်နီဂွန်ထိပ်စများ ရွေးချယ်နေကြစဉ်။

ပုသိမ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ အိမ်တွင်းမှုနှင့် ဟိုတယ်ဝန်ဆောင်မှု သင်တန်းသူများဖိတ်ခေါ်နေ

ပုသိမ် စက်တင်ဘာ ၂၃
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် အခြေခံနှင့် အဆင့်မြင့် အိမ်တွင်းမှု သင်တန်းများနှင့် ဟိုတယ်ဝန်ဆောင်မှု သင်တန်းဖြစ်သော ညှပ်ကြို၊ အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းများကို နိုဝင်ဘာ ၁၃ ရက်မှ နောက်နှစ် မတ်လအထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ တက်ရောက်သင်ကြားလိုသော သင်တန်းသူများအား ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည့် ရည်ရွယ်ချက်မှာ တိုင်းရင်းသူများအချင်းချင်း ပညာရှာမှီးကြရင်း ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ နယ်စပ်ဒေသနှင့် ဆင်းရဲနွမ်းပါးသောဒေသများရှိ အမျိုးသမီးငယ်များအား အိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးခြင်းဖြင့် တတ်မြောက်သည့်ပညာဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည်အထိ ကူညီဆောင်ရွက်သွားရန်နှင့် စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ကြောင်းသိရသည်။

အိမ်တွင်းမှုသင်တန်းသို့ တက်ရောက်လိုသူများသည် အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း တက်ရောက်လိုသူများသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ရှိရမည်ဖြစ်ကာ ပညာအရည်အချင်း ရှစ်တန်း အောင်မြင်ထားသူများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်း၏ သင်တန်းကာလမှာ စာတွေ့သုံးလခွဲနှင့် လက်တွေ့သုံးလဖြစ်ပြီး အဆင့်မြင့်စက်ချုပ်သင်တန်းမှာ သင်တန်းကာလ ၁၈ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများသို့ တက်ရောက်ရန် လျှောက်ထားပြီးနောက် ရွေးချယ်ခံရသော သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ နေ့စဉ်စားစရိတ်နှင့် နယ်ဝေးမှ သင်တန်းသူများအတွက် အပြန်ခရီးစရိတ်များ ထောက်ပံ့ပေးသွားမည့်အပြင် အဆင့်မြင့်စက်ချုပ်သင်တန်း ပြီးဆုံးသူများအား အပ်ချုပ်စက်များကို တစ်နှစ်ဆိုင်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ပုသိမ်မြို့၌ကျင်းပ

ပုသိမ် စက်တင်ဘာ ၂၃
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နိုင်ငံတကာငြိမ်းချမ်းရေးနေ့ (International Peace Day) အထိမ်းအမှတ်အဖြစ် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာ ၂၂ ရက်က Shekinah ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို နိုင်ငံသားနှင့် တရားမျှတမှုဆိုင်ရာ ဖွံ့ဖြိုးရေးဖော်ဆောင်သော လူငယ်အဖွဲ့(CJDY)၊ ပုသိမ်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ Clean Pathein အဖွဲ့နှင့် အခြား အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတရားများ၊ ဖြစ်စဉ်များကို သိရှိလာစေရန်၊ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လာကြစေရန်၊ ပုသိမ်မြို့နယ်အတွင်းရှိ ကဏ္ဍအသီးသီးတွင် လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေကြသည့် အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူများကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများအနေဖြင့် အစိုးရ၏ လုပ်ငန်းဆောင်တာများတွင် အပြုသဘောဖြင့် ပူးပေါင်းပါဝင်လာခြင်းဖြင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဝင်းကျော်က အမှာစကားပြောကြားပြီး CJDY မှ စီမံကိန်းမန်နေဂျာ ကိုမျိုးနိုင်ဦးက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် AAPP မှ ဦးအောင်မျိုးကျော်၊ နိုင်ငံရေးသင်တန်း နည်းပြ မဇာဏီမြင့်အောင်၊ Oway Institute မှ ကိုမင်းသွေးသစ်၊ ပန်းတနော် ကရင်လူငယ်အဖွဲ့မှ စောဖိုးထူးနှင့် CJDY မှ စောဝီလျံထွန်းတို့က လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏ ပူးပေါင်းပါဝင်နေမှုအပေါ် မည်ကဲ့သို့ ထင်မြင်ယူဆပါသလဲ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များပါဝင်ရန်အတွက် မည်ကဲ့သို့သော အခက်အခဲ အတားအဆီးများ ရှိပါသနည်း၊ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တစ်ထောင့်တစ်နေရာမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်လာကြရေးအတွက် မည်သည့် အရာများလုပ်ဆောင်ရန် လိုအပ်ပါသနည်း စသည့် ခေါင်းစဉ်များဖြင့် ငြိမ်းချမ်းရေးဆိုင်ရာများကို အကြံပြု ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ လူငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

ဒီးမော့ဆိုမြို့နယ်၌ ဒုတိယအကြိမ်မြောက် အဲ့ဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပ

အဲ့ဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြသည့် ကယားတိုင်းရင်းသားများ

ဒီးမော့ဆို စက်တင်ဘာ ၂၃
ကယားပြည်နယ်ရှိ ကယားလူမျိုးများ၏ ရိုးရာပွဲတော်များအနက် ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်သော အဲ့ဒိုပေါ်မီ (ခေါ်) ဒီးကူပွဲကို ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာ ဘောလုံးကွင်း၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးကိုးရယ်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒီးမော့ဆိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်က ရိုးရာဓလေ့များသည် လူမျိုး၏ အသက်သွေးကြောဖြစ်၍ ဆက်လက်ပြီးလည်း ပွဲတော်ကို စည်းလုံးညီညွတ်စွာ ပူးပေါင်းကျင်းပကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေနှင့် တာဝန်ရှိသူများက ပွဲတော်ကျင်းပခြင်း ရည်ရွယ်ချက်များနှင့် သမိုင်းနောက်ခံများကို ရှင်းလင်းပြောကြားပြီး ပွဲတော်ဖြစ်မြောက်အောင် ပါဝင်ကူညီပေးကြသော ကျေးရွာများသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဒီးကူပွဲတော် ကျင်းပသည့် သမိုင်းကြောင်းမှာ ရှေးယခင်က ငွေတောင်ပြည်သည် ယွန်းလူမျိုးတို့၏လက်အောက်သို့ ကျရောက်ခဲ့သည်။ ထိုအချိန်တွင် ကယားတိုင်းရင်းသားတို့သည် ကောက်ညှင်းဆန်ကို ဒီးကူရွက်ဖြင့်ထုပ်ကာ စစ်သုံးရိက္ခာအဖြစ် အသုံးပြုပြီး ယွန်းလူမျိုးတို့ကို တော်လှန်ချေမှုန်းနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ကယားတိုင်းရင်းသားတို့သည် ဒီးကူထုပ်ကဲ့သို့ စည်းလုံးညီညွတ်ခြင်း၊ လွတ်မြောက်ခြင်းနှင့် မကောင်းဆိုးရွားများအား အောင်နိုင်ခြင်း စသည့် အဓိပ္ပာယ်များဖြင့် အဲ့ဒိုပေါ်မီပွဲ(ခေါ်) ဒီးကူပွဲကို ကျင်းပခဲ့ကြကာ ပွဲတော်ကို အချိန်အားဖြင့် နှစ်စဉ် တောင်ယာနှင့်လယ်ယာများစိုက်ပျိုးပြီးသည့် တော်သလင်းလနှင့် သီတင်းကျွတ်လတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

ကိုစိုင်း(လွိုင်ကော်)

လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း လမိုင်းမြို့၌ကျင်းပ

လမိုင်း စက်တင်ဘာ ၂၃
လမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၂ ရက်က လမိုင်းမြို့ အမက(ဘူတာကုန်း)ကျောင်း၌ ပြုလုပ်ခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးညီညီမင်းတို့က အမှာစကားပြောကြားပြီး လမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်ဇာစိုးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးမှုများနှင့်ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

မြင်းခြံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

မြင်းခြံ စက်တင်ဘာ ၂၃
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဇီးပင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က လူငယ့်ရေးရာအဖြာဖြာ ခေါင်းစဉ်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါ်အိအိမြတ်က အာဟာရတွင်မြှုပ်နှံကာ ပူးပေါင်းပါဝင်ဆောင်ရွက်ပါခေါင်းစဉ်၊ ကုက္ကဲရဲကင်းစခန်းမှူး ဒုရဲအုပ်သိန်းဇော်က မူခင်းကျဆင်းရေး ခေါင်းစဉ်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးကျော်မင်းက ဘဝတစ်သက်စာ သင်ယူခြင်းနှင့် ပညာရေး ခေါင်းစဉ်၊ အမှတ်(၉၅) ယာဉ်ထိန်းတပ်ဖွဲ့စု(၃)မှ ဒုရဲမှူး စိုးမြင့်ထွေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းအကြောင်း သိကောင်းစရာ ခေါင်းစဉ်နှင့် မြင်းခြံခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကိုသန့်က မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဇီးပင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ပေါက် စက်တင်ဘာ ၂၃
ပေါက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် ဒေသ၏ လိုအပ်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်လင်းမြင်သာစွာ တင်ပြ မေးမြန်းနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၂ ရက်က ဝါးရုံပင်အိုင့်ကျေးရွာ ဇေယျသုခဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစောမြင့်ခိုင်က ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်းက ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာတွင် အမှန်တကယ် လိုအပ်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိက တင်ပြတောင်းဆိုရန်နှင့် အတတ်နိုင်ဆုံး ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီး ကျေးရွာများမှ ပြည်သူများက မိမိတို့ ကျေးရွာအလိုက် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြတောင်းဆို ဆွေးနွေးခဲ့ကြသည်။ **ဉာဏ်တိုး(ပေါက်)**

လူထုဗဟိုပြုစီမံကိန်းအရဆောက်လုပ်သည့် ကြိုးတံတား ပြီးစီး

ဆော စက်တင်ဘာ ၂၃
ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း လုပ်ငန်းများထဲမှ လယ်ဦးရွာတွင် ဆောက်လုပ်သည့် ကျော်ချောင်းကူး လူကူးကြိုးတံတား ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသွား၍ စက်တင်ဘာ ၂၁ ရက်က ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း တာဝန်ခံထံမှ သိရသည်။

အဆိုပါ ကြိုးတံတားသည် အရှည် ၁၀၂ ပေ၊ အကျယ် ငါးပေ၊ အမြင့် ၁၈ ပေရှိပြီး စီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၄၈ သိန်းကျော်နှင့် ကျေးရွာလူထုထည့်ဝင်ငွေ ကျပ် ၉၅ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း၊ တံတား တည်ဆောက်ပြီးစီးခြင်းကြောင့် လယ်ဦးကျေးရွာနှင့်အတူ ပတ်ဝန်းကျင်ရှိ ကျေးရွာသုံးရွာမှ ပြည်သူများအတွက်လည်း သွားလာရေး လွယ်ကူချောမွေ့စေကြောင်း သိရသည်။ လူကူးကြိုးတံတား ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်း၊ ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ **၁၄၄**

သန်လျင်မြို့နယ်မှ တောင်သူများအား မြေယာနစ်နာကြေးပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ၂၀၀၅- ၂၀၀၆ ခုနှစ်အတွင်းက ပဲခူးမြစ်ကမ်းပတ်တာစီမံကိန်း လုပ်ဆောင်ရာတွင် ပါဝင်သွားခဲ့သော လယ်ယာမြေများအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းဦးစီးဌာနမှ တောင်သူများအား မြေယာနစ်နာကြေး ပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်က သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြေယာနစ်နာကြေး ပေးအပ်ပွဲတွင် သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က မြေယာနစ်နာကြေးပေးအပ်သည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကမ်းပတ်တာ စီမံကိန်းတွင် ပါဝင်သွားသော ဒေးဇတ်ကျေးရွာမှ တောင်သူ ၃၇ ဦးတို့၏ လယ်မြေ ၂၄ ဒသမ ၂၈ ဧကနှင့် ဖားကူးအနောက်ကျေးရွာမှ တောင်သူ ၁၀ ဦးတို့၏ လယ်မြေ ၇ ဒသမ ၆၃ ဧက အတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၉၅ သိန်းခွဲကို တောင်သူများထံ မြေယာနစ်နာကြေးအဖြစ် ထုတ်ပေးခဲ့ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ စက်တင်ဘာ ၂၃

နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် 'အနာဂတ် ငြိမ်းချမ်းရေးနှင့် လူငယ်များ၏အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ကလျာဏမိတ္တဖောင်ဒေးရှင်း (ရန်ကုန်)နှင့် ကမ္မ လူငယ်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းစီစဉ်၍ စက်တင်ဘာ ၂၂ ရက်က ပခုက္ကူမြို့နယ် ကမ္မမြို့ရှိ ရုံးပင်ရိုး အောင်တော်မူတောရဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္မမြို့ လူငယ်ဖွံ့ဖြိုးရေးအသင်းမှ ဦးဇော်နိုင်ထွန်းက ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ဦးဆောင်ဆွေးနွေးသူများဖြစ်သော အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်း တည်ထောင်သူ ဦးရဲထွဋ်၊ မကွေးငြိမ်းချမ်းရေး ခရိုင်ကိုယ်စားလှယ် ဦးအောင်ကျော်(မြေလတ်ဂျာနယ်)၊ ကမ္မမြို့ မြို့မိမြို့ဖ ဦးစန်းပွင့်နှင့် ကျောက်ထုမြို့ Youth Network မှ ဒေါက်တာကြည်စိုးထွန်းတို့က အနာဂတ်ငြိမ်းချမ်းရေးနှင့် လူငယ်များ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးဆိုင်ရာများကို စကားဝိုင်းပုံစံ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော လူငယ်များကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ **ကိုဇော်(ခတု)**

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၉ ရက်က ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက်ရှိ အထက(၆) ကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြန်မာနိုင်ငံ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစံရှိန်၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်၊ ကျောင်းသား လူထုသံတမန် ဦးချစ်ချော၊ စာရေးဆရာ အလင်းဆက်နှင့် ရွှေပေါက်ကံနယ်မြေ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဝင်းခိုင်တို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြိုအထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

မင်းလှ စက်တင်ဘာ ၂၃

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြို အထိမ်းအမှတ် ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအဖြစ် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စစ်ကွင်းတိုက်နယ်ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်ပေးခဲ့ကြကာ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍လည်း သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဗထူး

မိုင်းဖြတ်၌ နှစ်ကျိပ်ရှစ်ဆူ ဝက်ပါမီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ယမန်နှစ်က နှစ်ကျိပ်ရှစ်ဆူ ဝက်ပါမီးထွန်းပွဲတော်၌ မီးအလှဆင်ထွန်းညှိထားစဉ်။

မိုင်းဖြတ် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဝက်ပါ မီးထွန်းပွဲတော်ကြီးကို မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက် စိတ္တသုခဘုန်းကြီးကျောင်းဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မီးထွန်းပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို စက်တင်ဘာ ၂၃ ရက်မှစ၍ စတင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဆဋ္ဌမအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဝက်ပါမီးထွန်းပွဲတော် ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်၍ စိတ္တသုခ ကျောင်းထိုင်ဆရာတော် ဉူးဓမ္မဝံသက "ဦးစွာ တောတောင်များမှာ မျှောတိုင်များကို မိမိလိုချင်တဲ့ အရွယ်ပမာဏ ရရှိအောင် ခက်ခက်ခဲခဲ သွားရောက်ခုတ်ယူ စုဆောင်းရပါတယ်၊ ပြီးတဲ့နောက်မှာ မီးထွန်းပွဲတော်ကျင်းပမယ့်နေရာ ၇၅ ပေပတ်လည်အကျယ် မြေပေါ်မှာ မျှောတိုင်ပေါင်း ၉၀၀ ကျော်ကို ညီညာအောင် ကြိုးတန်းပြီး ပန္နက်ရိုက်ပြီးတော့ အပေါ်တန်း၊ အောက်တန်းများကို ခိုင်ခံ့အောင် ချည်နှောင်ရပါတယ်၊ အဲဒီနောက်မှာ ဝက်ပါ ရုပ်လုံးပေါ်လာပြီဆိုရင် မုခ်ဦးအဝင်၊ အထွက်နဲ့ ဝက်ပါတစ်ခုလုံးအတွက် အလှမီးများကို အသေးစိတ် တပ်ဆင်ရတာဖြစ်တဲ့ အတွက် ကြိုတင်ပြင်ဆင်ချိန်က အနည်းဆုံး ၁၀ ရက်ထက်မနည်း ကြာမြင့်ပါတယ်"ဟု မိန့်ကြားသည်။

အဆိုပါ ဝက်ပါ မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်)အထိ ခြောက်ညတိုင်တိုင် မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်ရှိ စိတ္တသုခကျောင်းတိုက်အတွင်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကို စတင်ဖွင့်လှစ်သည့်နေ့မှစ၍ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် မီးထွန်းပွဲတော်ကို ပျော်ရွှင်စွာ ပူးပေါင်းဆင်နွှဲနိုင်သည့် အပြင် ဝက်ပါအတွင်း ပင့်ဆောင်ထားရှိသော နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား တစ်နေရာတည်းတွင် ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများကိုလည်း ကပ်လှူပူဇော်နိုင်မည်ဖြစ်သည်။

မိုင်းဖြတ်မြို့၌ ဝက်ပါ မီးထွန်းပွဲတော် ကျင်းပသည်မှာ ယခုနှစ်သည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်ကာ ပွဲတော် စတင်ကျင်းပသည့်နှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ပွဲတော်ကာလတွင် လာရောက်လည်ပတ်ဘုရားဖူးသော ဒေသခံပြည်သူများဖြင့် အထူး စည်ကားလေ့ရှိကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

ကနီမြို့နယ်ရှိ ကျေးရွာအတွင်းရေပေးဝေရေး ဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာ

ကနီ စက်တင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စီမံကိန်းစက်ဝန်း လုပ်ငန်းများအရ ညောင်သူမြားကျေးရွာ၌ ကျေးရွာတွင်းရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းရန် ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းရုံးမှ ဝန်ထမ်းများနှင့် ကျေးရွာရေပေးဝေရေးကော်မတီတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့သည်။

ညောင်သူများကျေးရွာတွင် ရေပေးဝေရေးလုပ်ငန်းကို ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ အိမ်တိုင်ရာရောက် ပိုက်လိုင်းများ သွယ်တန်းပေးမည်ဖြစ်ကြောင်း သိရသည်။ "ဒုတိယနှစ် လူထုဗဟိုပြုစီမံကိန်း စက်ဝန်းအရ ကျေးရွာအုပ်စု ၃၄ အုပ်စုက ကျေးရွာပေါင်း ၈၈ ရွာမှာ လုပ်ငန်းပေါင်း ၉၁ ခု အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ဒီလုပ်ငန်းများထဲမှာ ကျေးရွာအတွင်း ရေပေးဝေရေးအတွက် ရေစင် တည်ဆောက်ခြင်းလုပ်ငန်း သုံးခုနဲ့ ရေပိုက်လိုင်းတိုးချဲ့ခြင်း သုံးခု ပါဝင်ပါတယ်၊ အခု ညောင်သူများရွာက ရေစင်ရှိထားပြီးဖြစ်လို့ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းကိုပဲ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ရေလယ်ဗယ်ကို မြေပြင်ကွင်းဆင်းတိုင်းတာခြင်း ဖြစ်ပါတယ်"ဟု ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများက ရေပိုက်လိုင်းသွယ်တန်း၍ ကွင်းဆင်းတိုင်းတာနေစဉ်။

ညောင်သူမြားကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ထောင်စု ၁၂၀ ကျော်မှ ပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေများကို အိမ်တိုင်ရာရောက် ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းငွေအောင်(ကနီ)

လူငယ်နှင့် မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ငပုတောမြို့နယ်၌ကျင်းပ

ငပုတော စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လူငယ်နှင့် မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၃ ရက်က ကမ်းနီအခြေခံပညာထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နုနုအေးတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်ဝင်းနိုင်၊ ကျန်းမာရေးမှူး ဦးဟန်ဝင်းအောင်၊ မြို့နယ်ပညာရေးမှူးဦးအုန်းခင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးနေမျိုးဦးတို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်လာနိုင်သော ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား-(၄)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ သာမန်သုံးငွေ	အရေးပေါ်ရန်ပုံငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ ထုတ်ချေးငွေ	ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
၁	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၅၄,၇၉၆,၈၀၀	၆၀၀,၀၀၀		၄,၃၂၅,၀၀၀	၄,၁၀၄,၉၀၅					၆၄,၂၃၆,၇၀၅
၂	သမ္မတရုံး	၎င်း										
၃	ပြည်ထဲရေး	၎င်း	၃၉၉,၅၂၄,၂၆၇	၅,၀၀၀,၀၀၀	၂,၆၆၈,၉၇၅	၈၈,၇၉၅	၁၃၂,၈၀၅,၁၉၃					၅၃၉,၃၆၇,၆၃၀
၄	ကာကွယ်ရေး	၎င်း	၁,၉၂၈,၂၂၀,၅၉၁	၄,၀၀၀,၀၀၀	၅,၃၁၆,၁၇၉		၁,၄၃၃,၂၄၀,၅၂၃		၁၅,၀၄၃,၀၁၁			၃,၃၈၅,၈၂၀,၃၀၄
၅	နယ်စပ်ရေးရာ	၎င်း	၂၂,၀၇၇,၂၈၈	၁,၀၀၀,၀၀၀		၁၁,၁၇၅,၀၀၀	၈၂,၀၈၀,၀၈၄					၁၁၆,၃၃၂,၃၇၂
၆	နိုင်ငံတော်အတိုင်ပင်ခံရုံး	၎င်း	၁,၅၃၁,၂၆၁	၅၀၀,၀၀၀			၇၇,၈၃၉					၂,၁၀၉,၁၀၀
၇	ပြန်ကြားရေး	၎င်း	၆၀,၈၃၂,၂၅၄	၁၀၀,၀၀၀	၁၉,၀၇၇	၂၂၆,၆၇၂	၈,၉၅၅,၀၀၅		၃၂၅,၉၃၀			၇၀,၄၅၈,၈၉၉
၈	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	၎င်း	၆,၇၉၈,၅၀၀	၅၀၀,၀၀၀			၁,၀၅၁,၂၀၉					၈,၃၄၉,၇၀၉
၉	သာသနာရေးနှင့်ယဉ်ကျေးမှု	၎င်း	၂၀,၉၀၀,၉၁၆	၁၀၀,၀၀၀		၇,၁၇၈,၇၆၈	၅၀,၂၁၂,၈၇၀					၇၈,၄၀၂,၅၅၄
၁၀	စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း	၎င်း	၂၈၀,၂၉၄,၉၉၃	၅,၀၀၀,၀၀၀	၂၄,၂၉၉,၅၇၇	၈၂,၇၉၄,၄၈၀	၅၇၃,၂၀၃,၃၆၉		၁၀၆,၉၃၇,၁၅၀			၁,၀၇၃,၅၂၉,၅၇၉
၁၁	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	၎င်း	၆၅,၈၃၂,၂၅၆၀	၅,၀၀၀,၀၀၀	၁၅,၉၀၉,၀၈၄	၇၆၄,၅၅၀	၂၆၉,၅၂၄,၆၉၀		၆၆,၃၆၀,၅၃၅			၄၂၃,၃၉၂,၃၉၉
၁၂	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၎င်း	၃၇,၁၇၅,၉၆၈	၁၀၀,၀၀၀		၄၇၆,၀၇၈	၃၀,၅၄၉,၄၇၁					၆၈,၃၀၀,၅၀၇
၁၃	လျှပ်စစ်နှင့်စွမ်းအင်	၎င်း	၃၃,၈၇၄,၅၀၇	၅,၀၀၀,၀၀၀	၁၁,၃၀၄,၉၄၇	၇,၆၂၅	၇၆၈,၉၃၆,၆၉၇		၅၃,၇၂၃,၉၀၄			၈၇၆,၈၄၇,၆၈၀
၁၄	အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	၎င်း	၃၇,၃၁၈,၂၃၄	၁၀၀,၀၀၀		၇၂,၄၈၁	၄,၅၀၅,၅၈၂					၄၁,၉၉၆,၂၉၇
၁၅	စက်မှု	၎င်း	၉,၅၀၀,၁၁၈	၁၀၀,၀၀၀			၁၅,၉၁၈,၉၂၄					၂၅,၅၁၉,၀၄၂
၁၆	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	၎င်း	၁၄,၇၃၈,၅၁၆	၁၀၀,၀၀၀	၄,၀၀၈	၁၈၄,၃၈၂	၇,၉၂၆,၉၆၇			၅၀,၀၀၀		၂၃,၀၂၃,၈၇၃
၁၇	ပညာရေး	၎င်း	၁,၉၂၂,၄၀၀,၇၉၅	၅၀၀,၀၀၀	၉၁၅,၁၆၂	၇,၂၁၇,၁၆၂	၇၇၄,၉၃၄,၀၂၂					၂,၆၈၅,၉၆၇,၁၄၁
၁၈	ကျန်းမာရေးနှင့်အားကစား	၎င်း	၇၀၂,၆၆၉,၄၆၁	၃၀၀,၀၀၀	၈၇၆,၄၆၂	၃,၈၆၈,၆၉၆	၄၆၄,၇၇၄,၂၅၄					၁,၁၇၂,၀၈၈,၈၇၃
၁၉	စီမံကိန်းနှင့်ဘဏ္ဍာရေး	၎င်း	၄၁၀,၁၄၆,၅၇၉	၅၀,၀၀၀,၀၀၀	၂,၃၆၄,၀၀၆,၂၇၀	၁၀၄,၉၁၆,၂၆၆	၄၅,၉၄၆,၁၉၅	၆၄,၉၂၅,၁၃၀	၁၀၃,၃၁၇,၅၅၅	၅၈,၉၃၂,၇၁၂		၃,၄၀၂,၂၇၀,၆၆၇
၂၀	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး	၎င်း	၃,၅၈၀,၂၂၀	၁၀၀,၀၀၀		၁၂၅,၇၀၃	၂,၃၇၉,၃၆၄					၆,၁၈၆,၂၈၈
၂၁	ဆောက်လုပ်ရေး	၎င်း	၁၁၇,၄၀၂,၀၂၃	၅,၀၀၀,၀၀၀	၈၁၅,၈၆၉	၂၀,၃၉၅	၉၄၁,၇၈၀,၄၈၈					၁,၀၆၅,၀၁၈,၇၇၅
၂၂	လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	၎င်း	၁၀၀,၇၄၀,၇၅၄	၂,၂၀၀,၀၀၀		၇,၇၁၄,၆၀၉	၁၀,၂၃၅,၅၄၀					၁၂၀,၈၉၀,၉၀၃
၂၃	ဟိုတယ်နှင့်ခရီးသွားလာရေး	၎င်း	၁၀,၅၀၀,၃၂၃	၁၀၀,၀၀၀		၅၉၂,၂၀၅	၂၉၃,၃၁၂					၁၁,၄၉၀,၈၄၄
၂၄	တိုင်းရင်းသားလူမျိုးများရေးရာ	၎င်း	၂,၅၆၅,၄၇၉	၁၀၀,၀၀၀		၂၀၀,၀၀၀	၁,၄၅၅,၇၂၂					၄,၃၂၀,၂၀၁
၂၅	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး	၎င်း										
၂၆	ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ	၎င်း	၇၁၇,၀၀၀,၀၀၀									၇၁၇,၀၀၀,၀၀၀
၂၇	ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ	၎င်း	၁၂၀,၀၀၀,၀၀၀									၁၂၀,၀၀၀,၀၀၀
၂၈	ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ		၁,၀၀၀,၀၀၀		၁၇၄,၉၄၁,၄၈၆						၁၇၅,၉၄၁,၄၈၆
၂၉	ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၆၅,၀၁၉,၈၅၂						၆၆,၀၁၉,၈၅၂
၃၀	ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၉၆,၅၇၅,၅၇၆						၉၇,၅၇၅,၅၇၆
၃၁	ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၅၅,၇၆၆,၅၂၀						၁၅၆,၇၆၆,၅၂၀
၃၂	စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၂၀၉,၉၁၄,၁၉၈						၂၁၀,၉၁၄,၁၉၈
၃၃	တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၅၉,၇၁၅,၆၄၇						၁၆၀,၇၁၅,၆၄၇
၃၄	ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၄၈,၅၃၀,၆၆၃						၁၄၉,၅၃၀,၆၆၃
၃၅	မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၇၇,၅၅၂,၉၄၉						၁၇၈,၅၅၂,၉၄၉
၃၆	မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၇၇,၀၇၇,၇၈၉						၁၇၈,၀၇၇,၇၈၉
၃၇	မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၉၉,၆၅၇,၈၄၉						၁၀၀,၆၅၇,၈၄၉
၃၈	ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၆၉,၇၂၃,၈၇၆						၁၇၀,၇၂၃,၈၇၆
၃၉	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၂၆,၄၃၂,၀၆၂						၁၂၇,၄၃၂,၀၆၂
၄၀	ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၂၅၀,၆၈၉,၇၇၇						၂၅၁,၆၈၉,၇၇၇
၄၁	ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ	၎င်း		၁,၀၀၀,၀၀၀		၁၄၂,၉၆၂,၇၇၇						၁၄၃,၉၆၂,၇၇၇
၄၂	ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအတွက်တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေ	၎င်း				၃၁,၃၀၀,၀၀၀						၃၁,၃၀၀,၀၀၀
	ပေါင်း		၇,၀၈၃,၄၀၅,၃၉၂	၉၉,၅၀၀,၀၀၀	၂,၄၃၆,၁၅၅,၅၂၀	၂,၃၇၈,၄၇၄,၈၂၉	၅,၆၀၃,၉၃၆,၆၂၅	၆၄,၉၂၅,၁၃၀	၁၅၉,၇၀၉,၀၈၆	၅၉,၀၂၂,၇၁၂		၁၈,၂၆၅,၁၇၉,၂၉၄

ဆက်လက်ဖော်ပြပါမည်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေများ ပြင်ဆင်သတ်မှတ်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၉ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၇/၂၀၁၈)ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် နောင့်နေးသည့် ပေးပို့တင်ပြခြင်း အတွက် နောက်ကျကြေးအား သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာ၏ နောက်ဆက်တွဲဇယား(၁)တွင် သတ်မှတ်ဖော်ပြထားသော အခကြေးငွေများအနက် အောက်ဖော်ပြပါပုံစံများနှင့် စပ်လျဉ်းသည့် အခကြေးငွေများအား ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၁ရက်မှစတင်၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လျှောက်လွှာ (ပုံစံက-၁)အတွက် အခကြေးငွေအား ကျပ် ၂၅၀,၀၀၀မှ ကျပ် ၁၅၀,၀၀၀။

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လျှောက်လွှာ (ပုံစံက-၃) အတွက် အခကြေးငွေအား ကျပ် ၂၅၀,၀၀၀မှ ကျပ် ၁၅၀,၀၀၀။

(ဂ) တာဝန် ကန့်သတ်မထားသည့် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်း လျှောက်လွှာ (ပုံစံက-၄)အတွက် အခကြေးငွေအား ကျပ် ၂၅၀,၀၀၀မှ ကျပ် ၁၅၀,၀၀၀။

(ဃ) ၁၉၅၀ခုနှစ် အထူးကုမ္ပဏီများအက်ဥပဒေအရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လျှောက်လွှာ(ပုံစံက-၆)အတွက် အခကြေးငွေအား ကျပ် ၂၅၀,၀၀၀မှ ကျပ် ၁၅၀,၀၀၀။

(င) ပြည်ပ ကော်ပိုရေးရှင်း တစ်ခုအဖြစ် မှတ်ပုံတင်ခြင်း လျှောက်လွှာ(ပုံစံ က-၈) အတွက် အခကြေးငွေအား ကျပ် ၂၅၀,၀၀၀မှ ကျပ် ၁၅၀,၀၀၀။

(စ) နှစ်စဉ်အစီရင်ခံစာ တင်ပြခြင်းအတွက် အခကြေးငွေအား ကျပ် ၂၀,၀၀၀မှ ကျပ် ၅၀,၀၀၀။

(ဆ) ပြည်ပ ကော်ပိုရေးရှင်း၏ နှစ်စဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း အကြောင်းကြားစာ (ပုံစံ င-၇)အတွက် အခကြေးငွေအား ကျပ် ၂၀,၀၀၀မှ ကျပ် ၅၀,၀၀၀။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Amended Prescribed Fees and Late Lodgment Fees under the Myanmar Companies Law 2017

The Directorate of Investment and Company Administration issues the notification no (57/2018), prescribed fees and late lodgment fees under Myanmar Companies Law 2017 in the 9th July 2018:-

Among prescribed fees in schedule one to this notification, the following prescribed fees are amended by 1st October 2019:-

1. Prescribed fees shall be reduced from 250,000 Kyat to 150,000 for incorporation as a private company limited by shares (Form A-1).
2. Prescribed fees shall be reduced from 250,000 Kyat to 150,000 for incorporation as a company Limited by guarantee (Form A-3)
3. Prescribed fees shall be reduced from 250,000 Kyat to 150,000 for incorporation as an unlimited company (Form A-4).
4. Prescribed fees shall be reduced from 250,000 Kyat to 150,000 for registration as a private company limited by shares under the Special Company Act 1950 (Form A-6).
5. Prescribed fees shall be reduced from 250,000 Kyat to 150,000 for registration as an overseas corporation (Form A-8).
6. Prescribed fees shall be increased from 20,000 to 50,000 for Lodgment of Annual Return.
7. Prescribed fees shall be increased from 20,000 to 50,000 for Lodgment of Annual Return of Overseas Corporation (Form E-7).

Directorate of Investment and Company Administration

အရဏ်ဆွမ်းလောင်းလှူပွဲနှင့် အကြိုဧည့်ခံကျွေးမွေးခြင်းအခမ်းအနား ဖိတ်ကြားလွှာ

မြန်မာနိုင်ငံတရားရေးအရာရှိဟောင်းများအသင်း (AFJOM)၏ ပထမအကြိမ် အရဏ်ဆွမ်းလောင်းလှူခြင်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁၂ရက် (စနေနေ့) နံနက် ၄နာရီတွင် လောင်းလှူကုသိုလ်ပြုကြမည်ဖြစ်ပါသည်။

အရဏ်ဆွမ်းလောင်းလှူပွဲ အကြိုဧည့်ခံကျွေးမွေးခြင်းကို တစ်ဖက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံတရားရေးအရာရှိဟောင်းများအသင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း မြေပြိုမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ကြီးမှူးကျင်းပသော မြေပြိုမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ၊ ဘူမိဗေဒသိနောင်ပညာရှင်များ၊ မျိုးဆက်သစ် ဘူမိဗေဒကျောင်းသူ၊ ကျောင်းသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဟောပြောမည့် ပုဂ္ဂိုလ် - ဒေါက်တာချစ်ကိုကို (ဩစတြေးလျ)
ဟောပြောမည့်ခေါင်းစဉ် - **1. Introduction to Landslide Hazards and Risk Assessment**
2. Rational Approaches for Landslide Hazards and Risk Assessment
ဟောပြောမည့်ရက် - ၂၀၁၉ခုနှစ်၊ စက်တင်ဘာ ၂၈ ရက် (စနေနေ့)
ဟောပြောမည့်အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ
ဟောပြောမည့်နေရာ - **Function Hall**၊ တတိယထပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်- 1T(C/RB)/PROCUREMENT/REINFORCED STEE BAR/2019-2020

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Steel Bar)အရွယ် စုံ မက်ထရစ်တန်(၇၀၀၀)ကို ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၉-၂၀၁၉ရက်(ရုံးချိန်အတွင်း)

၃။ သံချောင်းလုံး နမူနာ နောက်ဆုံးပေးပို့ရမည့်ရက် - ၄-၁၀-၂၀၁၉ရက်((၁၆း၀၀)နာရီ

၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၀-၂၀၁၉ရက်(၁၆း၀၀)နာရီ

၅။ တင်ဒါဖွင့်မည့်ရက် - ၂၄-၁၀-၂၀၁၉ ရက်(တင်ဒါဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်။)

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ
ဖုန်း-၀၉-၈၆၃၄၅၃၄

အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ဇမ္ဗူဒီပလမ်း၊ အမှတ် (AA-217/218)နေ (ဘ)ဦးငွန်ကုန်း ၏ သမီး မငွန်သင်တလွဲအား မငွန်သင်ထွေး ၄/ဟခန(နိုင်)၀၂၂၅၆၈ ဟု ပြောင်းလဲခေါ်ပါရန်။ **မငွန်သင်ထွေး**

ဖခင် အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း (E)မှ နော်ဖောရှ၏ ဖခင်အမည်မှန်မှာ စောလေးဇယ် ၆/ပလန(နိုင်)၀၆၂၃၂ ဖြစ်ပါကြောင်း။
စောလေးဇယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ အထက(၅)မှ ဒေါ်အေးအေးမြင့်(လယ်/ပြ)၏ဖခင် ဦးအလင်း ၁၂/ရပသ(ပြ)၀၀၀၀၂၂နှင့် ဦးချင်ဖုတ်လင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအလင်း(ခ)ဦးချင်ဖုတ်လင်

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မသင်းသင်းဌေး၏ဖခင် ဦးသောင်း၏အမည်မှန်မှာ ဦးအောင်သောင်း ၉/ညဥန(နိုင်) ၀၃၇၄၄၉ ဖြစ်ပါကြောင်း။
ဦးအောင်သောင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8493၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(A)မှ မအိသက်ဝေ၏ဖခင် ဦးမြင့်ဝေ၏အမည်မှန်မှာ ဦးမြင့်ဌေ ၉/ညဥန(နိုင်)၁၄၃၁၆၇ ဖြစ်ပါကြောင်း။ **ဦးမြင့်ဌေ**

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(A)မှ မမေမြတ်နိုး၏ဖခင် ဦးဝင်းမော်၏အမည်မှန်မှာ ဦးလှမြင့်ဌေး ၈/ပခက(နိုင်) ၁၇၀၁၅၈ ဖြစ်ပါကြောင်း။ **ဦးလှမြင့်ဌေး**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့မှ အောက်တိုဘာလ ၃ရက်နေ့အထိ ကာလ အတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ (၂၀.၁၅)ပေခန့်မှ (၂၁.၄၂)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင်၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ(၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ပင်စင်ဦးစီးဌာန

၁။ ပင်စင်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ငွေလုံး/ငွေရင်းရန်ပုံငွေမှ နေပြည်တော်နှင့်ပြည်နယ်၊ တိုင်းဒေသကြီးရုံးများတွင် အောက်ပါအတိုင်း ဆောက်လုပ်ရေး(လုပ်ငန်းသစ်)ဆောင်ရွက်ရန်ရှိပါသည်။ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

